www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# မယ်မင်းဘုံ
၆




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

စိမ်းလန်းစိုပြည် ဆိုသည့်အတိုင်း စိမ်းလန်းနေသော သစ်ပင်များနှင့်အတူ ပန်းတင့်စေမည့် လေပြည်လေညင်းလေးတို့ကလည်း တသုန်သုန် တိုက်ခတ်နေသည်။

ပတ်ဝန်းကျင်မြင်ကွင်းက စိတ်ကြည်နူးဖို့ကောင်းသော်လည်း ထိုအလှအပတို့ကို မခံစားနိုင်သူက သူမ။ သူမစိတ်ထဲတွင် ဝန်တိုမှုတွေနှင့်သာ ပြည့်နှက်နေသည်။

ဘယ်လောက်လှပတဲ့ ပတ်ဝန်းကျင်ပဲ ဖြစ်ပါစေ သူမကတော့ သည်အလှအပတွေ မခံစားနိုင်သေး။ အချစ်ကြောင့်ဖြစ်နေသည့် ခံစားမှုသာ ရင်ဘတ်ထဲတွင် ဗလောင်ဆူနေသည်။

“မင်း ဘာဖြစ်တာလဲ စိုစိုရာ၊ ကျွတ် … စိတ်ပျက်ဖို့ကောင်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်လောက်အောင် ပြောထွက်လာခဲ့သည့် ချစ်သူရဲ့စကားကြောင့် သူမမှာ မျက်ရည်တွေ ဝေ့ဝဲတက်ချင်လာသည်အထိ ဝမ်းနည်းလာရသည်။ တကယ်ဆို သူကလည်း မှားသေးသည်။ သူ တောင်းပန်သင့်တာပေါ့။ အခုတော့ ...။

"ဖြစ်နေတာက ဘယ်သူလဲ၊ ကို့ကို ကျွန်မက ကောင်းကောင်းမွန်မွန် မေးနေတာကို ဘုတောနေတာ ဘယ်သူလဲ"

"စိုစို ... မင်း ဘာလို့ ဒီမေးခွန်းကိုပဲ ထပ်တလဲလဲ မေးနေရတာလဲ ...

ကိုယ် ပြောပြီးပြီလေ၊ ဝတ်ရည်က ကိုယ့်သူငယ်ချင်းပါဆို၊ ဒီ့ထက်ပိုပြီး ဘာထပ်ပြောရဦးမှာလဲ"

"သူငယ်ချင်း ... ယုံလောက်အောင်လည်း ပြောစမ်းပါကိုရယ်၊ ညာတယ်ဆိုရင်လည်း ယုတ္တိရှိမှပေါ့"

သူမစကားကြောင့် ကိုက စိတ်ပျက်သလို လက်တစ်ဖက်ကို ခါထုတ်လိုက်ပြီးမှ သူမဘက်သို့လှည့်ကာ ...

"ကိုယ့်ကို ညာတယ်ပြောရအောင် စိုစို့မှာ ဘာသက်သေရှိလို့လဲ"





ဒေါသူပုန်တွေ ထနေလိုက်တာများ ကိုရယ်။ ညာမနေစမ်းပါနဲ့။ ရှင့်ချစ်သူဟာ မျက်စိကန်းနေတဲ့သူမှ မဟုတ်တာ သက်သေလို့ တောင်းဆိုနေမှတော့ ကျွန်မ အားမနာနိုင်တော့ဘူးကို။

"ရှင် အဲဒီလောက် တောင်းဆိုနေမှတော့ ပြောတာပေါ့ကို၊ မနေ့ကညနေသုံးနာရီ ရွှေဘုံသာလမ်းက J'Donuts မှာ မိုးမမြင် လေမမြင် ဖြစ်နေကြတဲ့ ရှင်နဲ့ မေဝတ်ရည်ကို ကျွန်မ သေချာကိုမြင်ခဲ့တာ ...

တစ်ယောက်နဲ့တစ်ယောက် လူမြင်ကွင်းကြီးမှာ မုန့်ခွံ့ကျွေးပြီး ကြည်နူးနေကြတာ သူငယ်ချင်းတဲ့လား၊ ကဲ ... ရှင်းစမ်းပါဦး ကို"

သူမ၏အတိအကျ ပြောစကားကြောင့် ကို့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာထားကို ပြောင်းလိုက်ပြီး ...

"အေး ... ဟုတ်တယ်ကွာ၊ ဝတ်ရည်နဲ့ ငါ ကြိုက်နေကြတယ်၊ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ပြောမယ့်ပြောတော့လည်း တည့်တည့်ကြီးကို ပြောချလိုက်တာပါလား။ လောကမှာ ကိုယ်သိပ်ချစ်ရတဲ့ချစ်သူက ကိုယ့်ကိုသစ္စာဖောက်တာဟာ ဘယ်လောက်များ ရင်နာဖို့ကောင်းလိုက်ပါသလဲ။

သူမသည် ကို့ရဲ့မျက်နှာကို ကုတ်ဖဲ့ပြီး တစ်စစီဖြစ်သွားအောင်ကို ဆောင့်ဆွဲလိုက်ချင်သည်အထိ ဒေါသတို့သည် အလိပ်လိပ် တက်လာသည်။

"လူယုတ်မာ ... ရှင့်မှာ ချစ်သူငတ်တုတ်ရှိရဲ့သားနဲ့ နောက်တစ်ယောက်ကို တွဲတယ်၊ ထွီ ... ရွံဖို့ကောင်းလိုက်တာ၊ ရှင် အောက်တန်းကျလှချည်လား"

သူမရဲ့စကားကြောင့် သူဟာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ ဆံပင်တွေထဲသို့ လက်ကိုထိုးသွင်းပြီး ဖွလိုက်ရင်း သူမကို တစ်ချက်ငေးကြည့်ကာ ...

"အဲဒါ ဘာဖြစ်လဲကွာ၊ ဒီမှာ စိုစို၊ ငါ့မှာရည်းစားရှိတာ မိန်းမရှိတာမှ မဟုတ်တာကွ၊ မင်းနဲ့ငါ ရည်းစားဖြစ်နေသလို ဝတ်ရည်နဲ့ငါလည်း တွဲခွင့်ရှိတာပဲ ...





ဒါသစ္စာဖောက်တာ မဟုတ်ဘူးကွ ...

စစ်မှန်တဲ့ဘဝခရီးကို လျှောက်လှမ်းဖို့အတွက် ရွေးချယ်နေတာ"

ကို့ရဲ့စကားဟာ သူမရဲ့ရင်ဝကို ဖနောင့်နဲ့ ဆောင့်ကန်လိုက်သလိုပါပဲ။ သည်စကားတွေကြောင့်ပင် အရင်က သူ့ကို သေလောက်အောင် ချစ်ခဲ့မိတာကိုပဲ အပြစ်တင်မိကာ သူ့ကိုလည်း အတော်စက်ဆုပ်မိသွားသည်။

"နင့်လို ကောင်မျိုးလောက်ကတော့ မလွမ်းလောက်ဘူး ကတိုးမောင်၊ နင်နဲ့ငါ ဇာတ်လမ်းက ပြီးသွားပြီ"

"ဟား ... အဲဒါဆိုရင်တော့ ကျေးဇူးပဲ၊ မင်းလို ခပ်တုံးတုံး ကောင်မလေးမျိုးကို ငါ ဘာလို့တွဲခဲ့မိလဲ၊ ငါ့ကိုယ်ငါတောင် အံ့သြတယ်၊ အခုလို မင်းဘက်က စလမ်းခွဲမယ်ပြောတော့ အဆင်ပြေတာပေါ့ ... ဘိုင့်ဘိုင်"

"တောက် ... ကဲဟယ်"

သူမရဲ့ဒေါသတွေ ဆူတက်လာကာ သူ့ရဲ့စကားလုံးတွေအတွက် သူမရဲ့လက်တစ်ဖက်ကလည်း မြောက်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့ပါးပြင်ပေါ်သို့ လျှပ်စီးလက်သလိုကို ရောက်သွားတော့သည်။

အလွန်လျင်မြန်သည့် အချိန်ကာလမှာ ရောက်လာတဲ့ လက်ဝါးတစ်ခုကြောင့် သူ့ရဲ့ပါးတစ်ဖက် ပူခနဲ ဖြစ်သွားသည်။

“တောက် ... မင်းကွာ ... မင်း”

ဒေါသတွေ ရှူးရှူးရှဲရှဲ ထွက်နေသော ကတိုးမောင်ရဲ့ မျက်နှာကိုကြည့်ကာ သူမ အတော်လေး ကျေနပ်သွားသည်။

“နင်လို သစ္စာမရှိတဲ့သူအတွက် တန်ပြန်လက်ဆောင်လို့ မှတ်ထားလိုက် ...

ငါ့လို တန်ဖိုးရှိတဲ့မိန်းမမျိုးကိုတော့ နင် ဘယ်တော့မှ မမှန်းနဲ့ သေတောင် ရမှာမဟုတ်ဘူး”

စိတ်ရှိလက်ရှိ ပြောပြီးသည်နှင့် သူမသည် သူ့ရှေ့က ချာခနဲလှည့်ထွက်လာခဲ့သည်။

အခုချိန်မှာ သူမရဲ့စိတ်ထဲမှာ အဖြစ်ချင်ဆုံးက အိမ်သို့ အမြန်ပြန်ပြီး အားပါးတရ ငိုချလိုက်ဖို့ပဲဖြစ်သည်။





“ဟဲ့ ... စိုစို၊ ပြန်လာတာ စောလှချည်လား”

ရွှန်း၏မေးခွန်းကိုတောင် ပြန်မဖြေနိုင်ဘဲ စိုစိုသည် အခန်းထဲသို့သာ တစ်ချိုးတည်း ပြေးဝင်လာကာ တဟီးဟီးနှင့် ချုံးပွဲချ ငိုပစ်လိုက်တော့သည်။ စိုစိုရဲ့ငိုသံကြောင့် ရွှန်းသည်အခန်းထဲသို့ ပြူးပြူးပျာပျာ ဝင်လာပြီး စိုစိုရဲ့ပခုံးကို ကိုင်လှုပ်ကာ လှုပ်ယမ်းရင်း ...

“စိုစို ဘာဖြစ်တာလဲဟင်၊ ပြောစမ်းပါဦး”

စိုစိုသည် ဘာမှမပြောနိုင်သေးဘဲ ရွှန်း၏ရင်ခွင်တွင်းသို့ တိုးဝင်ကာ ငိုရှိုက်ရင်းဖြင့် ပြန်ဖြေလိုက်သည်။

“စိုစို ... ကိုနဲ့ လမ်းခွဲခဲ့ပြီ ရွှန်းရယ်၊ သူက စိုကိုသစ္စာဖောက်တယ်”

“ဟယ် ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် ပါးပြင်ပေါ်တွင် တလိမ့်လိမ့် ကျဆင်းနေသော မျက်ရည်စတွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီး ရွှန်းအား ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့သည်။

"ဘာ ... ရိုင်းစိုင်းလိုက်တာဟယ်၊ သူကလည်း သစ္စာမဲ့သေးတယ်၊ ငါ့တူမကိုလည်း ခပ်တုံးတုံးမိန်းမ မှတ်လား"

ငိုမဲ့မဲ့ မျက်နှာဖြင့်ပင် ရွှန်းကို ခေါင်းညိတ်ပြလိုက်တော့သည်။ စိုစိုရဲ့ မဲ့တဲ့တဲ့ပုံစံကိုကြည့်ရင်း ရွှန်းသည် အားမရသောလေသံဖြင့် ...

"ရင်နာစရာ ကောင်းလိုက်တာဟယ်၊ ရွှန်းရိပ်စိုရဲ့တူမ လုပ်နေပြီး နင့်ကို တုံးမလို့ အပြောခံရတာဟာ သိပ်ခံပြင်းဖို့ ကောင်းတာပဲ ...

ညည်းကလည်း ညည်းပဲ စိုစို၊ ရိုးလိုက်တာကပြော မနေနဲ့၊ အခု ကတိုးမောင် နောက်တစ်ယောက်ဆီ ပါသွားတာ နင် အသုံးမကျတာတွေကြောင့်လည်း ပါတယ်"

ရွှန်းရဲ့စကားကြောင့် စိုစိုသည် ပို၍ပင် ငိုချင်လာသည်။





"ရွှန်းနော် ... စိုက ဘာတွေများ လွဲမှားနေလို့လဲ"

"ဟယ် ... ကတိုးမောင် မွေးနေ့လုပ်တဲ့ နေ့ကတည်းက နင့်ကို ငါ ပြောပါတယ်၊ နင် အရမ်းတွေ J မဝင်ပါနဲ့ဆိုတာကို ပြောမရဘဲ ပြဿနာရှာလိုက်တာ၊ ပွဲမပျက်တာပဲ ကံကောင်းတယ်မှတ်၊ အဲဒါတွေလည်း ဟိုက တင်းနေတာ နေမှာပေါ့"

ရွှန်းက ခပ်ငေါ့ငေါ့ ပြောလိုက်မှပဲ စိုစို သွားသတိရမိတာက ကို့ရဲ့မွေးနေ့ပွဲလေးကိုဖြစ်သည်။ အဲဒီနေ့က ကို့ခြံထဲမှာ စိုစို မနက်ကတည်းက မွေးနေ့ကျင်းပဖို့ ရောက်နေခဲ့တာဖြစ်သည်။

စိုစိုသည် အနေအထိုင် အေးဆေးသော်လည်း အချစ်နှင့်ပတ်သက်လာရင်တော့ အမျက်ကြီးတတ်သူ ဖြစ်ပါသည်။ ကို့ကို လာအီနေသော ကောင်မလေးများကို အဲဒီမွေးနေ့ပွဲမှာ စိုစိုက နည်းမျိုးစုံ ပြဿနာရှာခဲ့တာ ကို့မွေးနေ့တောင် ပျက်လုနီးနီး ဖြစ်သွားသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ကိုက စိုစိုကို စကားမပြောတာ တစ်ပတ်တိတိ။ သိပ်ချစ်လွန်း၍ ဒေါသမထိန်းနိုင်ဘဲ အချ



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်သွားရတာပါဆိုပြီး မနည်းရှင်းပြ ချော့မော့မှ စိုစိုတို့ ပြန်အိုကေသွားကြရသည်။

အိုကေလို့မှ ဘာမှမကြာသေး မေဝတ်ရည် ဆိုသော မိန်းမနှင့် ပတ်သက်၍ ကိုနဲ့ စိုစိုတို့ အကြီးအကျယ် ကွိုင်တွေ ပူကာ ခုလိုပြတ်ကြသည့် အခြေအနေတောင် ရောက်လာခဲ့သည်။

"စိုလည်း သည်းခံတာပဲ၊ ဒါပေမဲ့ သူက အခုကိစ္စမှာတော့ အရမ်းလွန်တယ်၊ သစ္စာဖောက်တဲ့ အဆင့်တောင် ရောက်လာပြီ ရွှန်းရဲ့"

"ကဲပါ ... ဒါတွေထား၊ နေပါဦး စိုစို၊ နင်နဲ့ ကတိုးမောင်က တကယ်ပြတ်ကြပြီလား"

စိုစိုက လေးလေးတွဲ့တွဲ့ ခေါင်းတစ်ချက်ညိတ်ပြတော့ ရွှန်းက အသုံးပြုကာ မေးလေသည်။

"အခုလို လမ်းခွဲလိုက်တော့ နင် ဘယ်လိုခံစားရလဲ စိုစို"

ဩော် ... မေးရက်ပါ့ ရွှန်းရယ်။ စိုစိုသည် ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရဲ့သားနှင့်။ စိုစို၏ ချစ်လှစွာသော ရွှန်းသည် ဘယ်တော့မဆို စိုစို၏တိုးတိုးဖော်ဖြစ်သည်။





ဘာကိစ္စလေးပဲဖြစ်ဖြစ် ရွှန်းနှင့်တိုင်ပင်ပြီး အကြံဉာဏ်တောင်းပြီးမှ စိုစိုက အကောင်အထည် ဖော်တတ်တာဖြစ်သည်။

"ဟဲ့ ... စိုစို၊ မေးနေတယ်လေဟယ်"

"ရွှန်းရယ် ... ဒုက္ခပါပဲ၊ အရိုက်ခံရပါတယ်ဆိုမှ နာသလားမေးနေရသလားလို့၊ စို့နှလုံးသားတစ်ခုလုံး အောင့်မျက်နေတာပဲ"

"အဲဒါ အသည်းကွဲဖီလင်ပေါ့၊ အခုခေတ်မှာ မိန်းကလေးတွေ ယောကျ်ားလေးတွေ အသည်းကွဲကြတာ မဆန်းပါဘူးဟယ်၊ ဒါပေမဲ့ ညည်းပုံစံလိုတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်မနေဘူး၊ ကိုယ့်ပုံကိုယ် မှန်ထဲလည်း ပြန်ကြည့်ဦး ...

မျက်ရည်စီးကြောင်းနဲ့ အဲဒီဆံပင်ရှည်က စုတ်ဖွား၊ အသည်းကွဲတာတောင် နှစ်ဆယ့်လေးနာရီ မပြည့်သေးဘူး ညည်းပုံစံက ရူးနှာရှိုက်ကုန်းပုံ ပေါက်နေပြီ"

ရွှန်းက ပျစ်ပျစ်နှစ်နှစ် ပြောချမှပဲ စိုစိုသည် ကိုယ့်ပါးပြင် ကိုယ်ပြန်စမ်းရသည်။ ခြောက်စပြုနေပြီဖြစ်သော မျက်ရည်တို့ဖြင့် လူမမာရုပ် ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... စိတ်ပျက်စရာ။

"အင်း ... ငါ့တူမလေးလည်း အချစ်နဲ့ပတ်သက်ပြီး မျက်ရည်ကျနေရရှာပြီး၊ အရမ်းကြီးတော့ မခံစားလိုက်ပါနဲ့ စိုစိုရယ်၊ ကတိုးမောင်က စိုစို့အချစ်ဦး ဆိုပေမယ့်လည်း ပြီးသွားပြီလေ၊ ကတိုးမောင်ဟာ ငါ့တူမလေးနဲ့ မထိုက်တန်လို့ ပြတ်သွားတယ်လို့ပဲ သဘောထားလိုက်ပါ ...

စိုစိုနဲ့ ကတိုးမောင် စ,ကြိုက်တုန်းက စိုစိုလည်း ငယ်သေးတယ်လေ၊ ငယ်စဉ်ရည်းစားထားချိန်မှာ ကလေးဆန်စိတ်တွေ များနေတော့ ပြတ်သွားကြတာပဲ၊ နောက်ပြီး ကတိုးမောင်ကလည်း စိုစို့အပေါ်ကို သစ္စာမရှိဘူး၊ ဒီလိုကောင်မျိုးအတွက် မလွမ်းလောက်ပါဘူးဟယ်"

ရွှန်းရဲ့စကားတို့ကို နားထောင်နေရင်းက စိုစိုသည် မျက်ရည်တွေ ကျလာပြန်သည်။ ရွှန်းပြောတာ လွယ်ပေမယ့် စိုစိုက ကို့ကို နင့်နေအောင် ချစ်ခဲ့တဲ့အတွက် လွမ်းရတာပေါ့ ရွှန်းရယ်။





နင့်ပုံကိုကြည့်ပြီး အဘွားကြီးအိုပုံစံနဲ့ ဒါတွေကို ပြောင်းပစ်လိုက်၊ စိတ်သစ်နဲ့ သူ့ကို နောင်တရသွားအောင် လုပ်လိုက်စမ်းပါ"

ရွှန်း ပြောသည့်အတိုင်းဆို စိုစိုက ပုံစံတွေ ပြောင်းရမှာပေါ့။ အင်း ... ရွှန်း ပြောတာလည်း မမှားပေ။ စိုစို၏ပုံစံမှာ ခပ်တုံးတုံးနှင့် ရိုးရိုးပင်ဖြစ်သည်။

ခါးထိရှည်နေသော ဆံပင်တို့ကို ကာလာတွေလည်း မထည့်၊ ပေါင်းလည်းမတင်ဘဲ ခပ်ရိုးရိုးဖြစ်သည်။ အမြဲပင် ရင်ဖုံးနှင့် ထဘီရှည်ကို ဝတ်တတ်သော စိုစိုဟာ ကတိုးမောင်လို ခေတ်ရှေ့ပြေးသူနှင့် ချစ်ကြိုက်ခဲ့တာကတော့ ဆန်းလည်း ဆန်းလှပေသည်။

"အဲဒါဆို စို ဘာလုပ်ရမလဲ"

"ရော် ... ပြောပြီးပါကော၊ နင့်ပုံစံကို ပြောင်းပစ်မယ်၊ စိုစိုဆိုတာ နောက်ထပ်အသစ်တစ်ယောက် ဖြစ်သွားတဲ့အထိကို ပြောင်းလဲပစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... စိုစိုက ဘာတွေကို ပြောင်းလဲပစ်ရမှာလဲ။

"ရွှန်း ... အဲဒီလို ပြောင်းပစ်တော့ကော ဘာဖြစ်မှာမို့လို့လဲ"

"ဟင်း ... ဟင်း ... ကတိုးမောင်ဆိုတဲ့ အကောင်ဟာ နင်နဲ့လမ်းခွဲမိတာ မှားရက်လေခြင်းဆိုတဲ့ နောင်တ,တရားကို ရင်မှာပိုက်သွားစေမှာပေါ့ဟယ်"

"ဒါဆိုရင် စိုစို ဘယ်လို ပုံစံပြောင်းရမှာလဲ"

"ငါ့ကို အားကိုးလိုက်စမ်းပါဟယ်၊ ဒီနေ့တော့ စိုစို နားတော့၊ ဆောင်းဦးလှိုင် သီချင်းလိုပေါ့ဟာ၊ အသည်းကွဲရင် တစ်ရက်ပဲငိုပါ ဆိုသလိုပေါ့၊ စိုစို ဒီတစ်ရက်တော့ ရေလည်ခံစားလိုက်၊ မနက်ဖြန်ကစပြီး ပုံစံပြောင်းလိုက် ...

ဘယ်လိုလဲ အိုကေနော်"

ရွှန်းက မေးဆတ်ပြီး မေးဟန်ပြုလျှင် စိုစိုက ခပ်ငိုင်ငိုင် ငေးကြည့်နေပြီးမှ ဆုံးဖြတ်ချက် ချလိုက်တော့သည်။ စိုစို ကတိုးမောင်ကို နောင်တရစေချင်သည်။





အဲ့ဒါကြောင့်မို့ ရွှန်း စိတ်တိုင်းကျ ပုံသွင်းပါသော စိုစို့အတွက် ဒီတစ်ခါလည်း အသည်းနှလုံးတစ်ခုလုံးကို ရွှန်းလက်ထဲ ဝ,ကွက်အပ်လိုက်တော့မည့်စိတ်ဖြင့် ခေါင်းကို တစ်ချက်တည်း ညိတ်ချပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ညက တော်တော်နှင့် အိပ်မပျော်နိုင်သည်မို့ မနက်ကျတော့ အိပ်ရာထ နောက်ကျတော့သည်။ အိပ်ရာက ထပြီးသည်နှင့် ကိုယ်လက်သန့်စင်ကာ ဒိုင်းနင်းရွမ်းထဲသို့ ဝင်လာခဲ့သည်။

စိုစို၏စိတ်ထဲတွင် ရှိနေသည်က မနက်စာကို အပီတွယ်ဖို့ပဲဖြစ်သည်။ တစ်ညလုံး ဘာမှမစားဘဲ အသည်းကွဲရောဂါဖြင့် အသေအလဲ ငိုနေသော စိုစိုသည် မိုးစင်စင်လင်းကာ အိပ်ရာနိုးပါမှ ဗိုက်ဆာရကောင်းမှန်း သိတော့သည်။

"ဟိုင်း ... စိုစို မောနင်း၊ လာ ... ဒီမှာ ညည်းစားဖို့ မြီးရှည် ဝယ်ထားတယ်၊ လာစားချည်"





စိုစိုသည် ဟန်တောင်မဆောင်နိုင်တော့ဘဲ ရွှန်းပြင်ဆင်ပေးထားသည့် မြီးရှည်ကို အားရပါးရ စားလေတော့သည်။ စိုစို့အတွက် ကော်ဖီဖျော်ပေးနေရင်းမှ ရွှန်းက ရယ်ကျဲကျဲမျက်နှာဖြင့် မေး၏။

"ဘယ်လိုလဲ ... အသည်းကွဲပြီးမှစားတဲ့ မြီးရှည်အရသာ သိပ်မကောင်းဘူးထင်တယ်၊ လောက်တောင် မလောက်ဘူး၊ အခုကော နေလို့ ထိုင်လို့ ကောင်းသွားပြီလား"

"ဒီလိုပါပဲ ရွှန်းရယ်"

"ကဲပါ ... စားပြီးရင် ရေမိုးချိုး အဝတ်အစားလဲ၊ အပြင်သွားမယ်"

ရွှန်း စကားကြောင့် စိုစို စိတ်တောင်ညစ်သွားရသည်။ အသည်းကွဲနေတဲ့ သူတစ်ယောက်အတွက် ဘယ်လိုလုပ်အပြင်သွားချင်စိတ် ရှိမှာတုန်း။ မစာမနာ၊ ဒါကြောင့် ဒီအပျိုကြီးခုထိ မစုံသေးတာ။

"မသွားချင်ပါဘူး ရွှန်းရယ်၊ အေးဆေးနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... ညည်းပဲ tomorrow မှာ ပုံစံ change မယ်ဆို၊ မရဘူးနော် လိုက်ခဲ့ရမှာပဲ"

ဘယ်လိုပြောပြော လက်မခံသည့် သည်အန်တီပေါက်စ ရှန်းကြောင့် ခက်လှချည်ရဲ့။ ခုချိန်မှာ 'စိုစိုဟာ မျိုးကြီးသီချင်းလို ဖြစ်နေတဲ့ဟာကို။

"ကန်တော်ကြီး ... အင်းလျားလည်း မသွားချင် ... ကိုယ်လေ မသွားဘူး ... ပြန်မြင်ယောင်ကာ ... ဆွေးနိုင်တယ် ... နှစ်ယောက်သား သွားဖူးတဲ့ ... ဘုရားပေါ်က ခိုလေးများ ... ကိုယ်လာရင် မေးငေါ့ကြမလား ... အကြောင်းအမျိုးမျိုးရှိလို့ ... ကိုယ်နီးရခက်တော့ ... ထိုင်နေကြရှေ့က မင်းရှိရာ ... ခုံလေးသို့ ... အရင်လို မကြည့်ဝံ့ဘူး"

စိုစိုသည် အခုမှ တကယ့်ကို အဲဒီသီချင်းလိုကို ဖြစ်နေသည်။ စနေ၊ တနင်္ဂနွေကတော့ သင်တန်းပိတ်၍ ကိစ္စမရှိ။ တနင်္လာကနေ သောကြာအထိ တက်ရမည့်သင်တန်းမှာ သူလည်းပါနေသည်။ ဘယ်လိုနှလုံးသားနဲ့ သင်တန်းသွားရမလဲ မသိတော့။

"ဟဲ့ ... စိုစို၊ သွားမယ်လေ ပြင်တော့"





ငြင်းနေလည်း ရမှာမဟုတ်တော့သည့်အဆုံး စိုစိုသည် ရေမြန်မြန်ချိုးကာ သနပ်ခါးကျဲကျဲလိမ်းကာ အကျီလဲ၍ ထွက်လာခဲ့တော့သည်။

စိတ်မပါစွာဖြင့် ရှန်းနှင့်အတူ လိုက်လာရသော်လည်း စိုစိုသည် အတွေးထဲမှာကတော့ ဒီအချိန်ဆို အရင်တုန်းက ကိုက စိုစို့ဆီ ဖုန်းဆက်ကာ ထွေရာလေးပါး 'ပြောနေကြအချိန်ကို စိတ်ရောက်နေတာဖြစ်သည်။

ဘာလို့များ သစ္စာမဲ့တာလဲ ကိုရယ်။

"ကဲ ... ရောက်ပြီ၊ ဆင်းတော့"

ရှန်းက ဆင်းဆိုလို့သာ ဆင်းတယ်။ အခုမှကြည့်မိတာက ရှန်း ခေါ်လာသောနေရာမှာ beauty saloon ဆီပဲ ဖြစ်သည်။

"အား ... ရှန်းရယ်၊ ရှန်း ရှိုင်းဖို့ကိုများ စို့ကို ခေါ်လာသေးတယ်"

"ငါ ရှိုင်းဖို့ မဟုတ်ဘူး စိုစို၊ ညည်း ရှိုင်းဖို့၊ ကဲ ... လာစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စိုစို့ကို ဆိုင်ထဲရောက်သောအခါ ရွှန်းနှင့် ခင်မင်ရင်းနှီးနေသော hair stylist ကို စိုစို့အား ပုံပြောင်းဖို့ ပြောလေသည်။

"ခင်ရေ ... သူ့ကို ခင့်လက်ထဲ အပ်လိုက်ပြီ၊ အလန်းစားဖြစ်သွားအောင် လက်စွမ်းပြလိုက်ပါဦး"

"အာ ... ရွှန်း၊ စို မလုပ်ချင်ပါဘူး"

စိုစိုက အကြောက်အကန် ငြင်းနေသည်ကို ရွှန်းက ခပ်ပြုံးပြုံးမျက်နှာဖြင့် စိုစို့ကို စကားဆိုလေသည်။ သည်စကားတစ်ခွန်းတည်းနှင့်ပဲ စိုစို၏ငြင်းဆန်မှုအားလုံးသည် အရည်ပျော်သွားတော့သည်။

"ကတိုးမောင်ရဲ့နောင်တတွေကို နင် လိုချင်ရင်တော့ ပုံစံပြောင်းပေါ့ဟယ်"

ရွှန်းရဲ့စကားကို နားထောင်ကာ စိုစိုက ခေါင်းညိတ်ပြလျှင်တော့ အဲဒီအစ်မက စိုစို့ကို စတင်ဒီဇိုင်းဆင်လေတော့သည်။ အချိန်တွေကြာလို့ ကြာမှန်းလည်း မသိတော့စွာဖြင့် ဆံပင်ကို ခေါင်းလျှော်၊ ညှပ်၊ ဆေးဆိုး အမျိုးစုံ ပြုပြင်ပြင်ဆင်ပြီးသွားသောအခါ စိုစိုသည် ကိုယ့်ပုံကိုယ်တောင် သိပ်မမှတ်မိချင်တော့။





ခါးထိရှည်နေသော ဆံနွယ်ရှည်တို့မှာ အားလုံးပြီးစီးသွားသောအခါ ကျောလယ်မရှိတရှိလောက်ပဲ ကျန်တော့သည်။ ယခင်က စင်းမြနက်မှောင်နေသော ဆံပင်စင်းစင်းရှည်ရှည်တို့နေရာမှာ wave သဏ္ဍာန် ဆံပင်ပုံစံနှင့်အတူ ညိုရိပ်သမ်းဆံပင်အရောင်တို့က အစားထိုး ဝင်ရောက်သွားသည်။

မျက်နှာကတော့ ပေါင်းတင်ထားသောကြောင့် နူးညံ့ဝင်းဖန့်ကာ လတ်ဆတ်နေသည်။ ဖြတ်ချလိုက်ရသည့် ဆံပင်တွေကို နှမြောပေမယ့် ဒီဆံပင်ပုံလေးက မဆိုးဘူးဟု တွေးမိပါသည်။

"ဟား ... လုံးဝမိုက်သွားပြီ စိုစိုရယ်၊ တကယ် အသစ်ပဲ၊ အဲ ... ဒါပေမဲ့ တစ်ခုလိုသေးတယ်"

"ဘာ ... ဘာလုပ်ဦးမှာလဲဟင်"

"မလန့်ပါနဲ့ စိုစိုရယ်၊ ရော့ ... ဒါတွေသွားပြီးလဲလာခဲ့"

Beauty Saloon က ကောင်မလေးတွေက စိုစို့ကို အဝတ်လဲခန်းသို့ လိုက်ပို့သဖြင့် စိုစိုက ရွှန်းပေးသည့် အဝတ်အစားတွေကို လဲလှယ်လိုက်သည်။ စိုစို့ အားလုံး ပြင်ဆင်ပြီးသွားချိန်မှာတော့ ရွှန်းနှင့်အတူ ဆိုင်ကကောင်မလေးတွေကပါ လှတယ်



www.burmeseclassic.com

www.burmeseclassic.com



ချိုးမွမ်းတော့ ညစ်နေတဲ့စိတ်တွေပျောက်ကာ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာတော့သည်။

အဲဒီကအပြန်မှာတော့ ရှန်းသည် စိုစို့ကို Shopping Mall တွေ လိုက်ပို့ကာ အဝတ်အစားတွေ ဖိနပ်တွေ Accessories တွေ စုံစိအောင်ကို ဝယ်ပေးတော့သည်။

တစ်နေကုန် ခြေတိုအောင် လျှောက်ရသော စိုစိုမှာတော့ တော်တော့်ကို ပင်ပန်းချေပြီ။ ရှန်းကတော့ ပင်ပန်းဟန်မပြဘဲ ပျော်ရွှင်နေပုံပင်။

"ရှန်း ... တော်လောက်ပါပြီ၊ ခြေထောက်တွေလည်း ညောင်းလှပြီ"

"အေးပါဟယ်၊ ပြီးရင် ဖုဒ်ကော့မှာ သွားစားတာပေါ့"

စိုစိုနှင့် ရှန်းသည် ဖုဒ်ကော့မှာ ဝင်စားကြရင်းနှင့် ရှန်းကတော့ စိုစို့ကို ပြောချင်သမျှကို အစုံအလင် ပြောလေတော့သည်။

"စိုစို ဒီနေ့ကစပြီး နင်ဟာ စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို တည်ဆောက်မယ့် သစ်စွက်စိုစို ဖြစ်သွားပြီနော်၊





အရင်တုန်းကလို အားငယ်တာတွေ အသည်းကွဲတာတွေစတဲ့ ခပ်ပိန်းပိန်း အတွေးတွေကို မောင်းထုတ်လိုက် ...

အခုကစပြီး ခေတ်နဲ့လိုက်လျောညီထွေ နေတတ်တဲ့ မိန်းမ ဖြစ်သွားပြီနော် ... ဟုတ်လား"

ရှန်းရဲ့စကား ကြားရတော့ စိုစိုသည် ဟင်းခနဲ သက်ပြင်းရှည်ကြီး တစ်ခုကို ချလိုက်တော့သည်။

"ဟယ် ... စိုစိုရယ်၊ နင့်မျက်နှာကိုလည်း ကြည့်ဦး၊ အီးမှန်ထားတဲ့ရုပ်နဲ့၊ နင် ဒီလိုသာ ကုပ်ချိချိလုပ်နေရင်တော့ ကတိုးမောင်က နင့်အတွက် ဘာနောင်တမှ ရှိမှာမဟုတ်ဘူး"

"အဲဒါဆို စိုက ဘယ်လိုနေရမှာလဲ"

"သွက်လက်ပွင့်လင်းတဲ့ ပုံစံမျိုးနဲ့နေပေါ့ဟဲ့၊ နင့်အဒေါ်ငါ့ကိုကြည့်စမ်း၊ ဘယ်လောက် ခေတ်မီသလဲ စိုစိုရယ်၊ နင်က ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘာလို့များ အခုလို ကုပ်ချိချိ ဖြစ်နေတာလဲ"

ရှန်းပြောတာလည်း ဟုတ်တော့ ဟုတ်သည်။ ရှန်းနှင့် စိုစိုသည် အသက်ဆယ်နှစ်လောက်သာ ကွာသဖြင့် မသိရင်



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မလို့ပင် ထင်ရသည်။ ရွှန်းကတောင် တစ်ခါတစ်ခါ ငယ်နေသယောင်။

ရွှန်းသည် ခေတ်မီ၍ စတိုင်လ်ရှိကာ ယောကျ်ားတွေနှင့် ရင်ဘောင်တန်း၍ လုပ်ကိုင်နိုင်သည့်စွမ်းရည်ရှိသည်။ လက်ရှိတွင် Export လုပ်ငန်းကြီးကို ဦးစီးလုပ်ကိုင်နေသူလည်းဖြစ်သည်။

အသက်လေးမှ သုံးဆယ်ကျော်ကာ ရှိသေးပေမယ့် ရွှန်း၏ ထူးချွန်မှုတွေကြောင့် စီးပွားရေးလောကတွင် နာမည်တစ်လုံးနှင့် ရပ်တည်နေသူ။ စိုစိုရဲ့မိဘတွေ မရှိတော့ကတည်းက စိုစိုဟာ ဒီအန်တီလေးကိုသာ အားကိုး၍ နေခဲ့ရသည်။

မိဘအမွေကို စိုစို့နာမည်နှင့် ဘဏ်ထဲမှာ ထည့်ထားပေးပြီး စိုစို၏စရိတ်စက အစစအရာရာ အားလုံးကို ရွှန်းကသာ တာဝန်ယူခဲ့သည်။ ရွှန်းက စိုစိုရဲ့တစ်ဦးတည်းသော အားကိုးရာဖြစ်သည်။

"စိုစို အခုတက်နေတဲ့ သင်တန်းတွေကို ညနေပိုင်းရွှေ့လို့ရရင် ရွှေ့လိုက်၊ ကတိုးမောင်နဲ့ အချိန်မတူစေနဲ့"

"ဟင် ... ဘာလို့လဲ ရွှန်း"





"ဘာဖြစ်ရမလဲ၊ နင့်ကို ကတိုးမောင် မတွေ့အောင်လို့ပေါ့၊ ခုချိန်မှာ စိုစိုက ဒီခိုင်းအသစ်နဲ့ အထာမကျသေးတော့ အထာကျအောင် လုပ်ရဦးမယ်၊ ကိုယ့်ပုံစံက လုံးဝ smart ဖြစ်သွားပြီဆိုမှ ကတိုးမောင်နဲ့ section တူ တက်ရမယ်"

စိုစိုသည် အအေးပိုက်ကို စုပ်နေရင်းက ရွှန်းကို လှမ်းပြောလိုက်လေသည်။

"ရွှန်းရယ် ... အခုသင်တန်းက ပြီးပဲပြီးတော့မယ့်ဟာ၊ ရွှေ့မနေပါနဲ့တော့"

"ရွှေ့ရမယ်၊ နောက် level တက်တဲ့အခါမှ ကတိုးမောင်နဲ့ section တူ လိုက်တက်ရမယ်"

"ဘာလို့လဲ ရွှန်း၊ အကြောင်းရှိလို့လား"

"အင်း ... ရှိတာပေါ့ဟဲ့၊ ပြောရရင်တော့ နင့်ကို သူ့ခေါင်းထဲမှာ အမှတ်ခံထားမယ့် သဘောပေါ့ဟယ်၊ သူကောင်မလေးတွေနဲ့တွဲစမ်းပါစေ၊ စိုစိုကသာ သူ မတွေ့အောင်နေ ...

ဒီသင်တန်းပြီးလို့ နောက်ထပ် level တက်ပြီဆိုမှ အရင်ကနဲ့ လားလားမှမဆိုင်တဲ့ သစ်လွင်စိုစိုကို သူတွေ့သွားစေရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရွှန်း ပြောတာ နားလည်ပါတယ်နော် စိုစို”

အင်း … စိုစိုဟာ သူ့ကို ခွဲနိုင်ပါ့မလား။ အို … သူဟာ ငါ့ကို သစ္စာဖောက်ထားတဲ့သူပဲ။ ငါ မုန်းရမှာပေါ့။

“စိုစို … အကယ်၍များ သူဟာ စိုစို့ကို လမ်းခွဲလိုက်လို့ နောင်တ,တရားတွေ ရင်မှာပိုက်ပြီး စိုစို့ဆီ ပြန်လာမယ်ဆို ရင် နင် ဘယ်လိုဆုံးဖြတ်မှာလဲ စိုစို”

ရွှန်းရဲ့မေးခွန်းကြောင့် စိုစို ငိုင်ခနဲ ဖြစ်သွားရသည်။ ကိုသာ စိုစို့ဆီ ပြန်တိမ်းညွတ်လာခဲ့ရင် စိုစိုဟာ ဝမ်းပန်းတသာ နှင့် လက်ခံရမည်လား။ ဒါမှမဟုတ် ခါးခါးသီးသီး ပြောပြီး လမ်းခွဲရမှာလား။

အဲဒီအဖြေအတွက် စိုစိုသည် ဘာဆိုပြီးတော့ မဝေ ကွဲပါ။ လောလောဆယ်မှာ စိုစိုဟာ ကို့ကို စိတ်နာသည်။ အဲဒါ ကတော့ သေချာသည်။ ရွှန်းက ဖြေလေဟု ထပ်မေးလျှင် စိုစို သည် ဘာစကားမှ ပြန်မပြောဘဲ မချိပြုံးတစ်ခုသာ ပြုံးပြနိုင်ခဲ့ပါ သည်။

❦ ○ ❦





ရိုးသားစွာ ဝန်ခံရရင်ဖြင့်
အချစ်သည် သူ့အတွက်တော့
အဆုံးအစမရှိသည့် ကောင်းကင်ကြီးပင်။
အချစ်ဆိုသည့် စာလုံးနှစ်လုံးအတွင်းမှာ
မြောက်မြားစွာသော အသည်းနှလုံးတို့ တည်ရှိနေကြသည်။
ထိုကဲ့သို့သော …
အဆုံးအစမရှိသည့် ကောင်းကင်ကြီး၌
မြောက်မြားစွာသော အသည်းနှလုံးတို့ကို
သူဟာ အောင်မြင်စွာ ထုဆစ်ပုံဖော်နိုင်ခဲ့သူဖြစ်သည်။
တစ်နေ့နေ့ တစ်ချိန်ချိန် …
သူ့အသည်းနှလုံးကို သူကိုယ်တိုင် ပုံဖော်ထုဆစ်ခဲ့ရင်ဖြင့် …

ရစနောင်းထင်

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က ရင်ခွင်တစ်ခုလုံး ပေးထားပေမယ့်

မင်းကတော့ ကိုယ့်ကို စကားခါးခါးတွေနဲ့ တုံ့ပြန်တယ်

ကိုယ်က အချစ်ကို ချိုသလား ခါးသလား မြည်းကြည့်နေ တာ

မဟုတ်ဘူး။

အသည်းကွဲခဲ့ဖူးပေမယ့်

ဒီတစ်ခါ ကတော့ ရင်ပါကွဲသွားတာ။

မင်း သိပ်ရက်စက်တယ် ဟန်ဓနေ။

၀



၂

ပုဒ်မနှစ်ချောင်းကို ချလိုက်ပြီးသည်နှင့် ထင်သည် အပြုံးတစ်ခုကို ပြုံးလိုက်မိသည်။ စားပွဲတင်နာရီလေးက နေ့လယ် (၂)နာရီ(၁၅)မိနစ်တိတိကို ညွှန်ပြနေသဖြင့် စာအုပ်ထဲတွင် နေ့စွဲနှင့်အချိန်ကိုမှတ်ကာ ရေးလိုက်ပြီး စာအုပ်ကို ပိတ်လိုက်တော့သည်။ ညောင်းချိနေသော သူ့ရဲ့လက်ဆစ်တွေကို တဂျွတ်ဂျွတ်နှင့် ချိုးလိုက်ရင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဟော ... ရေးလို့ ပြီးသွားပြီလား ညီ"

ထင်သည် ပြုံး၍ ခေါင်းညိတ်ပြလိုက်ကာ ကိုကြီးရှိရာသို့ လျှောက်လာခဲ့သည်။ ကိုကြီးရဲ့မျက်နှာသည် အင်မတန်မှ ကြည်လင်ကာ ဘယ်တော့ပဲဖြစ်ဖြစ် ရှင်းသန့်နေသည်။ ထင်က ကိုကြီးရဲ့ဘေးက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပြီးသွားပြီ ကိုကြီးရေ၊ စိတ်ထဲမှာ ပေါ့သွားတာပဲ"

"ဟား ... ငါ့ညီကတော့ကွာ၊ ကဲ ... ဒီနေ့ညနေ Dinner ကို အပြင်မှာ ကိုကြီးတို့ စားကြမယ်၊ ညီ့ရဲ့လုံးချင်းဝတ္ထု ပြီးသွားတဲ့ အထိမ်းအမှတ်ပေါ့၊ ဘယ်လိုလဲ"

"good အရမ်းမိုက်တဲ့ အစီအစဉ်ပေါ့ ကိုကြီးရာ"

ထင့်အပြောကို ကိုကြီးက အသာပြုံးကာ ပခုံးကို ခပ်ဖွဖွ ပုတ်ပေးပြီး ...

"ကဲ ... ဒါဆိုလည်း ကိုကြီး ကိုဘဦးတို့နဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်၊ ညီ အခာင်သင့်လုပ်ထား၊ ကိုကြီး လာတာနဲ့သွားမယ်"

ထင်က ခေါင်းဆတ်ပြလိုက်ကာ ကိုကြီးကို နှုတ်ဆက်လိုက်သည်။ ကိုကြီးထွက်သွားသည်နှင့် ထင်သည် သီချင်းဖွင့်ကာ ညည်းဆိုရင်း မျက်ဝန်းများကို မှေးမှိတ်ထားလိုက်သည်။

ခဏလောက် အနားယူပြီးသည့် အခါတွင်တော့ ထင်သည် ရေကိုစိမ်ပြေနပြေချိုးကာ dinner စားဖို့ ပြင်တော့သည်။ ကြက်သွေးရောင် polo စပို့ရှပ်ကို ချည်သားကွာတားဘောင်းဘီဖြင့် ပေါ့ပါးစွာ ဝတ်ဆင်လိုက်သည်။





သူ့ရဲ့ရုပ်ရည်ဟာ ဖေဖေ့ဆီမှ မြင့်မားသောအရပ်အမောင်းနှင့် လေးကိုင်းသဏ္ဌာန် နီရဲစိုပြေသည့် နှုတ်ခမ်းတစ်စုံကို အမွေရထားသလို မေမေ့ဆီမှ ဝါဖွေနွယ်သွေးသော အသားအရေကို အပိုင်စားရထားသဖြင့် တော်တော်လေးကို သန့်စင်ကာချောသည်ဟုတောင် ပြောလို့ရပါသည်။

ဘဝမှာ အလိုရှိရာ ဆန္ဒတော်တော်များများကို သူက ပိုင်ဆိုင်သဖြင့် ကံကောင်းသော သူတစ်ယောက်အဖြစ် သူ့ကိုယ်သူ သတ်မှတ်လေသည်။ အဲဒါကြောင့်မို့ သူက ဒီဘဝလေးကိုတော့ဖြင့် အသက်မက မြတ်နိုးကာ တန်ဖိုးထားလှပါသည်။

သူ အားလုံးပြင်ဆင်ပြီးသောအခါ ကိုကြီး ပြန်ရောက်လာ၍ ညနေ dinner ကို ရွှေကျွန်းမှာ စားဖြစ်ခဲ့ကြသည်။ dinner စားပြီး အပြန်မှာတော့ သူ့ဆီကို ဘော်ဒါတစ်ယောက်က ဖုန်းဆက်သောကြောင့် ဖုန်းပြောလိုက်ရသေးသည်။

မနက်ဖြန် သင်တန်းတက်ရမှာကို မေ့နေမှာစိုး၍ လှမ်းသတိပေးသည့်အပြင် သူ့ရဲ့အသည်းကွဲဖီလင်တွေ အန်ချနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသဖြင့် ထင်က တော်လ်ကီတွေ နည်းနည်းပါးပါးလွှတ်ကာ ချုပ်ပေးလိုက်ရသေးသည်။ ဖုန်းပြောပြီးရင်တော့ ထင်သည် ချက်ချင်းပင် အိပ်ပစ်လိုက်တော့သည်။

မနက်ပိုင်းတွင်တော့ သူ အိပ်ရာက နိုးနိုးချင်းမှာပဲ သူ့ထံသို့ သတင်းတစ်ခု ရောက်ချလာတော့သည်။ သူ့သူငယ်ချင်း ဝေဖြိုးက လှမ်းအကြောင်းကြားတာဖြစ်သည်။

"ထင်ရေ ... မိုးစန္ဒီ ပြန်ရောက်လာပြီတဲ့"

"ဘာ ... ဟန်နေ ပြန်ရောက်လာပြီ ... ဟုတ်လား"

သူက အထိတ်တလန့်ဖြင့် ဝေဖြိုးကို မေးလိုက်လျှင် ဝေဖြိုးက တည်ငြိမ်စွာ ပြန်ဖြေလေသည်။

"ဟုတ်တယ် ထင်၊ သူ ပြန်ရောက်လာပြီ၊ သူ့အမျိုးသားက accident နဲ့ ဆုံးသွားပြီတဲ့၊ အဲဒါကြောင့် သူက ဒီနိုင်ငံမှာပဲ အခြေချတော့မယ်ဆိုပဲ၊ ငါနဲ့ မနေ့က East point မှာ တွေ့တာကွ၊ မင်းကိုတောင် မေးနေသေးတယ်"

"သူ ... သူက ဘာတွေမေးတာလဲဟင်"



"အစုံပေါ့ကွာ၊ မင်းအကြောင်းတွေပေါ့၊ မင်း ဖုန်းနံပါတ်တောင်းတာနဲ့ ငါလည်း ငြင်းမရတဲ့အဆုံး အိမ်ဖုန်းတော့ ပေးလိုက်တယ်ကွာ"

ဟန်နေ ... သူ့နားစည်တစ်ခုလုံးမှာ ဟန်နေ ပြန်ရောက်လာပြီဆိုသော အသံကသာ ပဲ့တင်ရိုက်နေသည်။ မင်းဟာ တည်ငြိမ်နေတဲ့ ကန်ရေပြင်ကိုမှ ဂယက်ထစေနိုင်တဲ့ အစွမ်းရှိလား ဟန်နေ။

"ထင် ... ဟေ့ကောင်"

"ပြော ... သူငယ်ချင်း ဘာလဲ"

"ဘာမှ မဟုတ်ပါဘူး၊ မင်း အသံတိတ်သွားလို့ ငါလည်း အစက မပြောဘူး လုပ်ထားတာ၊ ဒါပေမဲ့ ပြောသင့်တယ်လို့ ...

ပြီးတော့ ငါ အကြံပေးချင်တယ်၊ မင်း လက်ခံမယ်ဆိုရင်ပေါ့"

"ရပါတယ် ဝေဖြိုး၊ မင်းက ငါ့ရဲ့အကောင်းဆုံးသူငယ်ချင်းပဲ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးက တစ်ချက်တွေဝေနေပြီးမှ ခပ်တိုးတိုးလေသံဖြင့် စ,ပြောသည်။

"မင်းနဲ့ စန္ဒီ့ကို ငါ မိတ်ဆွေတွေအဖြစ်နဲ့ပဲ မြင်ပါရစေကွာ၊ စန္ဒီ့အပေါ်ထားတဲ့ မင်းစိတ်တွေ ပြောင်းလဲသင့်ပြီလို့ ငါ ထင်တယ်၊ ဟန်နေ ဆိုတဲ့ အခေါ်အဝေါ်လည်း ပြောင်းသင့်ပြီ ...

ခုချိန်မှာ သူကလည်း သူ့ဘဝနဲ့သူ ရှိနေပြီပဲ၊ မင်းစိတ်မနာရက်ပေမယ့် စိတ်နာလိုက်ပါ ထင်၊ မင်းအတွက် အကောင်းဆုံး ဖြစ်မှာပါ"

"အေးပါကွာ၊ ငါ့ကို ခုလို အကြံပေးတာကိုပဲ ကျေးဇူးတင်ပါတယ်၊ ငါ ဟန်နေ ... အဲ ... စန္ဒီ့ကို မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားပါ့မယ်"

"အိုကေ ... ငါက စေတနာနဲ့ ပြောတာ၊ စိတ်မရှိပါနဲ့ကွာ၊ ငါ ဖုန်းချလိုက်တော့မယ်နော် ... ဆီးယူ"

ဝေဖြိုးက ဖုန်းချလိုက်လျှင် သူဟာ အိပ်ရာပေါ်ကနေ မထနိုင်သေးဘဲ သက်ပြင်းမောတစ်ခုကို ချလိုက်လေတော့





သည်။ ဟန်နေ ပြန်ရောက်လာပြီတဲ့။ ဒါပေမဲ့ ဟန်နေ့အမျိုးသားက ဆုံးသွားပြီဆိုတော့ ဟန်နေ့ခမျာ ဘယ်လိုများ ရပ်တည်နေရမှာပါလိမ့်။

အင်း ... သူကသာ သံယောဇဉ်မပြတ်နိုင်သေးတာပါ။ ဟန်နေကတော့ သူ့ကို သံယောဇဉ်ပြတ်ခဲ့တာ လွန်ခဲ့တဲ့ ခုနစ်နှစ်ကတည်းကဖြစ်သည်။

ဟန်နေ ... ဟန်နေ။ အဲဒီအချိန်ကာလတွေကို သူ မှတ်မိသေးသည်။ အဲဒီအချိန်ကာလတုန်းက သူကလည်း မဂ္ဂဇင်းတိုက်တွေမှာ ဝတ္ထုတိုလေးတွေ ကြိုးစားရေးပို့နေချိန်က ဟန်နေနှင့် ပြတ်ဖို့စခဲ့တာဖြစ်သည်။

သူနှင့် ဟန်နေဟာ 1st year ကတည်းက ချစ်ခဲ့တာဖြစ်သည်။

ချစ်သူသက်တမ်း လေးနှစ်ယောက် ဖြတ်သန်းပြီးချိန်မှာ ဟန်နေ့ အမျိုးတွေက စခဲ့တာဖြစ်သည်။

"ငါတို့ လမ်းခွဲရအောင် ထင်"

"ဟင် ... ဘာအကြောင်းကြောင့်လဲ ဟန်နေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကဆို သူ့မှာ အတုန်တုန် အလှုပ်လှုပ်ဖြင့် ဟာန်နေ့ကို မေးရတာဖြစ်သည်။ ဟာန်နေကတော့ သူ့အပေါ် မာကျောသော နှလုံးသားဖြင့် အပြတ်ပြောခဲ့တာဖြစ်သည်။

"ငါ နိုင်ငံခြားမှာ ကျောင်းသွားတက်ရမယ် ထင်၊ ပြီးတော့ ငါ ကိုရန်နောင်နဲ့ ဒီမှာ လက်ထပ်သွားမှာ"

"ဘာ ... ဘာပြောလိုက်တယ် ဟာန်နေ"

"ကြားတဲ့အတိုင်းပဲ ထင်၊ ငါ့ကို မေ့လိုက်တော့၊ ငါလည်း နင့်ကိုမေ့ပစ်မှာ"

ဟာန်နေရဲ့စကားတွေဟာ သူ့ကို ခွေခနဲလဲလောက်အောင်ကို အားလျော့သွားစေပါသည်။ ဟာန်နေဟာ အဲဒီလို ရက်စက်တတ်မှန်း သူ မသိခဲ့ပါ။ အဲဒီတုန်းက သူမဟာ သွေးရူးသွေးတန်းဖြင့် ဟာန်နေ့ကို တောင်းပန်ရသည်။

"မဖြစ်နိုင်ဘူး ဟာန်နေ၊ ငါ တောင်းပန်ပါတယ်၊ လမ်းခွဲမယ်ဆိုတာ မဖြစ်နိုင်ဘူး၊ နောက်ပြီး ဟာန်နေက ဘာလို့ လက်ထပ်ရမှာလဲ"





"ကိုရန်နောင်က ငါ့ဘဝအတွက် မှီခိုဖို့ အကောင်းဆုံးသူပဲ ထင်၊ နင့်လို အူတူတူကောင်ကို ငါ လက်တွဲတာထက် ကိုရန်နောင့်ကို လက်ထပ်ပြီး နိုင်ငံခြားမှာ အခြေချတာက ငါ့အတွက် ခိုင်မာမယ်"

ဟား ... ဒါတော့ ဟာန်နေ သူ့ကို ရက်စက်လွန်းအားကြီးပါသည်။ ပြီးတော့ သူ့ကို ယောကျ်ားတစ်ယောက်နှင့် ယှဉ်ပြီး နှိမ်ပြောနေတဲ့ သူ့ချစ်သူ ကောင်မလေးကို သူကခပ်စိမ်းစိမ်း နာကျင်စွာကြည့်ကာ ...

"နင်က ငါ့ကို အသုံးမကျဘူးလို့ ပြောတာလား ဟာန်နေ၊ ပြောစမ်း"

"ဒါကတော့ ကိုယ့်တန်ဖိုး ကိုယ်သတ်မှတ်တာပဲ၊ ငါ သဘောမကျတဲ့ စာရေးဆရာဘဝကို နင် ရွေးခဲ့တာကိုက နင့်ကို ငါ သဘောမတွေ့နိုင်တဲ့ အချက်ပဲ"

ကြည့်စမ်း ... သူ့ကို နားလည်ပါတယ်ဆိုတဲ့ မိန်းမဟာ သူ့ရဲ့စိတ်ကူးအိပ်မက်ကို စော်ကားနေပါလား။ သူကလည်း ဘာမှမအောင်မြင်သေးပေမယ့် သူ့အနုပညာကို ထိခိုက်လာရင် ဘယ်လိုမှ နားလည်ခံစားပေးလို့ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ဟန်နေ၊ နင် ဘာဖြစ်ချင်နေတာလဲ"

"လမ်းခွဲမယ်"

သူ့မာနတွေကို ထိခိုက်လာပြီဖြစ်သဖြင့် သူဟာ သိပ်ပြီး ခယမနေချင်တော့ပါ။ ဟန်နေ ... မင်း ငါ့ကို သိပ်ရက်စက်တာပဲ။ ထင်သည် နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်လိုက်ကာ ...

"အိုကေ ... ဟန်နေ၊ ကိုယ့်ဘက်က ရင်ခွင်တစ်ခုလုံးပေးထားပေမယ့် မင်းကတော့ ကိုယ့်ကို စကားခါးခါးတွေနဲ့ တုံ့ပြန်တယ်၊ ကိုယ်က အချစ်ကို ချိုသလား ခါးသလား မြည်းကြည့်နေတာ မဟုတ်ဘူး ...

**အသည်းကွဲခဲ့ဖူးပေမယ့် ဒီတစ်ခါကတော့ ရင်ပါကွဲသွားတာ။ မင်း သိပ်ရက်စက်တယ် ဟန်နေ"**

"ဆောရီးပဲ ထင်၊ ငါ မရည်ရွယ်ဘူး"

"nevermind ဟန်နေ၊ မင်းကို ငါ သိပ်စိတ်နာနေပါ့မယ်"

အဲဒီလိုနှင့် သူဟာ ခဲတစ်လုံးကို ခြေထောက်ဖြင့် ပိတ်ကန်ကာ ကျောခိုင်းထွက်လာခဲ့သည်။ ထင့်အတွက်ကတော့ အချစ်သည် ရွံစရာကောင်းသော နာကြည်းမှုပဲ ဖြစ်ပါသည်။





အထူးသဖြင့် သူ့ကို အထင်သေးသော မိုးစန္ဒီ(ခေါ်) ဟန်နေ့ကို မခံချင်စိတ်ကြောင့် ဒီနေ့လို အောင်မြင်ကျော်ကြားတဲ့ bst seller စာရေးဆရာတစ်ယောက်အဖြစ် ရပ်တည်နေထိုင်နေခဲ့တာဖြစ်သည်။

စွန့်သွားတော့ ဟန်နေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ညနေ သူ သင်တန်းက ပြန်ရောက်လာသောအခါ တွင်တော့ ရောက်ရောက်ချင်းမှာပင် ကြီးကြီးတိုးက ဒီစကားလှမ်း ပြောတာဖြစ်သည်။

"သားငယ်ဆီ မိုးစန္ဒီဆိုတဲ့ မိန်းကလေးတစ်ယောက် ဖုန်း ဆက်တယ်ကွယ့်၊ သင်တန်းသွားတယ်ဆိုတော့ နောက်မှ ပြန်ဆက်မယ်တဲ့"

မိုးစန္ဒီ ... သူမ တကယ်ပဲ သူ့ဆီ ဆက်သွယ်လာ ခဲ့ပြီ။ ထင်သည် ကြီးကြီးတို့ကို ခေါင်းတစ်ချက်ဆတ်ပြပြီး ကိုယ့် အခန်းဆီသို့သာ ဝင်လာခဲ့တော့သည်။ ဟန်နေ့ကို သူ ချစ်သေး ရဲ့လား။ မချစ်တော့ဘူးလို့ပဲ သူ သတ်မှတ်လိုက်တော့သည်။

လက်ရှိမှာ သူ့ဘဝရဲ့အအေးချမ်းဆုံး ကမ္ဘာလေး ဟာ စာရေးခြင်းပဲဖြစ်သည်။ ဟန်နေ့ရဲ့ ဖြစ်ပျက်သွားသောအခြေ





အနေတွေကို သူ စာနာနားလည်ပါသည်။ ဒါပေမဲ့ ဟန်နေ့အတွက် သူ့အချစ်တွေသည် ကမ္ဘာခြားသွားစေခဲ့ပြီဖြစ်သည်။

"သားငယ်ရေ ... ဖုန်းလာတယ်၊ အပေါ်ကို လွှဲပေးလိုက် ပြီ"

ကြီးကြီးတိုးရဲ့အသံကြောင့် ထင်သည် ခုတင်ဘေး ကဖုန်းကို ကောက်ကိုင်လိုက်လျှင်တော့ ထင်ထားသလိုပင် သူမ ဆီက ဖုန်းဖြစ်သည်။

"ဟယ်လို"

"ထင် ... ငါ ဟန်နေပါ"

ချိုသာရီဝေနေဆဲ သူမအသံကို ထင်က အံ့သြမှာန် မပြဘဲ တည်ငြိမ်စွာ ဖြေလိုက်သည်။

"စန္ဒီ ဘယ်တုန်းက ပြန်ရောက်လဲ၊ နင့်သတင်းအတွက် စိတ်မကောင်းပါဘူးဟာ၊ အခုကော အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် ထင်၊ ငါ့အတွက်တော့ ကိုကိုနောင့်ကို ဆုံးရှုံးလိုက်ရတာဟာ အကြီးမားဆုံး ဝမ်းနည်းကြေကွဲမှု ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... မင်း ကြေကွဲနေရတာဟာ ငွေပုံကြီးပြိုလဲသွားလို့လား။ ထင်သည် အဲဒီလို ခပ်ချဥ်ချဥ်တွေးကာ မျက်နှာကို မဲ့ပစ်လိုက်သည်။

"ငါ စိတ်မကောင်းပါဘူး စန္ဒီ၊ အကူအညီလိုရင် ပြောပါ၊ ငါ တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

ထင့်ရဲ့ခပ်စိမ်းစိမ်းစကားတို့ကြောင့် သူမက ရှေ့ဆက်စကားမဆိုသေးပဲ ခပ်တိုးတိုးရယ်ကာ ...

"ထင်က အခုဆို အရမ်းကို အောင်မြင်နေပြီနော်၊ ထင့်စာအုပ်တွေ ဖတ်ရတယ်၊ ပြီးတော့ ရုပ်ရှင်တွေကြည့်ဖြစ်တယ်၊ ကောင်းတယ်နော်"

"အင်း ... thank you"

"ထင် ... နင် ငါ့ကို သူချင်းတစ်ယောက်လို ဆက်ဆံပေးနိုင်ပါတယ်နော်"

"ငါက ဘော်ဒါစိတ်ရှိတဲ့သူပါ စန္ဒီ၊ ဟို ... ဘာပြောစရာရှိသေးလဲ၊ ငါ စာရေးချိန် ရောက်နေပြီ ...

ငါက စာရေးတဲ့အချိန်ဆို ဘယ်သူနဲ့မှ ဖုန်းမပြောတတ်ဘူး ... ဆောရီး"





"အိုကေလေ ... ထပ်ဆုံတာပေါ့ c u "

သူမ ဖုန်းချသွားသောအခါ ထင်သည် ခေါင်းအသာယမ်းကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်တော့သည်။ နာကျင်စွာ ရပ်တည်ခဲ့သော နှလုံးသားသည် ထုံနေပြီဖြစ်သဖြင့် ခံစားချက် မဲ့နေတော့တာ သေချာပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



၃.

စာအုပ်တန်းမှာ လိုချင်တာလေးတွေရှာပြီးနောက် မှာတော့ အချိန်လည်း မနည်းတော့ပြီမို့ အိမ်ပြန်ဖို့ ဦးတည်လိုက် တော့သည်။

စာတစ်အုပ် ပြီးသွား၍ နောက်တစ်အုပ် မရေးခင် စပ်ကြားမှာ သူဟာ အရမ်းကို ပေါ့ပါးစွာဖြင့် နေထိုင်သည်။ တစ်နေ့ တစ်နေ့ သူဝါသနာပါသော music တွေ နားထောင် သည်။ စာအုပ်တွေဖတ်သည်။ ရုပ်ရှင်တွေကြည့်သည်။

ပြီးရင် ဘော်ဒါတွေစုကာ ပျော်ပေါ့သွားသောက် ကြသည်။ ကားလျှောက်မောင်းကြသည်။ အဲဒါလေးတွေကိုက ပျော်ရွှင်ဖွယ်ရာ အရသာပင်ဖြစ်သည်။





ဒီနေ့ အပြန်မှာတော့ ကားမောင်းလာရင်းနှင့် မြင် လိုက်ရတဲ့မြင်ကွင်းကြောင့် မွေးရာပါဗီဇဖြစ်သည့် ကူညီချင်သည့် စိတ်တို့က အဆီးတားမဲ့စွာ ဝင်ရောက်လာတော့သည်။ လမ်းမှာ ကားပျက်သည့်ဒုက္ခက တော်တော့ကို အသက်ရှုကျပ်ပါသည်။

ထင်ဆို အဲဒီဒုက္ခတွေကို စိတ်ပျက်လွန်း၍ ကား မောင်းတော့မည်ဆို အမြဲစစ်ဆေးပြီးမှ သွားသည့်အကျင့်ကိုလုပ် ထားလေသည်။ ယောကျ်ားလေးဖြစ်သည့် ထင်တောင် ကားပျက် တဲ့ဒုက္ခကို စိတ်ပျက်တာ သူမလို မိန်းကလေးသာဆို ပိုဆိုးတော့ မပေါ့။

ထင်သည် ကားကို ဘေးထိုးရပ်ကာ ကားပေါ်က ဆင်း၍ သူမဆီသို့သွားကာ စူးစမ်းသည့် မျက်ဝန်းတို့ဖြင့်ကြည့် ပြီး ...

"ဟို ... ကား ဘာဖြစ်လို့လဲ မသိဘူး၊ ကျွန်တော် ဘာများ ကူညီပေးရမလဲ ခင်ဗျ"

ထင့်အပြောကြောင့် သူမသည် ထင့်ကို အကဲခတ် သလို တစ်ချက်ကြည့်လိုက်ပြီး ယုံသွားဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကားက ဒီနားရောက်မှ ထိုးရပ်သွားတာ ဘာဖြစ်လဲ မသိဘူး"

"ဩော် ... ကျွန်တော် ကြည့်ပေးရမလား"

ထင့် အမေးကြောင့် ထိုအမျိုးသမီးလေးက သူ့ကို ဈေးခနဲ တစ်ချက်ကြည့်ကာ မေးဆတ်ပြီး မေးလေသည်။

"ရှင်က mechanics လား"

ဟိုက် ... သေလိုက်စမ်း။ လွဲပေါ့ အမိရယ်။ အုံပါ ကျုပ်လို နာမည်ရ စာရေးဆရာကို ခင်ဗျားလေးက ထင်ရက်ပါဘိ။

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်က ခင်ဗျားကား ဘေးထိုးရပ်တော့ ကားများပျက်သလား ပျက်ရင် ကူညီပေးရအောင် ဆိုပြီး ဆင်းမေးကြည့်တာပါ ...

လမ်းမှာ ကားပျက်ရင် အရမ်းဒုက္ခရောက်တာ၊ အဲဒါကြောင့် ကိုယ်ချင်းစာလို့ ကူညီပေးတာပါ"

"ဟို ... ဆောရီးပါ၊ စိုကလည်း စိတ်ရှုပ်နေလို့ပါ၊ ကြည့်တတ်ရင် ကြည့်ပေးပါလားဟင်၊ စိုက ကားပဲမောင်းတတ်တာ၊ ကျန်တာ ဘာမှမသိဘူး"





အလို့ ... သူကလေးနာမည်က "စို"ဆိုပါလား။ ထင်သည် ကိုယ်ကို ကိုင်းညွတ်၍ စက်ဖုံးဖွင့်ကာ အထဲကို နည်းနည်းပါးပါး စစ်ကြည့်ရင်တော့ ဘာပြဿနာမှ မရှိပါ။

"ဒီမှာကဘာကွိုင်မှ မရှိဘူးဗျ၊ ဩော် ... ဒါနဲ့ ခင်ဗျား ဆီကော စစ်ခဲ့ရဲ့လား"

"အယ် ... ဟုတ်တယ်၊ မစစ်ခဲ့မိဘူး"

ထင်သည် ခပ်သွက်သွက်လေး ကားမောင်းသည့်ဘက်သို့သွား၍ ဆီဂိတ်ကို ကြည့်လိုက်သည်။ ပြီးတော့မှ ထိုအမျိုးသမီးဘက်လှည့်ကာ ...

"ဟုတ်တာပေါ့၊ ကားက ဆီပြတ်သွားတာ"

"ဟယ် ... ဒါဆို ဘာလုပ်ရမလဲဟင်၊ ကူညီလက်စနဲ့ကူညီပါဦးနော်၊ ကျေးဇူးတင်ပါတယ်"

ထင်သည် အားကိုးတကြီး အကူအညီတောင်းနေသည့် သူမကိုကြည့်ကာ ပို့မယ့်ပို့ ကူးတို့ရောက်ရောက် ပို့တော့မည်ဟု စိတ်ကူးကာ ခေါင်းတစ်ချက် ဆတ်လိုက်၍ ...

"အိုကေ ... ကျွန်တော့်ကားထဲက ဆီထုတ်ပေးလိုက်မယ်၊ တစ်ဂါလန်ဆို လောက်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... စိုက အိမ်ပြန်မှာပါ၊ အိမ်ပြန်ဖို့ကို အခု ကားက ထိုးရပ်သွားတော့ ..."

"ရပါတယ်၊ ကျွန်တော် ဆီထုတ်လိုက်ဦးမယ်၊ ဪ ... ခင်ဗျားကားက ဓာတ်ဆီနော်"

"ဟုတ်"

ထင်သည် သူမကို ပုံးတွေ ပိုက်တွေပါလားလို့လည်း မမေးချင်တော့ပါ။ သူမပုံစံကြည့်ရတာ တော်တော်ကို ညစ်နေပုံရပါသည်။ ထင်သည် ကားထဲမှ ဓာတ်ဆီကို ထုတ်ပြီးသည်နှင့် သူမကားထဲသို့ ဆီဖြည့်ပေး စက်နှိုးပေးနှင့် အတော်အလုပ်ရှုပ်သွားတော့သည်။

"ကဲ ... အမိ၊ စိတ်ချစွာမောင်းတော့၊ ရပါပြီ"

"ကျေးဇူးအများကြီး တင်ပါတယ်ရှင်၊ ဪ ... ဒါနဲ့ဆီဖိုး ဘယ်လောက် ..."

"မလိုပါဘူးဗျာ၊ လောကမှာ ငွေမပါတဲ့ အဖြူရောင်စေတနာတွေကလည်း တကယ်ရှိပါတယ်၊ မင်းကို စေတနာသန့်သန့်နဲ့ ကူညီတာပါ၊ ပိုက်ဆံပေးဖို့ မလိုပါဘူး ...





ကဲ ... ကျွန်တော် သွားလိုက်ပါဦးမယ်"

"ကျေးဇူးနော်"

ထင်သည် အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြရင်း ကားပေါ်သို့တက်ကာ မောင်းထွက်လာခဲ့တော့သည်။ အဲဒီကူညီမှုလေးသည် အဖြူစင်ဆုံး ကူညီမှုပင် ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... စိုစို တော်ပြီလား"

စိုစိုသည် စားပြီးသားပန်းကန်ကို ဘေစင်မှာသွား၍ ဆေးလိုက်ပြီး ပန်းကန်စင်ပေါ်မှာ တင်ထားလိုက်သည်။ ရွှန်းက ခပ်ငိုင်ငိုင်ဖြစ်နေသော စိုစို့ကို အကဲခတ်ရင်း မေးလာသည်။

"စိုစို ... ဒီနေ့ တစ်မျိုးပဲ၊ ဘာဖြစ်လာတာလဲ"

စိုစိုသည် သက်ပြင်းရှည်တစ်ခုကိုချကာ ရွှန်းကိုပြော ပြဖို့ စိတ်ကူးလိုက်သည်။ စိုစို့ရဲ့ခံစားချက်အတွက် ရင်ဖွင့်ဖို့ရာ ရွှန်းပဲ ရှိသည်လေ။

"ရွှန်း ... ဒီနေ့လေ စို ကတိုးမောင်တို့စုံတွဲကို တွေ့ခဲ့တယ် သိလား"

စိုစို့ အပြောကြောင့် ရွှန်းသည် ဟက်ဟက်ပက်ပက် ကို ရယ်မောကာ စိုစို့ပခုံးကိုပုတ်၍ ...





"သူတို့အတွဲကို မြင်ခဲ့လို့ ညည်းမျက်နှာက ဒီပုံပေါက်လာ တယ်ပေါ့၊ ဟား ... စိုစိုရယ်၊ ပြောတော့ဖြင့် ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ ခုမျက်နှာက တော်တော်ရင်ခံလာတယ် ပေါ့၊ ဒါကြောင့် ညစာတောင် မစားနိုင်ရှာဘဲ diet လုပ် တယ်ပေါ့ ...

စိုစို ... အသည်းကွဲရင် အစားများများ စားရတယ် ဟဲ့၊ အဲ ... ဒါနဲ့ ကတိုးမောင် ညည်းကို တွေ့သေးလား"

"မတွေ့ပါဘူး၊ ကန်တင်းမှာ ကြည်နူးနေတာ၊ စို့ကို ဘယ်မြင်မှာလဲ"

"အဲဒါ ကောင်းတာပေါ့ စိုစိုရဲ့၊ ဒါမှ စို့ အစီအစဉ်တွေ အောင်မြင်မှာ" ...

စိုစိုသည် ကန်တင်းမှာထိုင်၍ ချစ်ရည်လူးနေကြ သော ကတိုးမောင်နှင့် မေဝတ်ရည်တို့အတွဲကို သင်တန်းအဆင်း မှာ မြင်လိုက်ကတည်းက ရွှန်း ပုံသွင်းပေးထားသည့် သွက်လက် မှုတွေ ကျပျောက်သွားသလိုကိုဖြစ်ကာ ငိုင်တိုင်တိုင် ဖြစ်သွားရ သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲ လမ်းမှာက ကားထိုးရပ်သွားသဖြင့် စိုစို၏စိတ်ညစ်မှု tempo များသည် အဆုံးစွန် တက်ချလာကာ ငိုချင်လာသည့် စိတ်တွေကို ဖိချိုးနှိမ့်ချနေသော အချိန်မှာ လာကူညီပေးသွားသော ကျေးဇူးရှင်လေးကြောင့် စိုစို အဆင်ပြေသွားတာဖြစ်သည်။ နို့မို့သာဆို ...။

စိုစိုသည် ကားကို ဆီဖြည့်ပေးသွားသော ပုဂ္ဂိုလ်လေးကို စိတ်ထဲကနေ ကျိတ်ကျေးဇူးတင်မိသည်။ သူဟာ စိုစို့ကို အတော်ကူညီပေးသွားတာပဲဖြစ်သည်။ ရုပ်ကလေးနဲ့လိုက်အောင် စိတ်ထားကောင်းသူလေး ဖြစ်သည်။

လတ်ဆတ်ခန့်ညားကာ gentleman အသွင်ဖြင့် ကူညီတတ်သော စိတ်ဓာတ်ရှိသူ သူလို ယောကျ်ားလေးဟာလည်း သစ္စာဖောက်တတ်လား မသိဘူးနော်။

အင်း ... သည်လိုပါပဲ ယောကျ်ားတွေဆိုတာ သိပ်ပြီး ယုံရတဲ့အစားမျိုး မဟုတ်ပါဘူးလေ။

စိတ်တွေ အတွေးတွေ အားလုံးသည် တစ်ကမ္ဘာလုံးမှာရှိနေသော ပုရိသများကို ဝါးလုံးရှည်နှင့် ပတ်ယမ်းလို့နေ





ချေပြီ။ ဒီလိုပါပဲ ... ခံမှန်ဖူးလေသော စာသူငယ်မလေး ဆိုတော့လည်း ယုန်ထင် ကြောင်ထင် ထင်တတ်တာပေါ့နော်။

"စိုစို ... နင် ကတိုးမောင်အတွက် အသည်းမကွဲတော့ဘူးပေါ့နော်"

ရွှန်း၏ မေးခွန်းကြောင့် စိုစိုသည် တွေတွေလေးငေးနေပြီးမှ ပြုံးကာ ...

"စို့နှလုံးသားတစ်ခုလုံးနဲ့ရင်းပြီး ချစ်ခဲ့တာပဲ ရွှန်းရယ်၊ မခံစားရဘဲတော့ ဘယ်နေပါ့မလဲ၊ ဒါပေမဲ့ ရွှန်း ပြောသလိုပဲလေ၊ အသည်းကွဲတာကို ငိုယိုပြီး ခံစားနေမယ့်အစား သူ ကိုယ့်ကို လမ်းခွဲမိလိုက်လို့ နောင်တရသွားတယ်ဆိုတဲ့ အဖြစ်မျိုးရောက်အောင် ကြိုးစားတာက ပိုကောင်းတယ်ဆိုသလိုပေါ့ ...

စို သူ့လို သစ္စာမဲ့တဲ့ယောကျ်ားအတွက် လုံးဝမျက်ရည်မကျဘူး"

ရဲရင့်စွာ ဒဿနစကားတွေ ထုတ်လာသော သူ့တူမလေး စိုစို့ရဲ့စိတ်ဓာတ်ကိုတော့ ရွှန်းသည် ဆလံတောင်ပေးချင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မထင်မှတ်စွာပင် ကတိုးမောင် အတွက် ထားရှိမည့် အသည်းကွဲဖီလင်တွေမှာ လုံးဝမှုကွဲသွားလောက်အောင် စိုစို့နှလုံးသားက အေးစက်ပြတ်သားသွားပါလား။

"စိုစိုက ကတိုးမောင်ကို မုန်းနေပြီလား"

"ဟင့်အင်း ... စို သူ့ကို နာကြည်းတာ၊ စို့ကို ခပ်တုံးတုံး မိန်းမလို့ ပြောခဲ့တာကို အခံပြင်းဆုံးပဲ"

စိုစိုသည် ဘာမှ ဆက်မပြောတော့ဘဲ ညစ်ကျယ်ကျယ် အပြုံးတစ်ခုကိုသာ ပြုံးထားလိုက်သည်။ စိုစို၏ပုံစံကိုကြည့်ရသည်မှာ ဒဏ်ရာရထားသည့် ကျားသစ်ပျိုမလေးနှင့် တူနေသည်။

ကတိုးမောင်ကို နာကြည်းသည့်အကြောင်း ပြောတိုင်း စိုစို့ရဲ့မျက်လုံးလေးတွေဟာ ဒေါသအရည်ကြည်တို့ဖြင့် တဖျပ်ဖျပ်ခတ်ကာ လင်းလဲ့နေသလိုပင်။

သူမပေးသည့် အချစ်တန်ဖိုးနှင့် လားလားမျှမဆိုင်သည့် သစ္စာဖောက်ခြင်းကို ချစ်သူ့ဆီမှ ရရှိသောအခါ ဘယ်လောက်ထိ ခံစားရမလဲဆိုတာ ကိုယ်ချင်းစာနိုင်ပါသည်။





ရွှန်းသည် စိုစို၏ဒေါသသွေးရောင်တို့ဖြင့် စိုမြန်း၍ ရဲနေသော မျက်နှာလေးကို ကြည့်ရင်းနှင့် စိုစို့ခံစားချက်တွေကို မြင်ယောင်ကာ ပခုံးလေးကို စာနာသောစိတ်ဖြင့် ခပ်ဖွဖွ ဆုပ်ကိုင်ကာ နှစ်သိမ့်ပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



❦ ၄ ❦

သင်တန်းစဖွင့်သည့်ရက် ဖြစ်သဖြင့် စိတ်လှုပ်ရှားမှုတွေ များနေမှာမို့ စိစိ သင်တန်းသွားရင် ရှန်း အကြိုအပို့တစ်ပတ်တိတိ လုပ်ပေးမည်ဟု ပြောလာသဖြင့် စိစိမှာ ပို၍ပင် အားတက်သွားတော့သည်။

အမှန်အတိုင်း ပြောရရင် ကတိုးမောင်ကို စိစိ ဘာကြောင့် ရင်မဆိုင်ချင်သလို ဖြစ်နေမှန်ကို မသိ။

သည်ကနေ့မှာ စိစိက မဖြစ်မနေ ကတိုးမောင်နှင့် ရင်ဆိုင်တွေ့ရတော့မှာမို့ တော်တော့်ကို ရင်တွေခုန်နေတာဖြစ်





သည်။ ရှန်းကတော့ စိစိ့ကို warry မများဖို့ အားပေးနှစ်သိမ့်ပေးသော်လည်း ကြောက်ရွံ့မှုကတော့ ရှိနေပါသည်။ စိစိရဲ့ မတက်မကြွပုံစံကို အားမရသော ရှန်းက သည်လိုစကားဆိုလာ၏။

"ဟယ် ... စိစိရယ်၊ ညည်း ကတိုးမောင်ကို ဒီတိုင်းပဲ ထားလိုက်တော့မလို့လား၊ မှတ်ထား ... ကိုယ့်ကို အကြောကြီးနဲ့ ဖြတ်သွားတဲ့သူကို ဒီတိုင်း ရှော်မပေးနဲ့ ...

အခုဆို စိစိက အရင်လိုမှ မဟုတ်တော့တာ၊ စိစိရဲ့ ဒီလိုပုံစံကိုသာ သူ မြင်ရင် ငါ ဖြတ်ခဲ့တာ မှားလေခြင်း ဆိုပြီး နောင်တ တသီကြီးရနေမှာ sure ပဲ"

ရှန်းရဲ့စကားကြောင့် စိစိ တွေဝေသွားရသည်။ တကယ်တော့ စိစိ စိုးရိမ်ကြောက်ရွံ့နေတာက ကတိုးမောင်ဟာ သူမရဲ့ပုံစံတွေကိုမြင်ရင် ဘယ်လိုမှ မနေဘဲ မေဝတ်ရည်နှင့်တွဲလျက်ရှိနေတုန်းဆိုရင် စိစိ ရှက်တာနဲ့ လဲသေမှာဖြစ်သည်။ ရှန်းသည် ခပ်မှိုင်မှိုင်ဖြစ်နေသော စိစိ့ကို အားပေးသလို ပခုံးလေးကို တစ်ချက် ဖျစ်ညှစ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စိုစို ... ဘာမှ လျှောက်တွေးမနေနဲ့၊ ဒီပွဲဟာ စိုစိုနိုင်မယ့်ပွဲပဲ၊ ကတိုးမောင် ဟတ်ကောဲကြီး ကျန်ခဲ့တာနဲ့ စိုစို နိုင်ပြီ ...

လူတစ်ယောက်အတွက် ဘုရားသခင်က နှလုံးသားတစ်ခု လက်ဆောင်ပေးထားတယ် စိုစို။ အသည်းနှလုံးမှာ မတော်တဆ ဒဏ်ရာရသွားခဲ့ရင် စပရစ်လေးသုတ်ပြီး hansaplast လေး ကပ်ထားလိုက်၊ အစပိုင်းတော့ စပ်ဖျဉ်းဖျဉ်းလေး ဖြစ်နေပေမယ့် ကြာလာတော့လည်း နဂိုအတိုင်းပြန်ဖြစ်လာရော ...

စိုစိုရဲ့သိပ်ချစ်တတ်တဲ့ အဖြူရောင်နှလုံးသားလေးဟာ သိပ်မကြာခင်မှာ နဂိုပုံစံ ပြန်ဖြစ်လာမှာပါ"

စိုစိုသည် ရွှန်း ပြောပြသလိုပင် စိုစိုရဲ့အသည်းနှလုံးကို ဘာအချစ်မှ မခံစားဖူးသေးသည့် ပုံစံသို့ အမှန်တကယ်ပဲ ရောက်ချင်လှပါသည်။ အချစ်ဆိုသည့် ရတတ အရသာကို စိုစိုမှ မခံစားနိုင်တော့ပဲလေ။





ရွှန်းက စိုစိုကို ချော့မော့ကာ သင်တန်းဆီသို့ အရောက်ပို့ပေးလေသည်။ ကားပေါ်က ဆင်းခါနီးမှာတော့ ရွှန်းက စိုစိုကို လှမ်းခေါ်ကာ အပြုံးတစ်ခုဖြင့် အားတိုးစေပါသည်။

"စိုစို ... သွက်လက်ဖွင့်လင်းခြင်းဟာ သိပ်ကို ရိုးရှင်းတဲ့ဆွဲဆောင်မှုပဲနော်၊ ဟိုးအရင်က သစ်ရွက်စိုစိုကို မေ့ထားလိုက်၊ ကြိုးစားထား"

စိုစိုက ခေါင်းဆတ်ပြကာ ရွှန်းကို လက်ပြနှုတ်ဆက်ပြီး သင်တန်းရှိရာ အဆောက်အအုံတွင်းသို့ ဝင်လာခဲ့တော့သည်။ ကဲ ... ကံကြမ္မာ၊ ကျေးဇူးပြုပြီး မရက်စက်စမ်းပါနဲ့။

ပထမဆုံး သင်တန်းစတက်ရက်မို့ တစ်ယောက်ချင်းစီ မိတ်ဆက်ကြရာတွင် ကတိုးမောင်၏အလှည့်သို့ ရောက်လာသောအခါ စိုစို၏ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ သူ ... သူဟာ အရင်လို ချောနေဆဲပါလား။

အစိမ်းရောင်တီရှပ်ကို 501 ဂျင်းပြာနဲ့ ခပ်မိုက်မိုက်စတိုင်လ်ကျစွာ ဝတ်ဆင်ထားသော သူဟာ ပျော်ရွှင်တက်ကြွနေဟန်ဖြင့် မိတ်ဆက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာ စိုစို့အလှည့် ရောက်လာလျှင်တော့ စိုစိုက နူးညံ့တဲ့အပြုံးတစ်ခုပြုံးကာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်တော့ သူဟာ အံ့သြမှုတွေ ပြည့်သိပ်နေသည့် မျက်ဝန်းတွေဖြင့် စိုစို့ကို တဝဲလည်လည် ကြည့်နေတယ်ဆိုတာကိုတော့ ရွှန်းကို သေချာပေါက်ကို ပြောရပါဦးမည်။

ရွှန်းကို အိမ်ပြန်ရောက်သောအခါမှာတော့ စိုစိုသည် ဒီနေ့အကြောင်းကို စကားဖောင်ဖွဲ့ ပြောဖြစ်လေတော့သည်။

"သူလေ စို့ကိုမြင်တော့ လုံးဝရှော့ခ်ရသွားတဲ့ပုံစံပဲ ရွှန်းရဲ့၊ ချက်ချင်းကြီးဆိုတော့ စို့ကို ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့အတွေးတွေနဲ့ ခေါ်ချင်ပေမယ့် မခေါ်ရဲဘူး ... ဟား ဟား တကယ်ပျော်ဖို့ ကောင်းတယ်"

"သိပ်ကောင်းတယ် စိုစို၊ အင်း ... ဒီလိုဆိုရင်တော့ ကတိုးမောင် တစ်ယောက် စိုစို့ကို ပြန်ဆက်တော့မှာ သေချာပြီ၊ အဲဒီအခါကျမှသာ စိုစို မပျော့ညံ့ဖို့ လိုတယ်"

ရွှန်းရဲ့ အဲဒီစကားကို စိုစိုက အသာရယ်မောကာ အားလူးကြော်တစ်ချပ်ကို စားလိုက်ရင်းက ပခုံးတစ်ချက်တွန့်ပြပြီး ...





"ဒီအတွက်တော့ မပူနဲ့ ရွှန်း၊ စို ပြတ်သားနိုင်ပါပြီ၊ ကိုယ့်ကို ကောင်းကျိုးမပေးနိုင်တဲ့ ကောင်မျိုးကို စိုက ဘယ်တော့မှ စဉ်းစားတော့မှာ မဟုတ်ဘူး ...

အဲဒီအတွက် ရွှန်း ဘာမှ စိတ်မပူပါနဲ့"

"အေးပါ ... ကျုပ်ကလည်း ညည်း စိတ်ဓာတ်ကို ယုံကြည်ပြီးသား၊ ကဲ ... ညစာစားကြရအောင်၊ ပြီးရင် ရနောင်းထင်ရဲ့ဝတ္ထုဖတ်ပြီး ငြိမ့်တာပေါ့"

ရနောင်းထင်ရဲ့ဝတ္ထုဆိုသည်နှင့် စိုစိုသည် ဆတ်ခနဲတောင် ဖြစ်သွားသည်။ သူဟာ စိုစို့ရဲ့ favourite တွေထဲက တစ်ယောက်ဖြစ်သည်။ လက်ရှိစာရေးဆရာတွေထဲမှာတော့ စိုစိုက သူ့ရဲ့ဆန်းသစ်တဲ့ ရေးနည်း၊ ရေးဟန်တွေ၊ ခေါင်းစဉ်ဆန်းဆန်းလေးတွေ ဇာတ်လမ်းဆန်းဆန်းလေးတွေကြောင့် သူ့ကို တကယ်ပဲ နှစ်သက်ပါသည်။

"အင်း ... သူ့ဝတ္ထု ထွက်ပြီလား"

"ထွက်ပြီ စိုစိုရဲ့၊ မနေ့က ထွက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖတ်ရမယ်၊ စိုစိုလည်း အသည်းကွဲနေတာနဲ့ပဲ သူ့စာတွေ မဖတ်ဖြစ်ဘူး"

အဲဒီလိုနှင့်ပဲ နွမ်းနေသော စိုစိုရဲ့စိတ်ဟာ ရနောင်းထင်ရဲ့ ဝတ္ထုစာအုပ်တွေကြောင့် လန်းသွားခဲ့ရဖူးပါသည်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ ဓိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၃၊ (မြေညီ) ရွှေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





"ရေလည် လန်းသလား မမေးနဲ့၊ နာမည်လေးကလည်း သစ်တယ်၊ ကြိုက်တယ်ကွာ"

ရဲထက်နှင့် တွတ်ပီက 'သင်တန်းမှ' ကောင်မလေး အကြောင်းကို ယိုးမယ်ဖွဲ့ကာ ပြောနေတော့သဖြင့် သူ့မှာနားကြား ပြင်း တော်တော်ကပ်လာသည်။

"ဟေ့ကောင့်တွေ၊ မင်းတို့ ချီးမွမ်းခန်းက မဆုံးတော့ဘူး လားကွာ၊ နားတွေလည်း အူလှပြီ"

"မဆုံးဘူးဟေ့ ... မဆုံးဘူး၊ မင်းကွာ ဒီလောက် အမိုက် စားကောင်မလေးကို ငါတို့က ဒီထက်တောင် ထောပနာပေး သင့်တာ"

"တော်စမ်းပါကွာ၊ အရည်မရ အဖတ်မရတွေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်မှုံမှုံ ပြောလိုက်လျှင် တွတ်ပီက သူ့ပခုံးကိုဖက်၍ ...

“ဟား ... ထင်ရယ်၊ မင်းလည်း တစ်ယောက်လောက်တော့ ရှိသင့်နေပါပြီကွာ၊ အခု မဒီက အလန်းဇယားနော်၊ မင်းလိုက်ပါလားကွာ”

“သွားစမ်းပါကွာ၊ ငါ့ဘာသာ အေးဆေးနေတာ ကောင်းပါတယ်”

ဇွတ်ကန်ငြင်းနေသည့် ထင့်ကို တွတ်ပီက မနိုင်ဘူးဆိုသည့် သဘောဖြင့် လက်ခါပြသည်။ ဝေဖြိုးကတော့ တဟားဟား အော်ရယ်ကာ ...

“မင်းလည်း ဟတ်ထိတဲ့ဒဏ်ရာက မကျက်သေးဘူးလားကွာ၊ အချိန်တွေလည်း ကြာပြီ”

ဒီကောင်တွေနဲ့က ဆယ်တန်းကတည်းက တွဲလာတာမို့ ထင့်အကြောင်းကို အစအဆုံး သိထားသူဖြစ်သည်။ စန္ဒီနှင့်ကိစ္စကို ရည်ရွယ်ပြောမှန်း သိသဖြင့် သူက ဘာမှမပြောဘဲ ဒီအတိုင်း ပြုံးနေလျှင် ရဲထက်က ရှေ့နေပီပီ ထင်မြင်ချက်ပေး၏။





“အင်း ... bestseller တွေ ရည်းစားနဲ့ ပြတ်သွားတဲ့ အကြောင်းရင်းက ယေဘုယျအားဖြင့်တော့ သူတို့မအောင်မြင်သေးခင်မှာ နားမလည်နိုင်တဲ့ ချစ်သူရဲ့အပြောတွေကို မခံနိုင်လို့ ပြတ်ကြတာ ဖြစ်မယ်ကွ”

“ဟင်း ... ဟုတ်မှာပေါ့ကွာ”

“ဒီတော့ မင်းက မိန်းမတွေ စိတ်နာပြီး ဆော်မထားဘူး ဆိုတဲ့ သဘောလား”

တွတ်ပီက လှမ်းမေးလျှင် ထင်တောင်မဖြေရသေး ဝေဖြိုးက ဝင်ဖြေလိုက်သည်။

“အဲဒီလိုတော့ မဖြစ်နိုင်ပါဘူးကွာ၊ အလကား ဒီကောင် အချစ်ကို ထပ်မတွေ့သေးလို့ပါ၊ သူ့အချစ်တွေ ပုံအောရာ ကောင်မလေးတစ်ယောက်တော့ ဒီကမ္ဘာကြီးမှာ ရှိမှာပါ၊ ငါတို့ စောင့်ကြည့်ကြတာပေါ့”

ဝေဖြိုး စကားကြောင့် သူတို့တွေ ရယ်နေစဉ်မှာပဲ ထင့်ဆီသို့ ဖုန်းဝင်လာသည်။ ကိုယ်မရင်းနှီးသည့် နံပါတ်စိမ်းတစ်ခု ဖြစ်ပေမယ့် တစ်ခါတစ်ရံ အလုပ်ကိစ္စဖုန်းတွေ ရှိတတ်တာမို့ သူက ဖုန်းကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ထင် ... တို့ကို မှတ်မိတယ်နော်"

မမှတ်မိဘဲ နေပါ့မလား။ ဒါဟာ မှတ်မှတ်ရရရှိနေရတဲ့သူရဲ့ အသံပဲဟာ။ ထင်ရဲ့တည်တည်ငြိမ်ငြိမ်ဖြစ်သွားတဲ့ပုံစံကြောင့် ဝေဖြိုးက ဘယ်သူလဲဆိုပြီး မေးဆတ်ပြသည်။ သူက လက်ကာပြပြီး ဖုန်းဆက်ပြောသည်။

"အင်း ... စန္ဒီ ပြောပါ၊ ငါ ဘာကူညီပေးရမလဲ"

"အခု စန္ဒီက inya 1 မှာ တစ်ယောက်တည်း၊ ထင်လာပါလို့ အကူအညီတောင်းချင်တယ်"

ကျစ် ... သူ သွားသင့်ရဲ့လား။ ဒါပေမဲ့ သူက စန္ဒီအသံကြောင့် တွေဝေချင်သွားမိသည်။ စန္ဒီ ... ငါနဲ့ လာမပတ်သက်ပါနဲ့တော့။ ဖြစ်နိုင်ရင် သူက စန္ဒီနဲ့ပတ်သက်ခဲ့ဖူးတဲ့ အရိပ်တို့ကို အတိတ်မှာ ထားခဲ့ကာ လမ်းကြုံရင်တောင် ဝေးဝေးအနေအထားမျိုးပဲ လိုချင်မိပါသည်။

"ထင် ... မကူညီနိုင်လို့လားဟင်"

"ဟို ... ဟို"





သူက တွေဝေအားနာတတ်သည့် ထုံးစံအတိုင်း အူတူတူလုပ်နေလျှင် ထင့်အကြောင်းကို အရည်ကျိုသောက်ထားသည့် သူမက ချွဲနွဲ့နွဲ့ရယ်သံဖြင့် ...

"စန္ဒီကတော့ ထင့်ကို မလာမချင်း စောင့်နေမှာနော် ... ဘိုင့်၊ ခဏနေ တွေ့ကြတာပေါ့"

စန္ဒီက ဖုန်းပိတ်သွားသောအခါ သူက လေပူတစ်ချက် မှုတ်ထုတ်ကာ ဝေဖြိုးတို့ဘက်လှည့်ကာ ပြောပြလိုက်တော့သည်။

"စန္ဒီ့ဆီကဖုန်း၊ inya 1 မှာ သူ စောင့်နေတယ်တဲ့၊ ငါ့ကို လာခိုင်းနေတာယ်၊ ဘာလုပ်ရမလဲ"

"အခု မင်းက သွားမယ့်သဘောပေါ့၊ ဒါပေမဲ့ ထင်၊ ငါတို့က စေတနာနဲ့ ပြောတာနော်၊ စန္ဒီ့ကို သိပ်မတွဲစေချင်ဘူး၊ မင်းက celebrity တစ်ယောက် စန္ဒီက မင်းနဲ့ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးနော် ထင်"

တွတ်ပီက ဝေဖန်အကြံပေးလျှင် သူဟာ သူငယ်ချင်းတွေရဲ့ စေတနာကို သဘောပေါက်စွာ ကျေနပ်ပြုံးတစ်ခု ပြုံးပြကာ ...



www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် ဘော်ဒါတို့ရာ၊ ငါလည်း သဘော ပေါက်ပြီးသား၊ အခု သွားတာက ဘော်ဒါစိတ်ခတ်နဲ့ တွေ့ရုံပဲ တခြား ဘာအကန့်မှမရှိပါဘူးကွာ ... ကဲ ... ငါ သွားလိုက်ဦးမယ်၊ ဖုန်းဆက်မယ်"

ထင်သည် သူငယ်ချင်းတွေကို နှုတ်ဆက်ကာ စန္ဒီ ရှိရာသို့ ထွက်လာခဲ့တော့သည်။ သူ inya 1 ကို ရောက်သော အခါ စန္ဒီက တိမ်းမူးဖွယ်ကောင်းသော အပြုံးတစ်ခုဖြင့် သူ့ကို ဆီးကြိုနေပါသည်။

"ထင် ... အခုမှပဲ တွေ့ရတော့တယ်နော်၊ ထင်က အရင် တိုင်းပဲ သိပ်မပြောင်းလဲဘူး"

"တော်တော်ပြောင်းလဲသွားပါတယ် စန္ဒီရယ်၊ ငါက ချွတ် တားမဟုတ်တော့ဘူးလေ၊ နာမည်ရနေတဲ့ စာရေးဆရာ တစ်ယောက် ဖြစ်နေတာဟာ အကြီးမားဆုံး ပြောင်းလဲမှု ပေါ့"

ထင်က ဖွဲ့လိုက်ပြီ ဆိုတာကို စန္ဒီက သဘောပေါက် စွာဖြင့် မျက်နှာမပျက်ဘဲ ညှို့ခတ်ပါသည့် အပြုံးတစ်ခုပြုံးကာ ပခုံးတစ်ချက်တွန့်ကာ ...





"ဆောရီး ... ဟုတ်တာပေါ့၊ ထင် အများကြီး ပြောင်းလဲ သွားပြီ"

"ကဲပါ စန္ဒီ၊ ငါနဲ့တွေ့ချင်တာ ဘာကိစ္စရှိလို့လဲ"

"ဩော် ... ထင်ရယ်၊ တို့နှစ်ယောက်က အကြောင်းကိစ္စ ရှိမှ တွေ့ရမှာလား၊ စန္ဒီတို့ သံယောဇဉ်က ဒီလောက်ပဲ လား"

မဖြစ်တော့။ သူ အားနာနေပေမယ့် စန္ဒီက သူ့ကို ဂေါက်တေးဟု ထင်နေလား မသိပါ။ စန္ဒီ့ကို သူ တကယ်ကို ချစ်ခဲ့ဖူးပါသည်။ ပြီးတော့ စန္ဒီနှင့်ပတ်သက်ပြီး သူက သေလောက် အောင်ကို အသည်းတွေ ကွဲခဲ့ဖူးပါသည်။

စန္ဒီ့ကို သူက "ဟန်နေ"ဟု ချစ်စနိုးဖြင့် အမြတ် တနိုးကို ခေါ်ဖူးခဲ့သည်။ အခုချိန်မှာတော့ အချိန်ကာလတွေ ကြာပြီဖြစ်သလို စန္ဒီ့အပေါ်ထားတဲ့စိတ်ဟာ အေးဆေးဖြစ်သွား ပြီဖြစ်သည်။

"စန္ဒီ ... ငါတို့က သူငယ်ချင်းတွေပဲဟာ၊ ပြောပါ နင့် အတွက် အကူအညီ လိုအပ်တယ်ဆိုရင် ဝေဖြိုး၊ ရဲထက်၊



www.burmeseclassic.com

www.burmeseclassic.com



တွတ်ပီ ပြီးတော့ ငါ အားလုံး တတ်နိုင်သလောက်ကူညီမှာပါ ...

နောက်တစ်ခါ ငါတို့ဆုံကြရင် သူငယ်ချင်းတွေ အားလုံးဆုံပြီးမှ တွေ့သင့်တယ် ထင်တယ်"

"အေးပါ ... နင့်သဘောပေါ့နော် ထင်"

ထင်သည် အအေးတစ်ငုံ သောက်လိုက်ပြီး နာရီ တစ်ချက်ကြည့်ကာ ...

"ကဲ ... ငါ သွားစရာတစ်ခု ရှိသေးလို့ ပြန်နှင့်တော့မယ်"

စန္ဒီက စကားဆက်ချင်နေပုံ ရသော်လည်း ထင်သည် စကားစကို ဖြတ်တောက်ကာ ထပြန်လာခဲ့တော့သည်။ သူက ပါကင်ဆီသို့ အသွားတွင် စားပွဲထောင့်တစ်ခုမှ ထွက်လာသော စကားသံကြောင့် သူဟာ ဘယ်လိုအာရုံမျိုးက စေ့ဆော်မှုကြောင့်လဲ မသိပါ။ အလိုလိုကို ထိုစားပွဲဝိုင်းဆီသို့ လျှောက်သွားမိသည်။

"ရွှန်းရေ ... စို့ဆီ မြန်မြန်လာပါနော်၊ စို့ဆီမှာ ပိုက်ဆံအိတ် မပါလာဘူး၊ အိမ်မှာကျန်ခဲ့တယ်ထင်တယ်"





ထင်သည် ထိုကောင်မလေးကို ကြည့်လိုက်လျှင် ဦးနှောက်အသိက ဖျန်းခနဲထပွင့်သွားကာ သူမကို ချက်ချင်းပင် မှတ်မိသွားရလေသည်။

သူမဟာ ပြီးခဲ့တဲ့ ရက်ပိုင်းမှာ ကားပျက်နေလို့ သူ ကူညီခဲ့ဖူးတဲ့သူပဲ။ ထင်သည် နှစ်ခါဆုံတိုင်း နှစ်ခါပြဿနာကြုံ တဲ့ ဒီကောင်မလေးကို ကူညီချင်စိတ်ဖြင့် သူမဘေးမှာရပ်လိုက် ကာ ...

"အခက်အခဲ ဖြစ်နေတယ်ထင်တယ်၊ ကိုယ် ကူညီပေးပါရစေ"

သူ့စကားသံကြောင့် မိန်းကလေးက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ပါသည်။ အား ... ဖျတ်ခနဲအကြည့်ဟာ ဒက်ခနဲ ဟတ်ထိသွားစေပါ့လား။

ထင်သည် ကောင်မလေးက စူးစမ်းသလိုအကြည့် ကို ပြုံးပြခြင်းဖြင့် တုံ့ပြန်လိုက်တော့ သူ့ကို သေချာကြည့်ပြန် သည်။ ပြီးရင်တော့ မျက်လုံးလေးပြူးကာ လက်ညှိုးထိုး၍ ...

"ရှင် ... ရှင် ... ဟိုတစ်ခါ ကားပျက်တုန်းက ကူညီတဲ့ တစ်ယောက်၊ ဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် သူ့ကိုပါအတည်ပြုနိုင်းသည့် ကောင်မလေးကို သူက ထပ်ပြုံးပြ၍ ခုံမှာဝင်ထိုင်လိုက်ကာ ...

"ဟုတ်ပါတယ်၊ ကိုယ်က သူငယ်ချင်းတစ်ယောက်နဲ့ ဒီမှာလာတွေ့တာလေ၊ အဲဒါ အပြန်မှာ မင်းကိုတွေ့လိုက်လို့ အခက်အခဲတစ်ခု ဖြစ်နေတယ်ထင်ပြီး မင်းဆီဝင်လာလိုက်တာ"

"ဟုတ်တယ်၊ စို ဒီမှာ မုန့်ဝင်စားတာ၊ အဲဒါ ပိုက်ဆံအိတ်မေ့ကျန်ခဲ့တာ ခုမှသိလို့ အဲဒါ ဖုန်းလှမ်းဆက်နေရတာ"

"ဩော် ... ရတယ်၊ ကိုယ် ရှင်းလိုက်မယ်"

"အာ ... ရပါတယ်၊ ဖုန်းဆက်ပြီးသွားပြီ၊ လာပါလိမ့်မယ်"

"ဘာမှမဖြစ်ပါဘူး၊ ကိုယ်ပဲ ရှင်းလိုက်တော့မယ်"

ထင်သည် ပြောပြောဆိုဆိုပင် သူမရဲ့ဘောလ်ကို ရှင်းပေးလိုက်သည်။

သူမက သူ့ကို အားနာစွာကြည့်၍ ...

"ကျေးဇူးတင်ပါတယ်နော်၊ ရှင့်ပိုက်ဆံကို အခုပဲ ပြန်ပေးပါ့မယ်"





"ရပါတယ်၊ ခင်ဗျားအိမ်ကို ဖုန်းဆက်လိုက်ဦး၊ တော်ကြာ ဒီလာနေရင် အလုပ်ရှုပ်နေလိမ့်မယ်"

"ဟုတ် ... အဲ ... ဟုတ်ဘူးလေ"

ထင်သည် အလန်းစား ငပိန်းလေးကို ရယ်ကာ အသာခေါင်းယမ်းပြလိုက်ရင်း ...

"ပိုက်ဆံက နောက်ကြုံမှ ပေးတော့ ကိုယ်လည်း သွားစရာရှိသေးလို့ သွားလိုက်ပါဦးမယ်နော်"

ထင်သည် သူမရှေ့ကနေ ထွက်သွားလျှင်တော့ သူမက အိတ်တွေဆွဲကာ ထင့်နောက်သို့ အသည်းအသန် ပြေးလိုက်လာကာ ...

"ဟို ... ဟို ... ပိုက်ဆံပေးရဦးမယ်လေ၊ မယူဘဲတော့ မနေပါနဲ့"

"ရပါတယ်ဆို၊ ကိုယ် မင်းကို တကယ့်စေတနာနဲ့ ကူညီတာပါ၊ ကဲ ... သွားပြီ"

ထင်သည် သူမကို ကျောခိုင်းကာ ကားဆီသို့တန်းမတ်စွာ လျှောက်လာခဲ့တော့သည်။ စန္ဒီ တစ်ယောက်ကတော့ ပြန်သွားပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့် သူ့ကားပေါ်တက်ကာ မောင်းထွက်သွားသည်အထိ ငေးကြည့်နေခဲ့သော ထိုပိန်းသလိုလိုရှိသော အလန်းစား ကောင်မလေးကို သူက နောက်တစ်ကြိမ်ဆုံရင် ချက်ချင်းမှတ်မိနိုင်သည်အထိဖြစ်အောင် မှတ်မှတ်ထင်ထင် ရှိခဲ့ပါသည်။

❦ ○ ❦





❦ ၁ ❦

"ဟယ် ... ဒါဆို ရှင်က ဒီဇိုင်းပြောင်းပြီးမှ ပိုစန်းတက်တဲ့ သဘောပေါ့ဟဲ့"

လက်ဖက်သုပ်စားရင်းနှင့် ပြောလိုက်သော မိုးစွေရဲ့ အသံစာစာကြောင့် စိုစိုက အသာပြုံးမိသွားသည်။ ပြီးလျှင်တော့ မေးထောက်ကာ စဥ်းစားလိုက်ပြီးမှ ခေါင်းအသာယမ်းပြကာ မိုးစွေဘက်သို့ လှည့်ကြည့်၍ ...

"အဲဒီလိုကြီးတော့ မဟုတ်ပါဘူးဟာ၊ သူက ငါ့ကို ကူပဲကူညီတာ၊ ဒီ့ထက် ဘာမှမပိုဘူး"

"ဩော် ... ဒါကတော့ ဗျူဟာနေမှာပေါ့ဟဲ့၊ အစကရိုးရိုး နောက်တော့တစ်မျိုးတို့ ဆိုသလိုပေါ့ ... ဟဲ ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက နောက်တောက်တောက်ဖြင့် ပြောလျှင် စိုစိုသည် မျက်စောင်းတစ်ချက် ထိုးမိသည်။ စိုစိုတို့ ပြောနေသည့် အကြောင်းသည် တစ်နေ့က စိုစို့ကို ပိုက်ဆံရှင်းပေးသွားသော ကိုယ်တော်လေးရဲ့အကြောင်းပဲ ဖြစ်သည်။

အဲဒီတစ်ယောက်ဟာ ဘယ်လိုမှန်းကို မသိပါ။ စိုစို ကိုးရိုးကားရားဖြင့် ကျွိုင်တက်နေပြီ ဆိုတာနှင့် အလိုလိုကို ရောက်လာတတ်တာဖြစ်သည်။

"ဟဲ့ ... ကိုယ်တော်လေးက ချောရဲ့လားအေ့"

မိုးစွေက စိုစို့ရဲ့ပခုံးကို တွန်းတိုက်၍ မျက်စပစ်မေး လိုက်လျှင် စိုစိုသည် သူ့ရဲ့ပုံပန်းသွင်ပြင်ကို ပုံဖော်ကြည့်မိသည်။ အင်း ... သူဟာ မင်းသားလုပ်မယ်ဆိုရင် popular ဖြစ်နိုင်မည့် ရုပ်ရည်မျိုးပင်။

ယောကျ်ားတန်မဲ့ ရှားရှားပါးပါး ဝါရွှေနွယ်သွေး သော အသားအရေပိုင်ရှင် သူဟာ body figure အချိုးကျ လှပ သလို မျက်နှာဟာလည်း ရေဓာတ်ဆွဲဖြိုးကြွယ်ဝနေသူလို ကြည် လင်လတ်ဆတ်နေပါသည်။





သူ ပြုံးလိုက်လျှင်တော့ ဘယ်လိုကြည့်ကောင်းမှန်း ကို မသိပါ။ သူ့အပြုံးက ဖမ်းစားထားသောကြောင့် စိုစိုသည် ဘယ်ယောကျ်ားလေးကိုမှ စေ့စေ့စပ်စပ် မကြည့်ခဲ့ဖူးပေမယ့် အဲဒီ ပုဂ္ဂိုလ်လေးကိုတော့ တော်တော်လေးကို သတိပြုမိသွားတာဖြစ် သည်။

ပုဂ္ဂိုလ်လေးသည် သူ့အပြုံးကိုက ငြိမ်းအေးသောပုံစံ ပေါက်အောင် မှန်ကြည့် ကျင့်ထားသလားတော့ မပြောတတ်ပါ။ ပြုံးလိုက်တိုင်း လှစ်ခနဲ ပေါ်လာတတ်သည့် သွားတက်လေးများ နှင့် အပြုံးသည် တော်တော်ကို အေးချမ်းလှပါသည်။

"အေး ... ချောတယ်ဟ၊ အင်း ... မြန်မာဆန်တဲ့ချောပုံမျိုး"

"ဟား ... အမိုက်စားပေါ့၊ နင့်ကိုယ်တော်လေးကိုတော့ ငါ တွေ့ဖူးချင်လာပြီ"

မိုးစွေ အပြောကို စိုစိုက ရယ်ပဲရယ်နေခဲ့ပါသည်။ အရင်တုန်းက အနေအထိုင် ခပ်အေးအေးမို့ စိုစို့မှာ ကိုယ်နှင့် အရမ်း close ဖြစ်တဲ့ သူငယ်ချင်းဆိုလို့ ပန်းမိုးစွေ ဆိုတဲ့ သူငယ် ချင်းတစ်ယောက်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်က အထက်တန်းကျောင်းသူ ဘဝကနေ တက္ကသိုလ်တက်သည်အထိ အတွဲမပျက်ဘဲ ရှိနေတာဖြစ်သည်။ စိုစိုနှင့် မိုးစွေမှာ သူငယ်ချင်းဆိုပေမယ့် ပုံသဏ္ဌာန်ချင်းကတော့ ရှေ့သွားနောက်လိုက်ကို မညီပါ။

စိုစိုက မြန်မာမိန်းကလေးတွေထဲမှာမှ ရှားရှားပါးပါး ရှိနေသည့် အရပ်မြင့်မြင့်နှင့် ခပ်ထွားထွားလေးဖြစ်သည်။ မိုးစွေကတော့ ငါးပေမှာတင် တန့်နေသည့်အရပ်နှင့် ပုပုသေးသေးလေး ဖြစ်သည်။ ပြီးတော့ ပေါ်တောတောနှင့် လူနောက်တစ်ယောက်လည်းဖြစ်သည်။

စိုစိုနှင့် သူမက အရမ်းကို ခင်နေကြပေမယ့် အမြဲလိုလိုတော့ မတွေ့ဖြစ်ကြ။ မိုးစွေက ဘွဲ့ရပြီးကတည်းက သူ့ဦးလေးရဲ့ Travel Tour မှာ တိုးဂိုက်လိုက်နေတာဖြစ်သောကြောင့် ခရီးခဏခဏထွက်ရတတ်သောကြောင့် အမြဲတော့ မတွေ့ဖြစ်ကြ။

စိုစိုနှင့် မိုးစွေရဲ့အိပ်မက်ကတော့ ကိုယ်ပိုင် logo ကပ်သည့်အင်္ကျီ brand တွေဖြန့်ချိသည့် ကုမ္ပဏီကြီးကို စပ်တူထူထောင်ဖို့ပဲဖြစ်သည်။ ထိုအိပ်မက်ကို နည်းနည်းချင်းတော့ အကောင်အထည် ဖော်နေပြီ ဖြစ်ပါသည်။





ကိုယ့်စိတ်ကူးတွေ လက်တွေ့မဖြစ်သေးချိန်မှာတော့ မိုးစွေကလည်း သူ့မအလုပ် သူမလုပ်နေသလို စိုစိုကလည်း ရွှန်းရဲ့ကုမ္ပဏီမှာ Accounting ဝင်လုပ်ပေးနေပါသည်။

ကိုယ့်အဒေါ်ရဲ့ကုမ္ပဏီလည်း ဖြစ်တာကြောင့်မို့ စိုစိုက နည်းနည်း သက်သောင့်သက်သာ ရှိပါသည်။ ကိုယ့်အလုပ်က လကုန်ခါနီးမှ ကုမ္ပဏီရဲ့အဝင်အထွက်စာရင်းတွေကို check ရတာမို့ အမြဲတမ်းကြီး ကုမ္ပဏီသွားစရာမလိုပါ။

ဒီတော့ စိုစိုက အရမ်းကို free ရိုက်လို့ရသလို သင်တန်းတွေလည်း တက်လို့ရပါသည်။

"ဩော် ... ဟဲ့ ...ဒါနဲ့ နင့်ရဲ့အဟောင်းကြီး ကတိုးကော ဘယ်မှာလဲ"

"ရှိတယ်လေ၊ မေဝတ်ရည်နဲ့ ပြတ်သွားပလားပဲ၊ နောက်တစ်ယောက်နဲ့ တွေ့တယ်ဟဲ့၊ ငါ့ရဲ့ပုံစံတွေကိုတော့ သူက သတိထားပြီး ချက်ခ်နေတာပေါ့ဟယ်၊ သိပ်မကြာပါဘူး ငါ့ကို အီလာတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ငါ့သူငယ်ချင်း ချောချောလေးကို ထားခဲ့မိတာ နောင်တရနေတဲ့အသိနဲ့ နင့်ဆီ ပြန်ခဲ့,စားလာမှာ၊ အဲဒီအခါကျမှသာ ဒေါ်စိုစို ... ရှင် ပျော့မသွားနဲ့နော်"

"အေးပါ ... စောင့်ကြည့်လိုက်ပါ၊ ငါ ကတိုးမောင်ကို ဘယ်လိုဖွဲ့လွှတ်မယ်ဆိုတာ နင် စောင့်ကြည့်၊ ဟဲ့ ... ဟဲ့ ... နေပါဦး၊ ငါ့ကိုသာ မေးနေတယ် နင့်သက်ဦးကိုကော နင် အဖြေပေးလိုက်ပြီလား"

စိုစိုရဲ့အမေး ဆုံးသည်နှင့် မိုးဇွေက ကိုရီးယားမင်းသမီးတွေ ဒေါသထွက်သလို လက်သီးတွေ ဘာတွေ ဆုပ်၍ ရှုံးရှုံးရှဲရှဲဖြစ်ကာ ...

"ဘွာ ... စိုစို ... နင်နော်၊ ငါ့ကို အဲဒီဟာကြီးနဲ့ မစ,ပါနဲ့လို့ ပြောတာမရဘူးလား၊ ဒီမယ် ငါကလေ ငါ့ရဲ့ဘဲကို ကိုရီးယားမင်းသား ဂူဂျွန်ပျိုရဲ့မျက်နှာလေးရယ်၊ ပြီးတော့ ဂျီဟိုရဲ့စိတ်သဘောလေးရယ် ပေါင်းထားပြီး ငါ့ကိုသိပ်ချစ်မှ ရည်းစားထားမှာ"

"အင်း ... ငါတော့ မြင်နေပြီ၊ သိလား"





"ဟယ် ... ကြည့်စမ်း၊ ငါ့စိုစိုလေးက သိပ်ချစ်ဖို့ကောင်းတာပဲ၊ ပြောစမ်း ဘူလေးလဲ၊ ဂျွန်ပျိုနဲ့ ဂျီဟို စပ်ကျထားတဲ့ ငါ့ရဲ့အနာဂတ်အိုပါးလေးက ဘူလေးလဲ"

မိုးဇွေက မျက်ခုံးတွေပါ ပင့်တင်ကာ အသည်းအသန် မေးလျှင် စိုစိုသည် သူ့ပုံစံကိုကြည့်၍ တဟားဟားရယ်ကာ ...

"အဟား ဟား ... ငါ မြင်နေပြီ ဆိုတာက ငါ့သူငယ်ချင်း မိုးဇွေလေး ဒီတစ်သက်တော့ အပျိုကြီး ဖြစ်တော့မယ်လို့"

စိုစိုရဲ့စကားကြောင့် မိုးဇွေသည် မျက်လုံးကြီးပြူးကာ စိုစို့လက်မောင်းကို တဖြန်းဖြန်းရိုက်၍ ပွစိစိဖြင့် ပေါက်ပေါက်ဖောက်လေတော့သည်။

"သွား ... စိုစို အစုတ်ပလုတ်မ၊ နင် ဒီဇိုင်းပြောင်းပြီးမှ စကားတွေကပါ ပြောင်းလဲလာတယ်"

စိုစိုနှင့် မိုးဇွေက တစ်ယောက်နှင့် တစ်ယောက် နောက်လိုက် ပြောင်လိုက် လုပ်နေရင်း အိမ်ရှေ့က ဘဲလ်တီးသံကို ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုစိုတို့နှစ်ယောက်သည် ကျွန်းတံခါးမှ ဖောက်ထားသည့် အပေါက်ကနေ ကြည့်လိုက်လျှင်တော့ ကွန်ဒိုက လုံခြုံရေးဝန်ထမ်းကိုတွေ့တော့ တံခါးဖွင့်လိုက်လျှင် ထိုသူ့လက်ထဲမှာ ဝက်ဝံရုပ် ခပ်ကြီးကြီးကို တွေ့ရလေသည်။

"လူတစ်ယောက်က မသစ်ရွက်စိုစိုအတွက် လာပို့ခိုင်းလို့ပါ"

"ဟဲ့ ... ဘယ်သူပို့တာလဲ"

မိုးစွေက စိုစို့ကို တံတောင်ဖြင့် တွတ်မေးလိုက်လျှင် စိုစိုက ခေါင်းယမ်းပြကာ ...

"မသိဘူးလေ၊ ဒါပေမဲ့ ယူထားရတော့မှာပေါ့၊ ပို့တဲ့သူကိုက ချည်ပြီးတုပ်ပြီး မယူ,ယူအောင် ပို့တာပဲဟာ"

"အေးပေါ့ ... ဟဲ့ ... ယူလေ စိုစို"

"ဟုတ် ... ကျေးဇူးတင်ပါတယ် ဦးလေး"

စိုစို့လက်ထဲသို့ ဝက်ဝံရုပ်ကြီး ရောက်လာလျှင်တော့ စိုစိုသည် ဝက်ဝံရုပ်အောက်မှ တွဲလျားချထားတဲ့ ကတ်တစ်ကတ်ကို တွေ့သောအခါ စိုစိုက ယူဖတ်လိုက်လျှင် အံ့ဩစရာ သူဖြစ်လို့နေသည်။





"စို ...

ကိုယ့်ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုရဲပါဘူး၊ ဒါပေမဲ့ စို့ဆီက အပြုံးတစ်ပွင့်ကိုတော့ ကိုယ် အရမ်းမျှော်လင့်နေမိတယ် ...။

စို ကိုယ့်ကို ဒုတိယအကြိမ် ပတ်သက်ခွင့်ပြုပါ။

ကတိုးမောင်"

စိုစိုသည် ကတ်ပြားပေါ်က စာတွေကို ဖတ်ပြီးသည်နှင့် တောက်တစ်ချက်ခေါက်ကာ အံကိုတင်းတင်းကြိတ်ထားမိသည်။

"ဒီကောင်က ဘာအချိုး, ချိုးတာလဲဟ၊ နင့်ကိုဆို အပိုင်သဘောမျိုး တွက်ထားတာလား"

"ဟဲ့ ... အဲဒီလိုလုပ်လို့ ရမလား၊ ဟင်း ... တွေ့ကြသေးတာပေါ့ဟယ် ... သင်းတို့လား"

စိုစိုသည် ဒီကိစ္စမှာတော့ တကယ်ပဲ ခံပြင်းမိပါသည်။ ကတိုးမောင်ဟာ စိုစို့ကို ဘယ်လိုမိန်းမစားများ ထင်နေသလဲ မသိပါ။ စိုစို့ကို အရုပ်လေးပေး၊ ကတ်လေးဆွေ ပို့တာနှင့်အရင်လို ပြန်တွဲလို့ ရမယ်များ ထင်နေသလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် ရွှန်းနှင့်လည်း မတိုင်ပင်ရသေး၍ ဒီနေ့တော့ ဘာမှမလုပ်တော့ဟု တွေးလိုက်သည်။ မနက်ဖြန် သင်တန်းရောက်တာနှင့် သင်းကို နာအောင်ကို ပြောရမည်ဟု တေးထားလိုက်သည်။

ဟိုတစ်ခါက အချစ်ကို ရှူးရှူးမိုက်မိုက် ကိုးစားသည့် စိုစိုမှာ အခုချိန်မှာတော့ ကြာလေ ကတိုးမောင်ကို ချဉ်လေဖြစ်သဖြင့် အချစ်ဆို ထပ်မကြည့်ချင်လောက်အောင်ကို ဖြစ်နေပြီဖြစ်သည်။

"စိုစို ... နင် အရမ်းကြီးတော့ မပေါက်ကွဲလိုက်နဲ့နော်၊ တော်ကြာ နင့်ရဲ့ရည်ရွယ်ချက် မအောင်မြင်တော့ဘဲနေမှာစိုးလို့ပါ"

"အေးပါ မိုးစွေရယ်"

မိုးစွေ စိတ်မပူအောင် အေးပါ ပြောလိုက်ရပေမယ့် စိုစိုသည် ကတိုးမောင်ကို တစ်ချီတည်းနှင့်ကို အလဲထိုးလိုက်ချင်သည့်စိတ်တွေ တဖွားဖွား ပေါ်နေမိသည်။





အချစ်သည် ဖယောင်းကိုလည်း သံချောင်းဖြစ်အောင် လုပ်ပေးနိုင်သည့် အစွမ်းအစရှိသလို အမုန်းသည်လည်း သံချောင်းကို သံမဏိဖြစ်သွားအောင် စွမ်းဆောင်ပေးပါသည်။

စိုစိုကလည်း သူ့အတွက်ဆို သံမဏိလို မာကျောပြတ်သားနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ပေးလိုက်ရတဲ့**

**အချစ်ရဲ့တန်ဖိုးနှင့် ဆတူရမလာခဲ့ရင်**

**ခံစားရတဲ့ဒုက္ခက မသေးဘူး**

**အချစ်နဲ့ဝေးရာမှာ နေတာဟာ**

**အကောင်းဆုံး ခြစ်မှာပါ။**



## ၆

ကားပေါ်ကနေ မြေပြင်ပေါ်သို့ ခြေချလိုက်သည်နှင့် စိုစိုသည် မထိပြုံးတစ်ခုကိုပြုံးကာ မျက်မှန်ကို နဖူးအထက်သို့ ပင့်တင်ထားလိုက်၍ ဝက်ဝံရုပ်ကြီးကို ကိုင်ဆွဲ၍ သူရှိရာသို့ အဆော တလျှင် လျှောက်လာခဲ့သည်။ ဒီအချိန်မျိုးဆို ဘယ်နေရာမှာ ရှိနေတတ်တယ်ဆိုတာ အတပ်သိစွာဖြင့် ခပ်သွက်သွက် လျှောက် လာခဲ့၏။

ဟော ... တွေ့ပါပြီ။ ကိုယ်တော်က Ray-Bin မျက်မှန်အမိုက်စားကိုတပ်ကာ ထောင့်ကျကျစားပွဲမှာ ထိုင်နေသည်။ စိုစိုသည် သူ့မျက်နှာကြီးကိုမြင်လျှင် တော်တော်ချဉ်သွားသဖြင့် မျက်နှာကို တစ်ချက်မဲ့လိုက်၍ သူ့ဆီသို့လျှောက်သွားကာ စားပွဲ ဝိုင်းပေါ်သို့ အရုပ်ကို ပစ်တင်ကာ သူ့ကိုကောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကတိုးမောင်၊ နင် ဘာအချိုး ချိုးတာလဲ၊ ဒါဘာသဘောလဲ"

သူက စိုစို့ကို ဘာမှမဖြစ်သလိုပင် နွေးထွေးစွာပြုံးပြ၍ ...

"ဩော် ... စိုကလည်းကွာ ဒေါသမကြီးပါနဲ့၊ ကိုယ်က စိုရဲ့ခွင့်လွှတ်မှုလေးကို မျှော်လင့်နေတဲ့သူပါ၊ အရပ်ပို့ပေးတာက စိုစို အရပ်ကလေးတွေ ကြိုက်တာ ကိုယ် သိတယ်လေ"

"ဒီမှာ ကတိုးမောင်၊ နင့်ကိုယ်နင် ဘာများမှတ်နေလဲ၊ နင်နောက်တစ်ခါ ဒီလိုမျိုး အပြုအမူတွေနဲ့ ငါ့ကို ဆက်ဆံကြည့်လိုက်၊ ဘာဖြစ်သွားမလဲဆိုတာ ချက်ချင်း သိသွားစေရမယ်"

"အဟား ... သစ်တယ်ကွာ၊ ကိုယ် သိထားတဲ့ စိုစိုနဲ့ ဘာမှကိုမဆိုင်တော့တာ၊ အရမ်းလည်း လန်းတယ်၊ ကိုယ်လေ အခုမှ ကိုယ့်နှလုံးသားကိုယ် ပြန်မြင်လိုက်ရတာ၊ အဲဒါ စိုစိုပဲ"





"ဘာ"

စိုစိုသည် ကြာလာလျှင် ပေါက်ကွဲထွက်ကုန်ကာ သူ့ကို တစ်ခုခု လုပ်မိတော့မည်ဆိုတာ ကြိုသိနေသဖြင့် အတတ်နိုင်ဆုံး ဒေါသတွေထိန်းကာ အသက်ကို ပြင်းပြင်းရှူ၍ သူ့ကို စေ့စေ့စူးစူး စိုက်ကြည့်ကာ ...

"အရူး ... နင် ငါနဲ့လာမပတ်သက်ပါနဲ့၊ မျက်နှာချင်းဆိုင်တွေ့ရင်တောင် မျက်နှာလွှဲသွားလိုက် ...

နင့်ကို ငါ သိပ်စွံတယ် ကတိုးမောင်၊ ငါ့ကို ထပ်ဆက်သွယ်ဖို့ မကြိုးစားပါနဲ့"

စိုစိုက ပြောချင်တာပြောပြီး လှည့်ထွက်ဖို့ အလှည့်မှာတော့ စိုစိုသည် တစ်စုံတစ်ယောက်ရဲ့မျက်ဝန်းတွေနှင့် သွားဆုံတွေ့သည်။ တစ်စုံတစ်ယောက်သည် စိုစို့ရဲ့ ရေရေလည်လည် ပေါက်ကွဲနေပုံကို တအံ့တဩဖြင့် ပြုံးကြည့်နေစဉ်မှာပဲ စိုစို မျက်နှာအလှည့်မှာ မျက်လုံးချင်းဆုံ၍ စိုစိုကလည်း အံ့အားသင့်သွားသလို ထိုသူကလည်း သူကြည့်တာ လူမိသွား၍ အိုးတိုးအမ်းတမ်း ဖြစ်သွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိုစို့ကို အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြလိုက်သောအခါမှာတော့ စိုစိုသည် အဲဒီတစ်စုံတစ်ယောက်ကို ဒက်ခနဲ သိသွားသည်။ အဲဒီအချိန်ကာလဟာ တကယ့်ကို ခဏလေးပဲဖြစ်သည်။ စိုစိုက သူ့ကို ပြုံးမပြရသေးခင်မှာ အရှုပ်ထုပ်ဆီက စကားသံ ထွက်လာပြန်သည်။

"ကိုယ်ကတော့ စိုစို့ကို ဒုတိယအကြိမ် ကြိုးစားရမှာပဲ၊ စိုစိုနဲ့ ဝေးသွားမှ စိုစို့ကို ကိုယ် သိပ်ချစ်တယ်ဆိုတာ သိခဲ့တာပဲ"

ကြားနေရတဲ့ စကားတွေဟာ အင်မတန်မှ အော့နှလုံးနာစရာ ကောင်းလှတာကြောင့် စိုစိုသည် သူ့ကို ခံစားမှုကင်းမဲ့နေသော အကြည့်တို့ဖြင့်ကြည့်၍ မဲ့ပြုံးတစ်ချက် ပြုံးကာ...

"နင် မှတ်ထားဖို့တစ်ခုက ငါ့ကို ဒူးထောက်တောင်းပန်ရင်တောင် နင် တစ်သက်လုံး ငါနဲ့ပတ်သက်ဖို့ အကြောင်းတရား မရှိဘူး ...

နောက်တစ်ခါ ထပ်ပြောလိုက်မယ်၊ ငါ့ကို ဒီလိုအပြုအမူမျိုးနဲ့ ဆက်ဆံတာဟာ ဒါ နောက်ဆုံးအကြိမ်





ဖြစ်ပါစေ၊ နောက်တစ်ခါ ဆိုရင်တော့ ငါ့အဆိုးမဆိုနဲ့၊ ငါ အရင်က သစ်ရွက်စိုစို မဟုတ်တော့ဘူး၊ ပေါက်တယ်နော်"

စိုစိုသည် စိတ်ထဲမှရှိသမျှ အမုန်းစာရင်းတွေကို ပါးစပ်ကနေ ထုတ်ပြောလိုက်သည်။ ကတိုးမောင်ကတော့ စိုစိုပြောတာကို ပန်းနဲ့ပေါက်တယ် ထင်နေသလားတော့ မပြောတတ်ပါ။ ထားလိုက်ပါလေ။

စိုစိုသည် ဟိုတစ်စုံတစ်ယောက်ကို လှည့်ကြည့်လိုက်လျှင်တော့ သူက ခုနကစားပွဲဝိုင်းမှာ ရှိမနေတော့။ မဖြစ်သေးပါ၊ သူ့ကို ပိုက်ဆံပြန်ဆပ်ရမည် ဖြစ်သောကြောင့် စိုစိုသည် ကတိုးမောင်ကို လှည့်ပင်မကြည့်နိုင်တော့ဘဲ ဟိုကိုယ်တော်လေးနောက်ကို အမီလိုက်ရတော့သည်။

စိုစိုကပဲ လမ်းလျှောက်မြန်တာလား၊ ဒါမှမဟုတ် သူကပဲ လမ်းလျှောက်နှေးနေတာလား မပြောတတ်ပါ။ ကားပါကင်နားမှာပင် သူ့ကို မီလုမီခင် ဖြစ်သောကြောင့် သူ ကြားလောက်အောင် လှမ်းခေါ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဒီမှာရှင့် ... ဒီမှာ"

စိုစိုရဲ့ခေါ်သံကြောင့် သူက တစ်ချက်လှည့်ပြန်ကြည့်လေသည်။ ပြီးတော့ ဘေးဘီဝဲယာ လှည့်ပတ်ကြည့်ကာ သူ့ကိုယ်သူ လက်ညှိုးထိုး၍ "ကျွန်တော့်ကိုလား"ဟု မေးလေသည်။ စိုစိုသည် စိတ်ရင်းကောင်းသော ထိုပုဂ္ဂိုလ်လေးရဲ့ အပြုအမူကြောင့် ရယ်ချင်သွားပေမယ့်လည်း ထိန်းချုပ်ကာ ခေါင်းတစ်ချက် ဆတ်ပြလျှင် သူက စိုစို့ဆီသို့ လျှောက်လာကာ သူ့သွားတက်လေးနှင့် လွန်စွာလိုက်ဖက်သည့် အပြုံးတစ်ခု ပြုံးပြ၍ လက်ဝါးတစ်ဖက် ထောင် နှုတ်ဆက်ကာ ...

"ဟိုင်း ... မင်းကို တွေ့ပြန်ပြီနော်၊ ကိုယ် ဘာများအကူအညီ ပေးရပါမလဲ"

"ရှင်ကလည်း လူတွေ့တာနဲ့ ဘာအကူအညီ ပေးရမလဲ ဆိုတာချည်းပဲ၊ ဘာလဲ ... ကျွန်မရုပ်က ဒုက္ခသည်ပုံ ပေါက်နေလို့လား"

စိုစိုက နဂိုမကြည်တဲ့ စိတ်အခံကြောင့် နည်းနည်း ဘုတောလွတ်လိုက်လျှင် သူက ပျာပျာသလဲ ခေါင်းခါယမ်းကာ လက်တွေခါြတွေပါ ပါမတတ် တောင်းပန်လေတော့သည်။





"မဟုတ် ... မဟုတ်ပါဘူး၊ ကိုယ်က ဒီလိုပဲ မေးလိုက်တာပါ၊ မင်းကလည်း ဒုက္ခသည်ရုပ် မပေါက်ပါဘူး၊ ချောပါတယ်၊ လှပါတယ်၊ သူဌေးသမီးရုပ်ရည်ပိုင်ရှင်ပါ ...

ကိုယ် စကားပြောမှားသွားတာ အနူးအညွတ် တောင်းပန်ပါတယ်နော်"

ကြည့်စမ်း ... ဘယ်လောက် သိမ်မွေ့ယဉ်ကျေးလိုက်လေသလဲ။ စိုစိုသည် သူ့ကို တစ်ချက်ငေးကြည့်လိုက်မိသည်။ ရေစိုဒီဇိုင်း ပန်းရောင်အနုအရင့် နှစ်ရောင်စပ် အမိုက်စားတီရှပ်ကို ဂျင်းပြာပြာနှင့် တွဲဖက်ဝတ်ထားပြီး LV အိတ်ကိုလည်း ဘေးမှာ လွယ်ထားသေးသည်။

သူ့စတိုင်လ်နှင့် ဟိုအရိုင်းအစိုင်း စတိုင်လ်ဟာ တစ်မျိုးစီ မိုက်ကြသော်လည်း ဒီကိုယ်တော်လေးကတော့ မက်လောက်စရာ အကွက်တွေ တွေ့ရပါသည်။ စိုစိုဟာ ဘာလို့များ အဲဒီ ကတိုးမောင်ကို တစ်ချိန်က ရည်းစားတော်ခဲ့မိသလဲ ပြောလို့ကို မတတ်တော့ပါ။

"ထားပါတော့၊ ခု ရှင့်ကို လှမ်းခေါ်လိုက်တာက ပိုက်ဆံပြန်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို အလျှင်အမြန် ထုတ်ယူနေသော သူမကို သူက ပျာပျာသလဲ လှမ်းတားကာ ...

"အာ ... မပေးပါနဲ့၊ မင်းကို တကယ့်စေတနာမှန်နဲ့ ကူညီတာပါ၊ ဒီပိုက်ဆံကို ပြန်လိုချင်လို့ ကူညီတာမှ မဟုတ်တာ ရပါတယ်"

"ဪ ... ရှင့်စေတနာကို အသိအမှတ် ပြုပါတယ်၊ ဒါပေမဲ့ ပိုက်ဆံတော့ ပြန်ယူပါ"

စိုစိုက သူ့ကို အတင်းကာရော ပိုက်ဆံပေးလျှင် သူက နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ခုကို ပြုံးပြကာ စိုစို့ကို ခေါင်းတစ်ချက် ဆတ်ပြ၍ ...

"မင်းဘက်က ပိုက်ဆံပေးမှ ဖြစ်မယ်ဆိုရင်တော့ ဒီလိုလုပ်လေ၊ ကိုယ့်ကို ကန်တင်းမှာ တစ်ခုခု လိုက်ကျွေးလိုက်ပါလား၊ မင်း အဆင်ပြေမယ် ဆိုရင်ပေါ့"

အင်း ... ဒီပုဂ္ဂိုလ်လည်း သိပ်တော့ ထူးမခြားနားပါပဲ။ ဒါပေမဲ့ စိုစိုသည် သူ့တစ်ယောက်ကိုတော့ သိပ်အမြင်မကတ်သဖြင့် သူပြောတာကို လက်ခံလိုက်သည်။ ဘာပဲဖြစ်ဖြစ်





သူစိမ်းယောက်ျားတစ်ယောက်နှင့် ကန်တင်းမှာ အတူထိုင်ရဲတဲ့ ရဲရင့်မှုမျိုး စိုစို့မှာ ရှိလာခဲ့ပြီဖြစ်သည်။ စိုစို့ရဲ့ ပြောင်းလဲမှုမှာမှ လူမကြောက်တဲ့ စိတ်ဓာတ်ဟာ အကောင်းဆုံး ပြောင်းလဲခြင်းပင် ဖြစ်ပါသည်။

"အင်း ... အိုကေလေ၊ သွားတာပေါ့"

သူနှင့်အတူ ယှဉ်တွဲကာ ကန်တင်းကို လျှောက်လာသော အခါမှာတော့ စိုစိုသည် စိတ်ထဲမှာ တစ်မျိုးတော့ ခံစားသွားရပေသည်။ စိုစိုထက် အနည်းငယ်ပိုမြင့်မားသော အရပ်အမောင်းကြောင့် သူဟာ အရပ်မြင့်သူတစ်ယောက်မှန်း သိသာစေပါသည်။ ကန်တင်းရောက်တဲ့အခါမှာ သူက အာလူးချောင်းကြော်တစ်ပွဲနှင့် coke တစ်ဘူး မှာပြီးနောက်မှာ ...

"မင်းကော ဘာမှာမလဲ"

"coke တစ်ဘူး"

သူက ခေါင်းတစ်ချက်ညိတ်ပြကာ ဝိတ်တာလေးကို မှာလိုက်ပြီးနောက်မှာတော့ သူ့လက်ထဲမှ ဖုန်းလေးကိုလှည့်ကာ ဆော့ကစားရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီမှာ သင်တန်းတက်နေတာလား"

"ဆိုပါတော့၊ ဒီမှာ web design လာတက်တာလေ"

စိုစို့စကားကြောင့် သူက အံ့ဩဝမ်းသာသွားဟန်ဖြင့် စိုစို့ကို တစ်ချက်ငေးကြည့်ကာ ...

"ဟုတ်လား ... ကိုယ်လည်း အဲဒါ တက်တယ်၊ ဒါပေမဲ့ မင်းကိုတော့ မတွေ့ဖူးဘူး"

"ဪ ... ဟုတ်လား၊ အင်း ... ဖြစ်တတ်ပါတယ်၊ ဒါနဲ့ နေစမ်းပါဦး၊ ရှင် ခုနက စို့ကိုတွေ့ရဲ့သားနဲ့ ဘာကိစ္စမခေါ်တာလဲ"

"အပေါ် ... မင်းက တခြားတစ်ယောက်နဲ့ စကားပြောနေတော့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ၊ ဒါထက် ... မင်းနာမည်က ..."

စိုစိုသည် မျက်ခုံးတစ်ချက်ပင့်ကာ မေးလိုက်သော သူ့ဒီဇိုင်းကို နည်းနည်းသဘောကျသွားသည်။ သူ့ပုံစံဟာ လူယဉ်ကျေးပုံမျိုးတော့ ပေါက်ပါသည်။

"သစ်ရွက်စိုစိုပါ"





"ဟား ... နာမည်ကတော့ ဖျားလောက်တယ်"

"မပူပါနဲ့၊ ဒီမှာ ဒီကိုဂျင်ရှိတယ်လေ ... ဟဲ ဟဲ"

စိုစိုကအရွှန်းဖောက်လိုက်လျှင် သူက လွှတ်လပ်သန့်စင်စွာ ရယ်မော၍ ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ...

"မင်းနဲ့ကိုယ် Section တစ်ခုတည်းတက်ပြီး မသိတာ အံ့ဩစရာပဲ၊ ကဲ ... ဒါဆို ကိုယ်နဲ့ သစ်ရွက်စိုစို ဘော်ဒါတွေ ဖြစ်သွားပြီနော်၊ ရတယ်မှုလားဟင်"

အင်းလေ ... ယောကျ်ားလေးမိတ်ဆွေရှိတာ ကောင်းပါတယ်။ စိုစိုသည် သူ့ကို တစ်ချက်ပြုံးကာ ခေါင်းတစ်ချက်ဆတ်ပြ၍ ...

"ရပါတယ်၊ ဒါပေမဲ့ သူငယ်ချင်း ဖြစ်တယ်သာပြောတယ် ရှင့်နာမည်လည်း မသိရသေးပါလား"

"အာ ... ဟုတ်သားပဲ၊ ပြောဖို့မေ့သွားတယ်၊ ဆောရီး ... ကျွန်တော့်နာမည် ရနှောင်းထင်ပါ"

ရနှောင်းထင်။ စိုစိုသည် သူ့နာမည်ကို ခပ်တိုးတိုး ရေရွတ်ကာ နားထင်ကို လက်ဖြင့်ထောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရနောင်းထင် ... ဒီနာမည် ကြားဖူးနေသလိုပဲ"

စိုစို့စကားကြောင့် သူက နှစ်လိုဖွယ်ကောင်းစွာ ပြုံးကာ ...

"ဖြစ်နိုင်ပါတယ်၊ နာမည်တူမရှား လူတူမရှားဆိုတာ ရှိပါတယ်"

"ဟုတ်ပါတယ်လေ၊ ဒီနာမည်ကို ကြားဖူးနေတာတော့ အမှန်ပဲ ...

ကဲ ... သင်တန်းချိန် နီးနေပြီ၊ သွားရအောင်လေ"

စိုစိုက စကားစဖြတ်ကာ ပိုက်ဆံရှင်းပြီးနောက်မှာတော့ သူကပါ မတ်တတ်ထရပ်၍ ...

"class ထဲ ဝင်တော့မှာ မလား၊ အတူတူသွားမယ်လေ သစ်ရွက်စို"

"သွားမယ်လေ၊ ဩော် ... စို့ကို ရင်းနှီးတဲ့သူတိုင်းက စိုစိုလို့ပဲ ခေါ်ကြပါတယ်"

"ကောင်းပါပြီ စိုစို၊ ဒါဆို ကိုယ်တို့တွေ ရင်းနှီးသွားပြီနော်၊ လမ်းမှာတွေ့ရင်လည်း ခေါ်မယ်နော်"





စိုစိုက သူ့အပြောကို သဘောကျစွာ ရယ်မောကာ ပခုံးတစ်ချက်ကို ဟန်ပါပါတွန့်လိုက်ကာ "ရပါတယ်"ဟု ခပ်တိုးတိုးဆိုကာ သူနှင့်အတူ အတန်းသို့ တူတူဝင်လိုက်ကြသည်။

အဲဒါဟာ ပျော်စရာကောင်းသော ခံစားမှုဟု မထင်မှတ်သော်လည်း စိုစို့စိတ်တွေ လန်းဆန်းတာကတော့ အမှန်ပင် ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၇

“ရွှန်း … ဘာလုပ်နေတာလဲ”

မေးခွန်းနှင့် အတူ စိုစိုသည် ရွှန်း၏ဘေးနားတွင် ဝင်ထိုင်လိုက်သည်။ ရွှန်းသည် ဝတ္ထုစာအုပ်ဖတ်နေရင်းက စိုစို့ကို လှမ်းဖြေလေသည်။

“ဝတ္ထုဖတ်နေတာလေ . စိုစိုရဲ့”

“ဝတ္ထု၊ ဘာဝတ္ထုမို့ ဒီလောက်တောင် စိတ်ဝင်တစားဖတ်နေရတာလဲ”

စိုစိုသည် ရွှန်း၏ပခုံးပေါ် ခေါင်းလေးမှီတင်ကာ ခပ်သောသောလေး မေးလိုက်လျှင် ရွှန်းက စာဖတ်မပျက်ဘဲ ပြန်ဖြေလေသည်။





“ရနောင့်းထင်ရဲ့ဝတ္ထုလေ၊ နှုတ်ခမ်းပန်းချီဆွဲတမ်းတဲ့၊ ဓာတ်လမ်းလေးက စိတ်ဝင်စားဖို့ ကောင်းလိုက်တာဟယ်”

“ရနောင်းထင်”

စိုစိုသည် ရွှန်းပြောမှပဲ စာရေးဆရာ ရနောင်းထင်ကို သွားမှတ်မိတော့သည်။ ရနောင်းထင်တဲ့ … ရနောင်းထင်။ မနေ့က စိုစိုနဲ့ မိတ်ဆွေဖြစ်ခဲ့သည့်သူ နာမည်ကလည်း ရနောင်းထင်ပဲမှလား။

စိုစိုနှင့် ခင်ခဲ့သည့်သူဟာ နာမည်ကြီးစာရေးဆရာ ရနောင်းထင်များ ဖြစ်နေမလား။

အင်း … မဖြစ်နိုင်ပါဘူးလေ။ နာမည်တူမရှား၊ လူတူမရှား ရှိတတ်ပါတယ်လို့ သူပဲပြောခဲ့တာမှလား။ သူဟာ စာရေးဆရာတစ်ယောက် တကယ်ပဲ ဖြစ်ခဲ့မည်ဆိုပါက သူဟာ စာရေးဆရာလုပ်စားဖို့ထက် မင်းသားလုပ်ဖို့ပဲ ကောင်းမည်ဟု သူမကထင်ပါသည်။

ဝါရွှေနွယ်သွေးသော အသားအရေတို့ ခြံရံထားသော သူရဲ့မျက်နှာဟာ ဓာတ်တစ်မျိုးမျိုး ဖြာထွက်လင်းလွဲနေ



www.burmeseclassic.com

www.burmeseclassic.com



သလိုကို ကြည့်ကောင်းလှပေသည်။ ပြုံးလိုက်လျှင် နူးညံ့နွေးထွေးစွာ ပြုံးတတ်အောင် သူ ဘယ်လိုများ မှန်ကြည့်ကျင့်ထားသလဲ မပြောတတ်ပါ။

သူ စိုးကို ပြုံးပြလိုက်တိုင်း ကမ္ဘာကြီးတစ်ခုလုံး ပို၍ နွေးမြလာကာ အဲဒီအနွေးဓာတ်တွေက စိုးကို လာဟပ်လိုက်သလို ရှိန်းမြမှုကို ခံစားရပါသည်။

(အမယ်လေး ... သူ တစ်ခါပြုံးတိုင်းသာ ကမ္ဘာကြီး တစ်ခါပူနွေးလာမယ်ဆိုရင် ဒုက္ခပဲနော်။)

"ဟေး ... စိုစို၊ ခေါ်နေတာကို အဖက်တောင်မလုပ်ဘူး၊ ဘာတွေများ ဒီလောက်တောင် စဉ်းစားခန်း ဖွင့်နေရတာ တုန်း"

ရှန်းက စိုစို့လက်မောင်းကို ဖျတ်ခနဲပုတ်ကာ ခေါ်မှပဲ စိုစိုသည် အတွေးစတို့ ပြတ်တောက်သွားပြီး ရှက်ရယ် ရယ်လိုက်ကာ ...

"အဟဲ ... ရှန်း ဘာပြောလိုက်တာလဲဟင်၊ မကြားလိုက်သလိုလေး ဖြစ်သွားလို့"





"အေး ... မကြားလိုက်သလိုလေး ဟုတ်လား၊ အင်း ... အင်း ... ထပ်ပြောမယ် မမစိုစိုကို သိလား၊ ဟွန့် ... ငါ မေးနေတာက ညည်းနဲ့ဟိုကောင် အခြေအနေ ဘယ်လိုလဲ မေးနေတာ"

"သြော် ... သူနဲ့က ဒီလိုပါပဲ ရှန်းရယ်၊ စိုစိုရဲ့ပြောင်းလဲမှုတွေက သူ့အတွက်တော့ အံ့အားသင့်စရာတွေချည်းပဲ ပေါ့"

"အေးပေါ့ ... ဘာပဲဖြစ်ဖြစ် ငါ့တူမလေးရဲ့ပြောင်းလဲမှုက သူ့အတွက် နှောင်တရစရာ ဖြစ်နေတယ် ဆိုကတည်းက ဒါ စိုစိုရဲ့အောင်မြင်မှုပဲ၊ ဟုတ်တယ် မလား"

စိုစိုက ရှန်းရဲ့စကားကို ထောက်ခံစွာဖြင့် ခေါင်း တစ်ချက်ညိတ်ပြလိုက်ပြီး နောက်မှာတော့ နာရီကိုတစ်ချက်ကြည့်လိုက်လျှင် လေးနာရီတောင် ထိုးတော့မည်ဖြစ်သည်။ အင်း ... မဖြစ်သေးပါဘူး၊ သွားရမည့်ကိစ္စတော့ သွားမှ။

"ကဲ ... ရှန်းရေ၊ စို gym သွားရဦးမယ်၊ ရှန်း လိုက်ဦး မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး၊ ဟုတ်သားပဲ၊ မလိုက်တော့ဘူး စိုရယ်၊ ကိုယ့်ဘာသာပဲ သွားလိုက်တော့"

"ပြီးတာပဲ၊ အဲဒါဆို သွားဖို့ပြင်လိုက်ဦးမယ်"

စိုစိုက ရှန်းရဲ့အမိန့်ကြောင့် park royal မှာ gym ဆော့နေရတာဖြစ်သည်။ သက်လုံကောင်းစေရန်နှင့် body ကို ထိန်းရန်အတွက် တစ်ပတ်မှာ သုံးရက်လောက်တော့ အဲဒီမှာ gym သွားဆော့ဖြစ်သည်။

တစ်ခါတလေ မနက်ပိုင်း၊ တစ်ခါတလေ ညနေပိုင်း ပုံသေမသတ်မှတ်ဘဲ ဆော့လာရာမှ ဒီကနေ့မှာတော့ သူနှင့်ကျမှ တိုက်တိုက်ဆိုင်ဆိုင် သွားဆုံလေသည်။ သူက စိုစို့ကို လှမ်းမြင်သောအခါ အံ့ဩသွားသော မျက်နှာဖြင့် ...

"ဟာ ... စိုစို၊ ဒီလာတာလား"

"စိုက gym ဆော့နေတာ၊ ရှင်ကကော gym လာတာလား"

"ဟုတ်တယ်"

ဟယ် ... အံ့ရောပဲ။ သူကလည်း ဒီမှာ gym လာဆော့တာတဲ့။ သူနှင့်ဆုံတာတွေဟာ တိုက်တိုက်ဆိုင်ဆိုင် ပုံစံတွေ





ဖြင့် ဆုံနေတာများပြီဖြစ်သည်။ သူကတော့ စိုစိုနှင့် အခုလိုဆုံတာ ပျော်နေဟန်ရှိသော မျက်နှာဖြင့် စိုစို့ကို ပြုံးကြည့်နေသည်။

သူ့ရဲ့ပုံစံဟာ တကယ့်ကို အားကစားသမားပုံစံမျိုး ပေါက်ပါသည်။ အနက်ရောင်လက်ပြတ်ကို အစင်းကွက်ကွာတားဘောင်းဘီလေးဖြင့် ရိုးရိုးလေး ဝတ်ဆင်ထားသဖြင့် ရှင်းသန့်နေပါသည်။

ဒါဟာ သူ့အတွက်တော့ ဖိုသီဖတ်သီ စတိုင်လ်မျိုးဖြစ်ပေမယ့် attraction တစ်မျိုးဖြင့် လွန်စွာကြည့်ကောင်းပါသည်။

"စိုစို့ကို အပြန်ကျရင် တစ်ခုခု လိုက်ကျွေးချင်တယ်၊ ဖြစ်မလား"

စိုစိုသည့်ငြင်းရမှာ အားနာသလိုရှိသည်နှင့် ခေါင်းတစ်ချက်ညိတ်ပြကာ ကစားသည့်ခန်းမထဲသို့ ဝင်ရောက်လာခဲ့သည်။ တစ်နာရီကျော်လောက် ကစားပြီးနောက် ရေမိုးချိုးကာ အဝတ်စားလဲပြီး ပြန်ထွက်လာလျှင် သူက အောက်ထပ်ရှိ ဆက်တီမှာ အခန့်သား ထိုင်စောင့်နေသည်။

"စောင့်နေတာ ကြာပလား"



www.burmeseclassic.com

www.burmeseclassic.com



"မကြာသေးပါဘူး၊ သွားရအောင်လေ ဘယ်ဆိုင်မှာ စားမလဲ"

"ရပါတယ်"

"အဲဒါဆို YKKO ပဲ သွားတာပေါ့"

စိုစိုက ခေါင်းတစ်ချက် ဆတ်ပြီးနောက် သူနှင့် စိုစိုသည် ကားပါကင်ဆီသို့သွားကာ ကားတစ်ယောက်တစ်စီးစီဖြင့် ဆိပ်ကမ်းသာလမ်းက YKKO ဆီသို့ ရောက်သွားလေတော့သည်။

စိုစိုက ညနေပိုင်းလည်း ဖြစ်တာကြောင့် ကြေးအိုးပဲ သောက်သည်။ သူကတော့ ကြေးအိုးဆီချက် စားပါသည်။ စိုစိုတို့သည် ကြေးအိုးစားရင်းနှင့် စကားစမြည် ပြောဖြစ်ပါသည်။

"ဒါနဲ့ ရှင်က စာရေးဆရာလားဟင်"

အဆက်စပ်မရှိ မေးလေသော စိုစို့အမေးကို သူက သဘောပေါက်စွာဖြင့် အသာရယ်ကာ မေးတစ်ချက်ဆတ်ပြရင်း ...

"ဘယ်လို ထင်လို့လဲ"

"အယ်ကွယ် ... ရှင့်ကို မေးတာကို အမေးနဲ့ ပြန်မချေနဲ့လေဟယ်"





စိုစို့ရဲ့အမေးကြောင့် သူဟာ ဟက်ဟက်ပက်ပက်ကို ရယ်ကာ နေသည်။ အဲဒီလို ရယ်နေပုံလေးဟာ ပေါ့ပေါ့ပါးပါးလေးနှင့် အတော်ကြည့်ကောင်းတာ ဖြစ်ပေသည်။ စိုစိုက သူရယ်နေတာကို ငေးနေဆဲမှာပင် သူက လွန်စွာအံ့ဩဖို့ကောင်းသော အဖြေကို ပေးလေသည်။

"ဟုတ်တယ်၊ ကိုယ်က စာရေးပါတယ်"

အိုး ... ဘုရားရေ။ ဒါ ... ဒါဆို သူက နာမည်ကြီးနေတဲ့ စာရေးဆရာ ရနောင်းထင်ပေါ့။ ဟုတ်ပ်ပါ့မလား bstseller တွေက ဒီလောက် သဘောကောင်းရဲ့လား။

"ဒါဆို ရှင်က စာရေးဆရာ ရနောင်းထင် ဆိုတာ တကယ်ကြီးပေါ့"

"စိုစိုက မယုံလို့လား"

သူက ခပ်တည်တည် မေးလိုက်လျှင် စိုစိုက ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ခေါင်းယမ်းပြ၍ ...

"ယုံပါတယ် ... ယုံပါတယ်၊ ဒါနဲ့ ရှင်က ဘာလို့စာရေးဆရာပါဆိုပြီး ဖွင့်မပြောရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် စိစိရယ်၊ ကိုယ့်စိတ်ကလေ ဟို ... ဘယ်လို ပြောမလဲ၊ ကျွန်တော် စာရေးဆရာပါဆိုပြီးတော့ ဂုဏ်ပုဒ် မတတ်ချင်ဘူး၊ ကိုယ်က ကိုယ့်ရဲ့ပုံစံအတိုင်း simple ပဲ ဖြစ်ချင်တယ် ...

ဂုဏ်တစ်ခုကြောင့် ဖြစ်လာမယ့် အရှိန်ကြောင့် ခင် မင်တာမျိုးကိုတော့ မလိုချင်လို့ မပြောဖြစ်တာ ဆိုပါ တော့"

"အမယ် ... ကြီးကျယ်လို့၊ ရှင့်ဘာသာ ဘာပဲဖြစ်ဖြစ် ခင်စရာကောင်းရင် ခင်မှာပဲ၊ ကပ်ဖားယပ်ဖားလုပ်ပြီး ရလာတဲ့ ပေါင်းသင်းဆက်ဆံရေးမျိုးကို စိက လုံးဝမမက် မောဘူး"

စိစိ့စကားကြောင့် သူက တွေ့လားဆိုသော သဘော ဖြင့် မျက်စတစ်ချက်ပစ်ကာ ...

"အဲဒီလို စိစိ မဟုတ်မှန်း သိပါတယ်ဗျာ၊ ကိုယ့်ကိုတော့ ခင်ခင်မင်မင် ဆက်ဆံပါနော်"

"ဟုတ်ကဲ့ပါ ကိုရနောင်းထင်"





"အာ ... ကိုယ့်ကိုလည်း ထင်လို့ပဲခေါ်ပါ စိစိ၊ သူငယ် ချင်းတွေပဲဟာ"

ထင်တဲ့။ စိစိသည် သူ့ရဲ့စကားကြောင့် အဲဒီနာမည် ကို ခပ်တိုးတိုးလေ ရေရွတ်လိုက်မိသည်။ မဆိုးပါဘူး။ သူ့လို best seller နှင့် စိစိ ခင်ခွင့်ရတာ ကံကောင်းတာပင်။

"အိုကေလေ ... ထင် ဒီနေ့ဒါနပြုတဲ့အတွက် thank you"

သူက တစ်ခုခု ပြောမည့်ဟန်ဖြင့် ပါးစပ်အပြင်မှာ တော့ စိစိ့ရဲ့ဟန်းဖုန်းလေးက ထမြည်လာသဖြင့် သူရော ကိုယ်ပါ နှုတ်ဆိတ်သွားလျက် စိစိသည် "ခဏနော်"ဟု ခွင့်တောင်းကာ ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ကိုယ့်ကို မှတ်မိပါသေးတယ်နော် စို"

သည်အသံကြောင့် စိစိရဲ့ခန္ဓာကိုယ်တစ်ခုလုံးသည် လေထဲသို့ မြောက်တက်သွားသလိုကို ခံစားလိုက်ရသည်။ ဘုရား ရေ ... သူဟာ ကွယ်ပျောက်သွားခဲ့တဲ့ စိစိ့ရဲ့တစ်စုံတစ်ယောက် ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ကမ္ဘာကြီးရယ်၊ ဘာတွေဖြစ်ကုန်ပြီလဲဟင်။

"ဟေး ... ငြိမ်လှချည်လား၊ ကိုယ့်ကို မှတ်မိသေးရဲ့လား စို"

သူ့ရဲ့ဒုတိယမြောက်စကားသံ ကြားမှပဲ စိုစိုသည် သတိပြန်ဝင်လာကာ ပျက်ယွင်းသွားသော မျက်နှာကို ဟန်မပျက် ထိန်းကာ ကိုယ့်အနားမှာ ထင် ရှိနေသည်ဆိုသော အသိကြောင့် ကတိုးမောင်ကို အပြတ်ဖြတ်ရသေးသည်။

"ရှင် ဘာကိစ္စ ဖုန်းဆက်တာလဲ"

"လေစိမ်းတွေ တိုက်လိုက်တာ စိုလေးရယ်၊ ကိုယ့်မှာ စိုလေးနဲ့ ပတ်သက်ခွင့်လေးတောင် မရှိတော့ဘူးလား"

"ဒီမှာ ကတိုးမောင်၊ နင့်အနေနဲ့ ငါ့ဆီကို ဖုန်းဆက်စရာ အကြောင်းမရှိဘူး၊ ဒါပဲ"

စိုစိုသည် ခပ်ပြတ်ပြတ်ပြောကာ ဖုန်းပါပိတ်လိုက်လျှင်တော့ ထင်က နားလည်မှုရှိသလို တစ်ချက်ပြုံးကာ ...

"စားလိုက်ပါဦး စိုစို"





သူက မသိချင်ယောင်ဆောင် ပြောလိုက်လျှင် စိုစိုက အားနာသလို ခေါင်းတစ်ချက် ဆတ်ပြပြီးနောက် ကြေးအိုး ဆက်စားသည်။ စိုစိုတို့ ခဏတော့ နှုတ်ဆိတ်သွားသလိုပင်။

"သစ်ရွက်စိုစိုမှာ စိတ်ညစ်စရာလေးတွေ ရှိတယ် ထင်တယ်"

သူ့ရဲ့အပြောကြောင့် စိုစိုက သူ့ကို အံ့ဩသလို တစ်ချက် လှမ်းကြည့်လိုက်လျှင် သူက နူးညံ့စွာ ပြုံးပြကာ ...

"ဟုတ်ပါတယ်၊ တိတိကျကျ ပြောရရင်တော့ မင်းက နှလုံးသားနဲ့ ပတ်သက်ပြီး အထိအခိုက် တစ်ခုခု ရှိထားလို့ ညစ်နေတယ် ဟုတ်လား"

အယ်ကွယ် ... သူ့ရဲ့အပြောဟာ စိုစို့အတွက်တော့ အံ့ဩစရာပင် ဖြစ်ပါသည်။ သူဟာ လူတစ်ယောက်ကို အကဲခတ်နိုင်တဲ့ will power ကောင်းလှချည်လား။ လူတစ်ယောက်ကို ကြည့်တာနှင့် ဒီလူ ဘာလဲဆိုပြီး character ဖမ်းနိုင်တဲ့ talent (ပါရမီ)မျိုး ရှိနေလို့လည်း ဒီနေ့မှာ သူဟာ best seller စာရေးဆရာ ဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ စိုက အဲဒီပုံ ပေါက်နေလို့လား"

စိုစိုက ကိုယ့်ပုံက အဲဒီလိုများ ဖြစ်နေသလားဆိုပြီး သက်ာမကင်းဖြစ်ကာ သူ့ကို အသည်းအသန်မေးလျှင် သူက ခပ်သောသောရယ်ကာ ...

"အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းတို့လို (၂၀) ကျော်အရွယ်လေးတွေမှာ ညစ်စရာဆိုလို့ ဒီထဲက (သူ့ရင်ဘတ်သူ ပုတ်ပြ၍)ကိစ္စပဲ ရှိတာလေ ကလေးမရဲ့၊ မဟုတ်ဘူးလား"

သူက ကလေးမဟု သုံးနှုန်းလိုက်လျှင် စိုစိုသည် ဆတ်ဆတ်ထိ မခံနိုင် ဖြစ်သွားရတော့သည်။ တကယ်ဆို သူနှင့် စိုစိုဟာ မတိမ်းမယိမ်း အသက်လောက်သာ ရှိနိုင်မည်။ ဒါကိုများ သင်းက ပညာရှိအိုက်တင်ဖမ်းပြီး ဆရာကြီး လာလုပ်နေသေးရဲ့။

"ရှင်နော် ... လူကိုများဘာကလေးမလဲ၊ ရှင်နဲ့စိုက ဘယ်လောက်များ အသက်ကွာမှာမလို့လဲ"

"ဟား ဟား ... မဟုတ်ပါဘူး၊ စိတ်မဆိုးပါနဲ့ကွာ၊ ကိုယ်က မင်းကို ကလေးလေးနဲ့တူတယ် ထင်မိလို့ ပြောလိုက်





တာပါ၊ အသက် ဘယ်လောက်ပဲကွာကွာလေ၊ ကိုယ့်နှလုံးသားကို အကောင်းဆုံး control လုပ်နိုင်သူက ဘာပဲဖြစ်ဖြစ် ဆရာကျပါတယ်"

ကြည့်စမ်း ... သူဟာ ပြောလေကဲလေပါလား။ ဒါပေမဲ့ သူ ခုနကပြောတဲ့ဒိုင်ကတော့ ပညာသားပါပါသည်။ အင်း ...ဒီလို ဆန်းပြားတဲ့ idea တွေရှိလို့လည်း စာရေးဆရာ ဖြစ်တာထင်ပါရဲ့။

စိုစိုဟာ သူ့စာအုပ်တွေကို မလွတ်တမ်းဖတ်သူတစ်ယောက် မဟုတ်ပေမယ့် သူ ရေးသားထုတ်ဝေတဲ့ ဝတ္ထုတော်တော်များများကိုတော့ ဖတ်ဖူးလေသည်။ ဒါပေမဲ့ သူ အဲဒီလို ဆရာကြီးလုပ်တာကိုတော့ အမြင်ကတ်ပါသည်။

"ဒီမယ် ... နင်ဟာလေ တော်တော့်ကို ဆရာကြီးလုပ်ချင်နေပါလား၊ ငါ့ဘာသာ နှလုံးသားကိစ္စဖြစ်လည်း နင်နဲ့ဘာဆိုင်လို့လဲ"

စိုစိုက စိတ်ပေါက်ပေါက်နှင့် ကက်ကက်လန် ရန်တွေ့လျှင် သူက အံ့အားသင့်ကာ စိတ်ဆိုးပုံမပေါက်ဘဲ သဘောတကျ ရယ်မောကာ ...



www.burmeseclassic.com

www.burmeseclassic.com



“အဟား … မိုက်တယ်ကွာ၊ အေးပါ … ဒီလိုမျိုးပြောဆိုမှ သူငယ်ချင်းပုံပေါက်တယ်၊ ဘာလို့မှန်း မသိဘူး စိုစို့ကို ကိုယ် တကယ်ခင်မိတယ်၊ ကဲပါ … ဘာပဲဖြစ်ဖြစ် ကိုယ့်ကို တိုင်ပင်ပြောဆိုနိုင်ပါတယ် စိုစို”

ဟယ် … အံ့ရောကွယ်။ စိုစိုက နင်တွေ ငါတွေနဲ့ သူ့ကို ရန်တွေ့နေတာကို၊ သူက ပိုတောင် ရင်းနှီးတယ် ဆိုပါလား။ စာရေးဆရာရယ် … ရှင်တို့ယောက်ျားတွေရဲ့စိတ်ကို စိုတော့ တကယ်လိုက်မမီတော့ဘူး။

“ကိုယ် မင်းကို စကားလေးတစ်ခွန်းတော့ ပြောချင်တယ်၊ ကိုယ့်ဝတ္ထုထဲမှာ ထည့်သုံးမယ့်စကားပေါ့၊ ဒါပေမဲ့ မင်းအတွက် အကျိုးရှိနိုင်မယ်ထင်လို့ ပြောလိုက်တာပါ၊ ကိုယ် ပြောတဲ့ စကားကြောင့် ကိုယ့်ကို မင်း စိတ်တော့မဆိုးပါနဲ့နော်၊ အဲဒီစကားဟာ ကိုယ်ကိုယ်တိုင်လည်း လိုက်နာ လက်ခံတဲ့ စကားလေးပါ စိုစို …

မင်း ပြောခွင့်ပြုမယ် ဆိုရင်ပေါ့”





အင်း … သူ့ဝတ္ထုထဲမှာ ထည့်သုံးမယ့် ဒိုင်ယာလော့ခ်ကို စိုစိုက နားဆင်ရမှာပဲ။ စိတ်ဆိုးလောက်စရာ စကားတော့ မဖြစ်နိုင်ပါဘူးလေ။

“ပြောကြည့်လေ”

သူက ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ ပြုံးလိုက်ရင်း စပြောလာသည်။

“အချစ်နဲ့ပတ်သက်တဲ့ ဖလော်လေးပါ၊ မိန်းကလေးပဲဖြစ်ဖြစ် ယောက်ျားလေးပဲဖြစ်ဖြစ် ဆယ်ကျော်သက်အရွယ်မှာ အချစ်ကို မျက်စိနဲ့ပဲ ရှာဖွေတတ်တယ်၊ နှစ်ဆယ်ကျော်မှာတော့ အချစ်ကို နှလုံးသားနဲ့ ရှာကြပြန်ရော …

အဟင်း… နှစ်ဆယ်ကျော် ငါးနှစ်ပတ်လည် နောက်ပိုင်းမှာတော့ အချစ်ကို ဦးနှောက်နဲ့ ရွေးကြပြန်ရော၊ ဦးနှောက်နဲ့ ရွေးချယ်တဲ့ အချစ်မှာ နှလုံးသားခံစားချက် ပါလာရင်တော့ အကောင်းဆုံးပေါ့ …

ကိုယ်ဆိုလိုချင်တာက အချစ်ဆိုတာ အသက်အရွယ် အရ ပြောင်းလဲမှု ရှိတတ်တယ်လေ၊ အဲဒါကြောင့်မို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက်နဲ့ ကိုယ့်စိတ်တွေကို ပစ်စလက်ခတ် မျှောပစ်လိုက်မှာစိုးလို့ ကိုယ့်စာဖတ်ပရိသတ်တွေကို အကြံပေးတဲ့အနေနဲ့ ရေးဖို့စိတ်ကူးတာပါ၊ ကိုယ် ဘာလို့ ဒီစကား ပြောရတယ်ဆိုတာ စိုစို နားလည်ပါတယ်နော်”

သူ ဘာကိုပြောသလဲဆိုတာ စိုစို နားလည်ပါသည်။ အင်းလေ … စိုစိုရဲ့ဖြစ်ပျက်သွားတဲ့ပုံစံဟာ သူ့လို လူကဲခတ်ကျွမ်းကျင်တဲ့ စာရေးဆရာအတွက် စိုစို ဘာခံစားနေရသလဲ ဆိုတာ ရိပ်မိမှာပေါ့။ သူ့ရဲ့စေတနာစကားကို စိုစို အသိအမှတ် ပြုပါသည်။

“ကျေးဇူးတင်ပါတယ် ထင်၊ စို့အပေါ်ကို အခုလို သူငယ်ချင်းကောင်းစိတ်ဓာတ်နှင့် လမ်းပြပေးတဲ့အတွက်ပါ”

“ရပါတယ် စိုစို၊ လူတိုင်းဟာ အချစ်အတွက်နဲ့ တစ်ခါလောက်တော့ မိုက်ဖူးကြတာပါချည်းပဲ၊ ကိုယ်လည်း စိုစို့လို တစ်ချိန်က ခံစားဖူးခဲ့ပါတယ် …

သြော် … စိုစို အခုလို ငိုင်နေသလိုမျိုးကို ပြောတာပါ၊ အခုတော့လည်း ဒါတွေက ကုန်ကြမ်းတစ်ခု ဖြစ်သွားခဲ့ပါပြီ”





စိုစိုသည် သူ့အကြောင်းကို တစေ့တစောင်းတော့ စိတ်ဝင်စားမိသွားပါသည်။ ဒါပေမဲ့ ချက်ချင်းကြီး ဘာလဲဟင် ဆိုပြီး သွားမေးလိုက်လျှင် သိပ်မကောင်းတာကြောင့် နောက်များမှသာ မေးတော့မည်ဟု တေးမှတ်ထားကာ ပြန်ဖို့စကားစရတော့သည်။

“ကဲ … စကားပြောရတာလည်း ကောင်းတယ်၊ ဒါပေမဲ့ အချိန်လည်း မနည်းတော့ဘူး၊ မှောင်တောင် မှောင်တော့မယ်၊ ပြန်ကြစို့”

သူက နားလည်မှုရှိစွာ ခေါင်းတစ်ချက် ဆတ်ပြ၍ ပိုက်ဆံရှင်းပြီး နောက်မှာတော့ စိုစိုနှင့်အတူ ကားပါကင်သို့ ထွက်လာကာ … စိုစို ကားပေါ်တက်ဖို့ ဟန်ပြင်မယ် ဆိုတုန်းမှာပင် …

“သြော် … ဒါနဲ့ ကိုယ် မင်းဖုန်းနံပါတ်လေးများ သိခွင့်ရှိမလား စိုစို”

စိုစိုသည် ပေးဖို့စိတ်ကူးလိုက်ပေမယ့် ခင်မင်မှုအတိုင်းအတာက တိုတောင်းနေသေးတာကြောင့် နောက်များမှာမှ ပေးဖို့ စဉ်းစားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါကျမှ ပေးမယ်လေ"

"ရပါတယ်"

ထင့်ကို နှုတ်ဆက်ကာ စိုစိုက အိမ်သို့ပြန်လာခဲ့တော့သည်။ ပြောရရင်တော့ ရနောင်းထင်ဟာ ဘာမာန်မာနမှ မရှိသည့် flexible ဖြစ်သော သူငယ်ချင်းကောင်းမျိုး ဖြစ်သည်။ စိုစိုနှင့်ဆုံတာ မကြာသေးပေမယ့် စိုစို့ရဲ့စိတ်ကို နားလည်ပေးနိုင်တဲ့ ယောကျ်ားမျိုးဖြစ်သည်။ အဲဒီအတွက် ကျေနပ်မိပေမယ့် စိုစိုဟာ ဘယ်လိုယောကျ်ားမျိုးကိုမှ အယုံအကြည်မရှိတော့တာဟာ သူ့အတွက်တော့ စိတ်မကောင်းစရာပင် ဖြစ်ပါသည်။

❦ ○ ❦





❦ ၈ ❦

ထင်သည် နေ့လယ်ပိုင်း စာရေးရင် ရေးနေကြနေရာလေးဖြစ်သော ခြံထဲက ပန်းခြံလေးထဲမှ ကျောက်စားပွဲလေးမှာထိုင်ကာ မပြီးပြတ်သေးသော ဝတ္ထုစာအုပ်တစ်အုပ်ကို ဆက်ရေးနေပါသည်။

ခုရက်ပိုင်းမှာ စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာကိစ္စတွေက များတာကြောင့် စာရေးဖို့ mood က ဘယ်လိုမှမဝင်ဘဲလေနေတာဖြစ်သည်။ ဒီနေ့တော့ စိတ်လေးကလည်း ကြည်ကြည်လင်လင်ရှိကာ စာရေးချင်စိတ်တွေက တဖွားဖွားပေါ်နေတာမို့ မနက်ကတည်းက စာထိုင်ရေးနေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရှစ်နာရီလောက်ကတည်းက စာရေးတာဟာ တစ်နာရီတောင် ခွဲတော့မည်မို့ သူ့ဗိုက်တွေက တကျုတ်ကျုတ် ဆာလောင်လာပြီမို့ စာရေးတာကို ခဏရပ်လိုက်ပြီး ထမင်းသွားစားမည် အလုပ်မှာတော့ သူ့ထံသို့ ဧည့်သည်တစ်ယောက်က ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာတာဖြစ်သည်။ တခြားသူတော့ မဟုတ်။ သူ့ရဲ့ တစ်ခါကတစ်ဘဝ ဖြစ်ခဲ့ဖူးသော မိုးစန္ဒီပင် ဖြစ်ပါသည်။

"ဘာကိစ္စရှိလို့လဲ စန္ဒီ"

"အပေါ် ... ကိုယ့်သူငယ်ချင်းဆီ လာလည်တာပဲ မရဘူးလားဟင်"

ထင်က ကျစ်ခနဲ စုပ်မသပ်မိအောင် တော်တော်ထိန်းထားရပါသည်။ မိုးစန္ဒီဟာ သူ့အတွက်တော့ အခုချိန်မှာ ဘာမှမဟုတ်တော့ဘူး ဆိုတာ သူမ နည်းနည်းတော့ သိတတ်ဖို့ကောင်းခဲ့ပါသည်။

"ငါ မနက်ကတည်းက စာထိုင်ရေးနေတာ အခုထိပဲ စန္ဒီ၊ ငါ lucnch တောင် မစားရသေးဘူး၊ ပြီးတော့ နည်းနည်း





လည်း ပင်ပန်းနေတယ်၊ ဧည့်ဝတ်မကျေနိုင်တာကိုတော့ ခွင့်လွှတ် ...

ရွှေပန်း ... သူ့အတွက် တစ်ခုခု စီစဉ်ပေးလိုက်ပါ၊ ငါ lunch သွားစားလိုက်ဦးမယ်၊ စန္ဒီ ခဏစောင့်"

သူက အိမ်ကကောင်မလေးကို ခိုင်းလိုက်ပြီးနောက်တော့ ထမင်းစားခန်းဆီသို့ ဝင်လာခဲ့တော့သည်။ ကြီးကြီးတို့က အခြေအနေကို သဘောပေါက် ရိပ်စားမိဟန်ဖြင့် ...

"သားငယ် စကားမပြောချင်ဘူးဆိုရင် ကြီးကြီး အဆင်ပြေအောင် သွားကြည့်ပြောလိုက်မယ်လေ သားငယ်"

"ရတယ် ကြီးကြီး၊ ကျွန်တော် ထမင်းစားပြီးရင် သူနဲ့စကားသွားပြောမှာပါ။ ခုလောလောဆယ်တော့ ကြီးကြီးပဲသွားဧည့်ခံထားလိုက်ပါ၊ ကျွန်တော်စားပြီးရင် ထွက်လာခဲ့ပါ့မယ်"

"အေးကွယ် ... သားငယ် ဖြည်းဖြည်းစားနော်"

ကြီးကြီးတိုးက စန္ဒီ့ကို ဧည့်ခံဖို့ ထွက်သွားလျှင် ထင်သည် ထမင်းတောင် ဆက်မစားချင်တော့ဘဲ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိသည်။ အဲဒီ စန္ဒီဟာ ဘာကြီးမှန်းကို မသိ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ စန္ဒီ့ကို သူက သူငယ်ချင်းစိတ်ဓာတ်ဖြင့် အားနာလို့ လိုက်လျောတာကို သူမက ဘာတွေထင်နေသလဲ မပြောတတ်။

ထင်က ထမင်းစားနေရင်းကမှ ဝေဖြိုးကို လှမ်းခေါ်ရင် ကောင်းမယ်ဟု တွေးကာ ဘောင်းဘီအိတ်ကပ်ထဲက ဟန်းဖုန်းကိုထုတ်ပြီး ဝေဖြိုးဆီသို့ ဆက်လိုက်လျှင် ဘာအထာမှမပြဘဲ ဖုန်းက တန်းမတ်စွာပင် လိုင်းဝင်သွားတော့သည်။

"အေး ... ဝေဖြိုးရေ၊ အိမ်ကို အခုလာခဲ့ပါကွာ၊ စန္ဒီ ရောက်နေတယ်၊ အေး ... အဲဒါ အခုလာခဲ့"

သူက ဝေဖြိုးကို ဖုန်းဆက်ခေါ်ပြီး နောက်မှာတော့ သူက ဧည့်ခန်းဆီသို့သွားကာ စန္ဒီနှင့် စကားစမြည်ပြောဖြစ်သည်။ ဘာရယ်မဟုတ် အာလူးဖုတ်နေတုန်းမှာပဲ ဝေဖြိုးက ရောက်လာလျှင် စန္ဒီက မျက်နှာကွက်ခနဲ ပျက်သွားပြီး ...

"ဝေဖြိုးက ဒီကို တမင်တကာကို လာလည်တာပေါ့"

"မဟုတ်ပါဘူးဟာ၊ ထင်နဲ့ ငါ အပြင်သွားစရာ ရှိသေးလို့"

"ဩော် ... အိုခေလေ၊ ကဲ ... ထင်၊ ငါပြန်တော့မယ်၊ နောက်မှ ထပ်တွေ့ကြတာပေါ့၊ ဝေဖြိုး ... သွားမယ်နော်"





စန္ဒီက သူတို့ကို နှုတ်ဆက်ကာ ထွက်သွားတော့မှ ထင်သည် ဂူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခပ်လျော့လျော့ မှီထိုင်လိုက်လျှင်တော့ ဝေဖြိုးက သူ့ပခုံးကို လာပုတ်၍...

"မင်းကတော့ တကယ့်ကောင်ပဲဟော့၊ မင်းရဲ့အားနာတတ်တဲ့စိတ်က ဒုက္ခရောက်လိမ့်မယ်၊ အချိန်တွေလည်း ကြာလှပြီကွာ၊ မင်းရင်ထဲမှာ စန္ဒီ မရှိတော့ဘူး ဆိုမှတော့ တစ်ယောက်ယောက်ကို အစားထိုး ချစ်သင့်ပြီနော်၊ မင်း ဟိုတစ်ခါပြောတဲ့ အရုပ်ကလန်ကလားနဲ့ ချစ်စရာကောင်မလေးကို ချစ်ကြည့်လိုက်ပါလား"

ဝေဖြိုး ပြောတဲ့ ကောင်မလေးဟာ သစ်ရွက်စိုစိုပင်ဖြစ်သည်။ ထင်သည် ဝေဖြိုး ညွှန်းမှ သစ်ရွက်စိုစိုဆိုသော ကောင်မလေးရဲ့ပုံရိပ်တွေကို သူ့မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာမိသည်။

အသားဖြူဖြူ အရုပ်မြင့်မြင့်နှင့် ချစ်စရာကောင်းသော အဲဒီကောင်မလေးဟာ သူများနှင့်မတူ တစ်မူထူးသူလေးဖြစ်ပါသည်။ သူနှင့် ခင်မင်သွားတာ သိပ်မကြာသေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အဲဒီကောင်မလေးကို တိတ်တဆိတ် ကျိတ်ရင်ခုန်နေသူ ဖြစ်ပါသည်။

စကားပြောရင် တစ်မျိုးသောအသံလေးဖြင့် ဆွဲဆောင်မှုရှိသူလေးပင်။ မှတ်မှတ်ရရ သူမ စကားပြောတိုင်းမှာ အံ့အားသင့်စရာ တစ်ခုခု ပါလာပြီဆိုရင် "အယ်ကွယ် ... အယ်ကွယ်" နှင့် ဆွဲဆွဲငင်ငင် ပြောသွားပုံလေးမှာ အရမ်းချစ်ရာကောင်းပြီး အဲဒီ"အယ်ကွယ်"က သူမရဲ့ logo လို ဖြစ်နေ၏။

ပွင့်ပွင့်လင်းလင်း ပြောရရင် သူ့ရဲ့ငြိမ်သက်ပျောက်ကွယ်နေသည့် နှလုံးသားသည် သူမနှင့် ဆုံစည်းမှ ပြန်လည်နိုးထလာတာဖြစ်သည်။ အဲဒါ အချစ်များလားဟု သူ တွေးမိစဉ်မှာတော့ သူချစ်နေတဲ့ ကောင်မလေးဟာ သူ့လိုပဲ နှလုံးသားမှာ ဒဏ်ရာရှိနေပြီးသားသူ ဖြစ်သည်။ စိုစိုဟာ အချစ်နဲ့ပတ်သက်ရင် တော်တော် ခံစားချက် ပြင်းထန်ပုံရပါသည်။

အဲဒီလို ခံစားချက်ရှိနေသည့် သူမကို သူက ကြာလာလေလေ ချစ်လာလေလေ ဖြစ်နေသည်။ ဒါပေမဲ့ သူ့ရဲ့အားနည်းချက်မှာ ဖွင့်ပြောဖို့ သတ္တိမရှိ ဖြစ်နေတာပဲဖြစ်သည်။





"ဒါဆို မှင်းက သူ့ကို မချစ်ဘူးလား"

သူ့ရဲ့ငြိမ်သက်ငိုင်ငေးနေတဲ့ ပုံစံကြောင့် ဝေဖြိုးကို နောက်သလိုပုံစံဖြင့် ထပ်မေးလျှင် သူက "အာ"ဆိုပြီး သူ့ဆံပင်သူ တစ်ချက်ဖွလိုက်ကာ ...

"အဲဒီလိုတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူနဲ့ငါ ခင်နေတာ ဘာမှမကြာသေးဘူးနော်"

"ဩော် ... ခင်နေတာ ကြာသွားမှ အချစ်ဆိုတာ ဖြစ်လာနိုင်တာလား မောင်ရနှောင်းထင်၊ တောက် ... ပိန်းတယ်ကွာ၊ ဒါနဲ့များ အချစ်ဝတ္ထုရေးတဲ့ bestseller စာရေးဆရာလုပ်နေသေးတယ်"

ဝေဖြိုးက အချင်းချင်း ကပ်ဖဲ့လိုက်လျှင် သူက ဝေဖြိုးရဲ့လက်မောင်းကို အသာထိုးကာ ...

"အေးပါ ... အကွက်ရတုန်းတော့ ဖဲ့ထားပေါ့ကွာ၊ ငါက လေ စိုစို့ကို ချစ်တာ သေတော့သေချာနေပြီ၊ ဒါပေမဲ့ ဘာလို့ propose မလုပ်သေးတာလဲ ဆိုတော့ သူ့မှာလည်း ငါ့လိုပဲ အပြင်းစားဖီလင်တွေ ရှိခဲ့ဖူးတယ်ကွ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ဖွင့်ပြောလိုက်တဲ့ စကားကြောင့် သူနဲ့ငါ လက်ရှိ အခြေအနေကနေ တစ်စုံတစ်ရာ effect ဖြစ်သွားနိုင်တယ်၊ အဲဒါကို ငါ မလိုလားဘူး"

"အား ... ထင်တို့ကတော့ စားပြီဟော့၊ ဒါဆို မင်းက ချစ်ပါတယ်ဆိုတာကို ဖွင့်မပြောတော့ဘူးလား၊ မင်းကလည်း ကြောက်မနေစမ်းပါနဲ့ကွာ၊ တကယ် ချစ်လာပြီဆိုရင် သုံးနှစ်သုံးမိုး စဉ်းစားစရာ မလိုဘူးကွ ...

သူ့ဘက်က မသေချာလို့ မင်း မပြောရဲသေးတာပါကွာ၊ ဒီမှာကြည့် ငါပြောပြမယ်၊ တို့ယောကျ်ားတွေက ကိုယ်ချစ်တဲ့ မိန်းကလေးဆီက သေချာပေါက် အဖြေရမယ်လို့ အပိုင်တွက်ထားပြီးမှ ပြောကြတာက များတယ်၊ ဒါပေမဲ့ မသေချာဘူးဆိုလည်း ပြောလို့ရပါတယ် ...

အေး... ဒါပေမဲ့ ကိုယ်မပြောခင် စည်းရုံးရေးဗျူဟာတော့ နည်းနည်းခင်းရမယ် ...

အဲဒါ ဘာလဲဆိုတော့ မင်းဘက်က သူ့အပေါ်ထားတဲ့စိတ်၊ သူက မင်းအပေါ်ထားတဲ့စိတ်၊ အဲဒီစိတ်ကို သူ





မြင်သာလာအောင် စည်းရုံးရေးဆင်းနိုင်ရင် အိုခေပြီ၊ အဲဒီလို စည်းရုံးနိုင်ဖို့အတွက် မင်းလုပ်ရမှာ တစ်ခုပဲ ...

အဲဒါက share (ဝေမျှခြင်း)ပဲ၊ သူ့ဖီလင် ကိုယ့်ဖီလင် share လုပ်ရင်းနဲ့ အဲဒီစိတ်တွေကို သူ မြင်လာနိုင်တဲ့အထိ၊ မင်းဘက်က မျှဝေခံစားပေးနိုင်ရမယ်"

ဝေဖြိုးရဲ့အကြံဉာဏ်အတွက် သူဟာ အရမ်းတန်ဖိုးထားလွန်း၍ ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်သည်။ share ... တဲ့။ အဲဒီ share လုပ်နိုင်ဖို့အတွက် ပထမဆုံး သူလုပ်ရမှာက အချစ်ကို အရောင်၊ အနံ့၊ အရသာကင်းအောင် သီးခြားထားရမှာဖြစ်ပါသည်။ အဲဒီအတွက် သူဟာ အလိုလိုနေရင်း ရင်ဘတ်ထဲကို ကဗျာတစ်ပုဒ် ဝင်ရောက်လာခဲ့တော့သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

❦ အနားအတူပင်နေသော်လည်း

ရင်ခုန်သံတွေ သူကြားသွားမှာ

နိုးရွံ့လှတဲ့ ငါ့ရဲ့အဖြစ်က

ကြောင်သည် ...

လန့်သည် ...

မရှုမှာသိ ...။

❦ မူမမှန်အောင် တကယ်လှတဲ့နတ်သမီးကို

ရင်ခွင်မှာ ဘောင်ခတ်လို့

နောင်တစ်သက်ထိ ချစ်မယ်ဆိုလို့

သူမ ပေးခဲ့တဲ့ အပြစ်က

ရှောင်သည် ...

အကန့်ရှိ ...

ဘဝမှာမရှိ ...။





❦ အစားထိုးလို့ ချစ်ခဲ့တာ မဟုတ်ပေမယ့်

နှလုံးသားအစစ်က မင်းအတွက်မို့

ခုခထာတော့ မျှိုသိပ်လို့ ထားခဲ့တော့

အချစ်က

အရောင်မရှိ ...

အနံ့မရှိ ...

အရသာမရှိ ...။

❦ ○ ❦



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

စိုစိုသည် သင်တန်းက ပြန်လာပြီးနောက် ရွှန်းရဲ့ ကုမ္ပဏီကို ဝင်ရဦးမှာ ဖြစ်ပေသည်။ ဒါပေမဲ့ စိုစိုက သင်တန်းတက်နေကတည်းက ခေါင်းတွေ တဆစ်ဆစ်ကိုက်ကာ ဖျားချင်နေသလို ဖြစ်တာကြောင့် ရွှန်းဆီကို ဖုန်းဆက်ကာ မလာတော့ဘူးဟု ပြောပြီးနောက်မှာ စိုစိုက အိမ်သို့ပြန်လာခဲ့တော့သည်။

စိုစိုနှင့်ခင်နေသော ဟိုစာရေးဆရာလေး ရနောင်းထင်က ဒီနေ့ သင်တန်းမလာသောကြောင့် နည်းနည်းပျင်းဖို့ ကောင်းသည်ဟု ထင်မိပါသည်။

သူနှင့်ခင်နေသည့် ကာလတစ်လျှောက်မှာ စိတ်ညစ်ရတယ်ဆိုတာ မရှိ။ နာမည်ကြီးဆိုပေမယ့်လည်း မာန်မာနတစ်စက်ကလေးမှ မရှိကာ jolly type နေတတ်သော သူ့ကို စိုစိုက ခင်မိလေသည်။





သူ ပြောပြသော သူ့အကြောင်းတွေကြောင့် စိုစိုက သူနှင့် ဘဝတူတွေပဲဟု သတ်မှတ်ကာ သူ့ကို ခင်နေတာဖြစ်သည်။ ထင့်မှာ မိဘများ မရှိကြသော်လည်း တစ်ဦးတည်းသော အစ်ကိုကြီး၏ မေတ္တာရိပ်က သူ့ဘဝကို အေးမြစေခဲ့သည်ဆိုပဲ။

E-major နှင့် ကျောင်းပြီးထားကာ စာရေးခြင်းကို အသက်ထက်မက မြတ်နိုး ခုံမင်လှတာကြောင့် ဒီအလုပ်ကို professional အဖြစ် ရွေးခဲ့တာတဲ့။ ဒီစာရေးခြင်းအလုပ်ကို အထင်မကြီးတတ်သည့် သူ့ချစ်သူကို သူက ဖျောင်းဖျရတောင်းပန်ပါသော်လည်း ဘယ်လိုမှ ညှိမရသည့်အဆုံးမှာ ပြတ်ကြလေသတည်း ဖြစ်သွားခဲ့သည်။

အဲဒီအသည်းကွဲဒဏ်ရာဖြင့် သူက အားမလျှော့ဘဲ လွမ်းတာကို နာတာဖြင့် ဖြေဖျောက်ကာ ကြိုးစားခဲ့လို့ ဒီနေ့အောင်မြင်မှုမျိုးနှင့် ရပ်တည်နေနိုင်ခဲ့သော သူ့ကို စိုစိုက လေးစားအတုယူပါသည်။

အဲဒီလိုနှင့် စိုစိုသည် စဉ်းစားရင်းဖြင့် ကားမောင်းလာခဲ့တာ အိမ်သို့ရောက်လာလျှင်တော့ ပါကင်ဝင်းထဲမှာ ကားပါကင်ထိုးလိုက်ပြီးနောက် ကားပေါ်က ဆင်းလာလျှင်တော့ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ခေါ်သံကြောင့် လှည့်ကြည့်လိုက်လျှင် တကယ်ပဲ သူ ဖြစ်နေပါသည်။

စိုစိုသည် အဲဒီတစ်ယောက်ကို အရင်က ဘယ်လိုများ ချစ်ခဲ့မိတာပါလိမ့်။

အခုများတော့ ဒီမျက်နှာဟာ တစ်စက်ကလေးမှကို ကျက်သရေမရှိဟုကို ပျစ်ပျစ်နှစ်နှစ် တွေးမိတော့သည်။ သူ့ကို လိုက်နေသော ကောင်မလေးတွေသာကြားရင် စိုစို့ကို အမှန့်တောင် ချေပစ်မလားပင်။

"ဘာလဲ ... နင် ဘာကိစ္စရှိလို့လဲ"

"အရာအားလုံးအတွက် ဒူးထောက်ပြီး တောင်းပန်ပါတယ် စို၊ ကိုယ့်ဘဝရဲ့ နေရာတိုင်းမှာ မရှိမဖြစ် လိုအပ်တဲ့အရာဟာ စိုပါပဲကွာ"

ကဲ ... ကြည့်စမ်း။ ယောက်ျားတွေဟာ ဒီလောက်တောင် အပြောင်းအလဲ မြန်တယ်လား။ ပြောင်းလဲသွားတဲ့ အသွင်အပြင်တစ်ခုဟာ သည်လောက်ကြီး ဖြစ်သွားလောက်သည်အထိကို အစွမ်းထက်သတဲ့လား။ ကတိုးမောင် ... ရှင်ဟာ အပြောင်းအလဲမြန်တဲ့ လူစားမျိုးပဲ။





"နင်နဲ့ ငါ ဘာများ ဇာတ်လမ်းဆက်ဖို့ ကျန်သေးလို့လဲ ကတိုးမောင်၊ နင်နဲ့ငါက ပြီးသွားခဲ့ပြီ၊ ငါ ဒီလောက်ခါးသီးနေတာတောင် နင် အရှက်မရှိဘူးလား"

"အချစ်ဆိုတာ တစ်ခါတလေမှာ သိပ်ကိုအံ့ဩဖို့ကောင်းတယ် စို၊ ကိုယ်နဲ့ စိုဟာ ဇာတ်လမ်းပြီးသွားခဲ့ပြီလို့ ထင်ခဲ့ပေမယ့် ကိုယ့်ရင်ထဲမှာတော့ စိုဟာ ဘယ်တော့မှပျောက်ကွယ်မသွားနိုင်ဘူး ...

ကိုယ်တို့ဖြစ်ခဲ့သမျှ အားလုံးကို ခဝါချပြီး အသစ်ကပြန်စကြရအောင်၊ ကိုယ် ကတိပေးပါတယ် စို၊ နောက်ဆိုစို့ကို ဘယ်တော့မှ မထားခဲ့တော့ဘူး"

စိုစိုသည် သူ့ရဲ့စကားတွေကို နားထောင်ပြီးသည့်နောက်မှာတော့ သူ့စကားတွေက အော်ဂလီဆန်လွန်း၍ မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး ...

"နောက် ဘယ်တော့မှ ဒီလိုစကားမျိုး မပြောမိပါစေနဲ့ ကတိုးမောင်၊ နင် သိထားဖို့ တစ်ခုက ငါဟာ ဘယ်တော့မှ နင့်လိုကောင်မျိုးကို စိတ်မဝင်စားဘူး ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် ပြောပြီးသည်နှင့် သူ့ရှေ့က ချာခနဲ လှည့်ထွက်လိုက်လျှင်တော့ သူက စိုစိုရဲ့လက်ကောက်ဝတ်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ တားလိုက်သောအခါမှာ စိုစိုသည် ဒေါသတွေ တလိပ်လိပ် တိုးတက်လာကာ သူ ဆုပ်ကိုင်ထားသော လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ရုန်းကာ ...

"ငါ့လက်ကိုလွှတ်စမ်း ကတိုးမောင်၊ နင့်မှာ အရှက်တရား အကြောက်တရား တစ်စက်ကလေးမှမရှိဘူးလား ... ဟမ်"

"မရှိဘူး၊ ကိုယ့်မှာ အချစ်ပဲရှိတယ်၊ စို့ဆီက ကိုယ့်ကို ခွင့်လွှတ်ပါတယ် ဆိုတဲ့စကား မကြားမချင်း လွှတ်မပေးနိုင်ဘူး"

သူဟာ သူဖြစ်ချင်တာ တစ်ခုကိုသာ ဦးတည်ပြောကာ စိုစို့ရဲ့လက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလေသည်။ ဒီလော်က် မုန်းစရာကောင်းတဲ့ယောက်ျား။ အို ... စိုစို သူ့ကို သေလောက်အောင် မုန်းတာပဲ သိတယ်။

"စိုစို ဘာဖြစ်နေတာလဲ"

ဒီအသံကြောင့် စိုစိုဟာ အားအင်တွေ ပြည့်တက်လာကာ ~~ကယ်~~တင်ရှင်ကို လှမ်းကြည့်လိုက်သည်။ သူဟာ ထင်





ဖြစ်သည်။ ထင်သည် ကားပေါ်ကဆင်းကာ စိုစိုတို့ဆီ လျှောက်လာပြီး အခြေအနေတွေကို အကဲခတ်ပြီးနောက်မှာတော့ ...

"ဒီမှာ သူငယ်ချင်း၊ မိန်းကလေးတစ်ယောက်က မကြည်ဖြူနိုင်ဘူးဆိုတာတောင် အတင်းကြီး ဝင်ရောနေတာဟာ ရှက်ဖို့ကောင်းပါတယ်ကွာ"

"ဟေ့ကောင် ... ကိုယ့်လမ်းကိုယ်သွား၊ ဒါ ငါ့ right"

ကတိုးမောင်သည် စိုစို့ရဲ့လက်တွေကို လွှတ်ချလိုက်ပြီး ထင့်ကိုရွယ်ကာ ထိုးလေသည်။ စိုစိုကတော့ သွားပြီဟု တွေးလိုက်ကာ မျက်စိစုံမှိတ်လိုက်စဉ်မှာပဲ ထင်က အရှောင်အတိမ်းလျင်မြန်စွာ ကတိုးမောင်ရဲ့လက်သီးကို ရှောင်ကာ လက်တစ်ဖက်က ဆီးဖမ်းကာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ...

"ကိုယ်နဲ့ယှဉ်ချင်ရင် မင်းရဲ့လက်ရည်ဟာ ဒီ့ထက်ဆယ်ဆလောက်တော့ သွက်နေမှရမယ်၊ ကြိုးစားလိုက်ဦးပေါ့ကွာ"

သူက ပြောပြီးသည့်နောက်တွင် စိုစို့ဘက်ကိုလှည့်ကာ ...

"စိုစို ဘယ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကွန်ဒိုမှာ စိုက နေတာလေ၊ ထင်ကကော"

"ကိုယ်က သူငယ်ချင်းတစ်ယောက်ဆီ လာတာ၊ ကဲပါ ... သူငယ်ချင်း မင်း လစ်လိုက်တော့"

ကတိုးမောင်သည် ထင့်ကို တော်တော့်ကို အခဲမကြေစွာ စူးရဲသည့် မျက်ဝန်းတို့ဖြင့် ကြည့်ကာ ...

"မင်း ကောင်းကောင်းကြီး သတိထားပါ၊ စိုစို ... ကိုယ်တို့ နောက်မှ ထပ်ဆုံတာပေါ့"

သူက မကျေမချမ်း မျက်လုံးတွေဖြင့် ကြည့်ကာ ထွက်သွားတော့သည်။ ကတိုးမောင် ထွက်သွားတော့မှ စိုစိုသည် သက်ပြင်းတစ်ချက်ချကာ ထင့်ဘက်ကိုလှည့်၍ ...

"ကျေးဇူးတင်ပါတယ် ထင်"

စိုစိုရဲ့ ပင်ပန်းနွမ်းနယ်ဟန်ကို ထင်ကလည်း ရိပ်မိတာကြောင့် စိုစို့ကို နွေးထွေးစွာ ပြုံးလိုက်ရင်း ...

"ကိုယ့်ကို အားမနာနဲ့ စိုစို၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ မနက်ဖြန်ကျမှ သင်တန်းမှာဆုံတာပေါ့၊ ကိုယ် သွားမယ်နော်"





စိုစိုက ခေါင်းတစ်ချက် ဆတ်ပြလိုက်လျှင်တော့ ထင်က နုးညံ့စွာ ပြုံးပြကာ နှုတ်ဆက်၍ ထွက်သွားလေတော့သည်။ အချစ်က အဲဒီလိုမျိုးကြီး ဒုက္ခပေးတတ်မှန်း စိုစို အသိနောက်ကျလိုက်တာဟယ်။



www.burmeseclassic.com

www.burmeseclassic.com



❧ ၉ ❧

ရွှန်းသည် Capital Hyper Mark မှ ပစ္စည်းတွေ တပွေ့တပိုက်နှင့် ပြန်ထွက်လာချိန်မှာတော့ မမျှော်လင့်သော လူတစ်ယောက်နှင့် သွား၍ဆုံစည်းလေသည်။

"ရွှန်း ... ရွှန်း ... ဟုတ်ပါတယ်နော်"

အို ... ဘုရားရေ။ ဒီအသံဟာ ဟိုးလွန်ခဲ့တဲ့ အချိန်ကာလတစ်ခုဟာ ရွှန်း အမြဲကို စွဲလမ်း တမ်းတခဲ့တဲ့ အသံပါလား။ ရွှန်းသည် ကိုယ့်ရဲ့နောက်နားက ခေါ်သံကြောင့် ဘယ်သူလဲ ကြည့်လိုက်လျှင်တော့ သူဟာ တကယ်ပဲ သူဖြစ်လို့ နေပါသည်။

"ရွှန်း ကိုယ့်ကို မမှတ်မိဘူးလားဟင်၊ ကိုယ် ထနောင်းသွင်လေ"





ဟယ် ... ဒါဟာ အိပ်မက်များ မက်နေတာလားကွယ်။ ရွှန်းရဲ့ရှေ့မှာ မျက်ဝါးထင်ထင် တွေ့နေရတဲ့ လူရည်သန့် အမျိုးသားဟာ ထနောင်းသွင် ဆိုပါလား။ ဖြစ်နိုင်ပါ့မလား၊ မိုင်ထောင်ချီဝေးနေခဲ့တဲ့ သူနှစ်ယောက်ဟာ ဒီလိုဆုံစည်းနိုင်တယ်တဲ့လား။

ဘာတွေ ဖြစ်ကုန်တာလဲဟယ်။

"ရွှန်း ... ကိုယ်လေ ထနောင်းသွင်လေ"

"ရှင် ပြန်ရောက်လာပြီလား"

ရွှန်းရဲ့ အဆက်စပ်မရှိမေးသည့် မေးခွန်းကို သူက နားလည်စွာ ပြုံးပြကာ ...

"ကိုယ် ဒီမှာအပြီးနေဖို့ဆုံးဖြတ်ပြီး ပြန်လာခဲ့တာပါ ရွှန်း"

"ဪ"

ရွှန်းသည် "ဪ"ဟူသော အာမေဍိတ်ကို ပါးစပ်ကနေကောင်း မထွက်နိုင်တော့ဘဲ ရင်ထဲကသာ အဲဒီအာမေဍိတ်ကို အကြိမ်ကြိမ် မြည်တမ်းနေမိတော့သည်။

"ရွှန်းနဲ့ကိုယ် စကားအေးဆေးပြောရအောင်လားဟင်၊ ကိုယ်တို့ မတွေ့ဖြစ်တာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်နော်၊ ဒါနဲ့ သွင့်ရဲ့အမျိုးသမီးကော"

ရွှန်းရဲ့အမေးကို သူက ပြုံးရုံသာ ပြုံးလိုက်ကာ ...

"ကိုယ် အခုချိန်ထိ အရင်တိုင်းပါပဲ ရွှန်း၊ အသက်တွေ ပိုကြီးလာတယ်၊ ပညာတွေ ပိုတတ်လာတာတွေကလွဲလို့ ကျန်တဲ့စိတ်က အရင်လိုပဲ၊ အရင်တိုင်းပါပဲ ရွှန်း"

ဩော် ... သူလည်း အရင်အတိုင်းပဲကိုး။ အေးလေ ရွှန်းလည်း ဘာတစ်ခုမှ ပြောင်းခဲ့တာမှ မဟုတ်တာ။ မှတ်မိနေပါသေးသည်၊ အဲဒီအချိန်ကာလတွေကိုပေါ့။

ရွှန်းရိပ်စို ဆိုသော သူမတွင် သိပ်ချစ်ရသည့်ချစ်သူ တစ်ဦး ရှိခဲ့သည်။ သူနှင့် ရွှန်းဟာ တစ်ယောက်ကိုတစ်ယောက် နားလည်မှု အပြည့်ရှိစွာ ချစ်ခဲ့ဖူးကြသည်။ သူတို့နှစ်ယောက် တွဲထားသည့် လက်တွေဟာ သံမဏိတွေ၊ ကျောက်ဆောင်ကျောက် သားတွေလို မြဲမြဲမာကျောကြမှာပဲလို့ ယုံကြည်ခဲ့ဖူးကြသည်။

"ရွှန်းနဲ့ကိုယ့်တို့တွေ လက်ထပ်ပြီးတာနဲ့ ဩစီကို ကျောင်း သွားတက်ကြမယ်နော်"





... တဲ့။ အဲဒီအချိန်တုန်းက လောကကြီးမှာ ကိုယ်တို့လောက် ကံကောင်းတဲ့စုံတွဲ ဘယ်မှာရှိမလဲ။ လူကြီးချင်းက လည်း သဘောတူ၊ လက်ထပ်ပြီးတာနဲ့ အဆင်သင့် ဩစီမှာ ကျောင်းသွားတက်ရုံပဲ။

ရွှန်းတို့ လက်မထပ်ခင် အချိန်ကာလတစ်ခုမှာတော့ ရွှန်းရဲ့အစ်မနှင့် ခဲအိုက ကုမ္ပဏီကိစ္စဖြင့် ပြင်ဦးလွင်အသွားမှာပဲ ရက်စက်လှသော ကံကြမ္မာဆိုးကြောင့် မမွန်းရိပ်စိုနှင့် ကိုသစ်မိုးတို့ဟာ ကား accident ဖြစ်ကာ တိမ်းပါးသွားခဲ့သည်။

မမ မရှိတော့ခြင်းဟာ ရွှန်းအတွက်တော့ ကမ္ဘာ ပျက်ခဲ့သလိုပါပဲ။ မမ မရှိတော့သည့်နောက်ပိုင်း ကျန်ရစ်ခဲ့သည့် ရွှန်းရဲ့တစ်ဦးတည်းသော တူမလေး စိုစိုအတွက် ရွှန်းဟာ အအေး မြဲဆုံး ရင်ခွင်တစ်ခု ဖြစ်စေခဲ့သည်။

ဒီတစ်ယောက်တည်းရှိသော တူမလေးကို ဘယ်လို နည်းနဲ့မှ မထားခဲ့နိုင်သော ရွှန်းဟာ သွင်နှင့် ထိပ်တိုက်ကိုတွေ့ တော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့အတူ ဩစီကို မလိုက်နိုင်တော့ဘူး၊ ဟုတ်လား ရွှန်း၊ ဒါဟာ ကလေး ကစားနေတာ မဟုတ်ဘူးနော်၊ ရွှန်းရဲ့ အဲဒီစကားဟာ ဘာအဓိပ္ပာယ်ထိ သက်ရောက်သွားသလဲ ဆိုတာ သိရဲ့လား"

ပြင်းထန်ပေါက်ကွဲနေသည့် သူ့ဒေါသတွေနှင့် ဆန့်ကျင်ရာ အေးဆေးတည်ငြိမ်သော လေသံဖြင့် ရွှန်းက ဖျောင်းဖျမိပါသည်။

"စိတ်ကို အေးအေးထားပါ ကို၊ ရွှန်းဟာ ရွှန်းတူမလေး အတွက် ..."

ရွှန်းရဲ့စကားတောင် မဆုံးသေး သွင်က ဖြတ်ပြောလေသည်။

"ကိုယ်ကတော့ ရွှန်းတူမကို မကြည်ဖြူနိုင်ပါဘူးလို့ ပြောနေတာမှ မဟုတ်တာ၊ ကိုယ်လည်း စိုစို့ဘဝလေးကို စာနာပါတယ်၊ ကိုယ် ပြောနေတာက ကိုယ်တို့ ဟိုမှာအခြေတကျ ဖြစ်ပြီဆိုမှ စိုစို့ကို ခေါ်မယ်လေကွာ"





ရွှန်းသည် သွင်ရဲ့စာနာမှုကင်းမဲ့သည့် စကားကြောင့် ဒေါသဖြစ်သွားရကာ ...

"ဒီမယ် ကို ... စကားကို အဲဒီလို လက်လွတ်စပယ်မပြောစမ်းပါနဲ့၊ အခုချိန်မှာ စိုစို့ရဲ့တစ်ဦးတည်းသော နားခိုရာဟာ ရွှန်း ဖြစ်သလို ရွှန်းရဲ့ဘဝဟာလည်း စိုစိုပဲဖြစ်တယ် ...

ကိုနဲ့ ကျွန်မ ညှိမရတော့မယ့် အတူတူ လမ်းခွဲကြတာ အကောင်းဆုံးဖြစ်မယ် ထင်တယ်"

"ဘာ ... ဘယ်လိုပြောလိုက်တယ် ရွှန်း၊ တောက် ... လုံးဝအဓိပ္ပာယ်မရှိဘူးကွာ၊ ကိုယ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းလည်း သိရဲ့သားနဲ့၊ ကိုယ် မင်းကို လုံးဝမခွဲနိုင်ဘူး"

"ဘယ်သူကကော ခွဲချင်မှာလဲ၊ ဒါပေမဲ့ အခြေအနေကိုက ဒီတိုင်းဖြစ်ဖို့ အကြောင်းဖန်လာပြီပဲ"

"ရွှန်း ... မင်းကွာ"

ယောကျ်ားတွေရဲ့အချစ်ဆိုတာ အတ္တပါလား။ ရွှန်းသည် သူ့ကို တကယ်ပင် စိတ်ပျက်မိသည်။ သူဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးလဲ။ အကြင်နာတရားပဲ မရှိတာလား၊ အတ္တစိတ်တွေပဲ ကြီးစိုးနေတာလား။

"ကဲ ... ကို၊ ညှိလို့မှ မရတော့တာပဲ၊ ဘာဆက်ပြောဖို့ လိုလို့လဲ"

"ဟား ... ရွှန်းရာ၊ မင်းလုပ်ပေါက်က ကိုယ့်ရဲ့ဘဝ၊ အနာဂတ်၊ တက်လမ်းတွေ ပြီးတော့ ကိုယ့်အချစ်တွေ အားလုံး cross လိုက်လုပ်နေသလို ဖြစ်နေပြီ"

"ရွှန်းတို့နှစ်ယောက် ဩစီမှာ ကျောင်းသွားတက်မယ်ဆိုတဲ့ စိတ်ကူးက ဘာတာဝန်မှ မရှိသေးတဲ့ လွတ်လပ်တဲ့ အခြေအနေကပြောတာ၊ အခုချိန်မှာ ရွှန်းအတွက် စိုစို ရှိနေပြီလေ၊ ရွှန်း နိုင်ငံခြားမှာကျောင်းတက်ဖို့ မဖြစ်နိုင်တော့ဘူး သွင်"

သူကော ရွှန်းပါ တဒင်္ဂတော့ တိတ်ဆိတ်သွားတော့သည်။ သူ့ရင်ထဲမှာ ဘာတွေတွေးနေသလဲဆိုတာ မသိပေမယ့် ရွှန်းကတော့ အဆုံးစွန်သော အခြေအနေထိ မျှော်လင့်ခဲ့ပြီးပြီဖြစ်သည်။ ရွှန်းရဲ့မျှော်လင့်ချက်တွေ၊ ဘဝတစ်ခုလုံးဟာ စိုစို့တစ်ယောက်အတွက်ပဲ ဖြစ်နေပြီ ဆိုမှတော့ ...။





"ကဲပါ ... ကိုရယ်၊ ပြောမထွက်တာတွေ ဘာတွေ လုပ်မနေနဲ့တော့၊ ရွှန်းတို့နှစ်ယောက်အတွက် အဖြေကရှင်းနေပြီပဲလေ၊ လမ်းခွဲကြဖို့ကလွဲပြီး တခြားဘာမှမရှိတော့ဘူး"

ရွှန်းရဲ့အဲဒီစကားကြောင့် သူဟာ ဆွေးမြည့်နင့်နဲ့သော မျက်ဝန်းများဖြင့်ကြည့်ကာ ရွှန်းရဲ့လက်တွေကို ဆုပ်ကိုင်၍ ...

"ကိုယ်တို့ ချစ်ခဲ့တာ ဒီအခြေအနေမှာ အဆုံးသတ်ဖို့လား ရွှန်း၊ ရွှန်းရဲ့ဆုံးဖြတ်ချက်တွေကို မပြင်တော့ဘူးလားဟင်၊ အခုလို ပြောလိုက်တာ ကိုယ်တို့ရဲ့နှလုံးသားတွေ ဘယ်လောက်ထိ ခံစားရမလဲဆိုတာ ..."

"တော်ပါတော့ ကို၊ အချစ်ဆိုတာ ဘဝကြီးတစ်ခုလုံးစာနဲ့ ယှဉ်ကြည့်မယ်ဆိုရင် မြူတစ်မှုန်စာလောက်ပါပဲ၊ အချစ်အတွက်နဲ့ ဘယ်သူတွေကများ သေလောက်အောင် ခံစားခဲ့ရလို့လဲ၊ ဘဝအတွက် အလုပ်တွေလုပ်နေရင်းနဲ့ပဲ အချစ်ကို မေ့သွားကြမှာပါ ...

အားတဲ့အချိန်မှသာ အချစ်ဆိုတာကို တမ်းတကြတာပါ၊ ကိုရော ရွှန်းရောက သိပ်ကို ရည်မှန်းချက်ကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေပါ အလုပ်ကို အာရုံစိုက်လိုက်တာနဲ့ အချစ်ဆိုတာ ရွှန်းတို့ဘဝရဲ့ essential မဖြစ်နိုင်တော့ပါဘူး"

"ဒါဆိုရင် ရွှန်း ဆိုလိုတာက"

ရွှန်းသည် မပြောရက်ပေမယ့် ပြောမှဖြစ်တော့မှာမို့ နာကျင်သော နှလုံးသားဖြင့် ပြောလိုက်ရတော့သည်။

"လမ်းခွဲကြတာပေါ့ ကို"

"ဘာ ... လမ်းခွဲကြမယ်၊ ဟုတ်လား ... ရွှန်း၊ တောက် ... အဲဒါတွေဟာ ဟိုကောင်မလေး စီစီ့ကြောင့် ဖြစ်ရတာ အေးလေ၊ မင်း ဒီလောက်တောင် လမ်းခွဲဖို့ ဆန္ဒရှိနေမှတော့ ကိုယ့်နှလုံးသားကိုလည်း မြေမြှုပ်ပစ်လိုက်တာပေါ့"

သူ့ကိုတော့ အစက သနားပေမယ့် ဘာမှမဆိုင်တဲ့ စီစီ့ကို သူ ရန်ရှာတာကတော့ တော်တော်လွန်ပါသည်။ ဒါပေမဲ့လည်း ထားလိုက်ပါတော့လေ။ ရွှန်း ချစ်မိခဲ့တဲ့ ယောကျ်ားဟာ အတ္တစိတ်တွေ ပိန်းပိတ်အောင် များနေတဲ့သူဆိုတာ ရွှန်းသိခွင့်ရခဲ့လို့ပေါ့။





"ကိုယ် ဩစီ သွားတော့မယ် ရွှန်း၊ အချိန်တွေက ကိုယ့်နှလုံးသားကို အကောင်းဆုံး ကုစားပေးနိုင်မှာပါ၊ ရွှန်းကို ကိုယ့်နှလုံးသားထဲမှာ အမြဲတမ်း ထည့်ထားမယ်၊ ကိုယ့်ဘဝမှာ မင်းတစ်ယောက်ကိုပဲ ချစ်တယ် ဆိုတာကိုပေါ့"

ရွှန်းသည် အံကြိတ်ထားပါသော်လည်း မျက်ရည်ကပေါက်ခနဲ ကျလို့လာသည်။ ဘဝမှာ နာနာကျင်ကျင် ခံစားပြီး သူ့ကို လမ်းခွဲရလိမ့်မယ်လို့ ရွှန်း ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါ။ အရာအားလုံးက ပြီးသွားခဲ့တာ ဆယ်နှစ်တောင် ကြာခဲ့ပေပြီ။

နောင် ဘယ်တော့မှ နောက်ထပ် ထပ်မတွေ့နိုင်တော့ဘူးလို့ ထင်မှတ်ခဲ့တဲ့ နောက်ပိုင်းမှာ ရွှန်းဟာ စီစီ့ကို ပြုစုပျိုးထောင်ခဲ့ရင်း သူ နောက်ဆုံးပြောခဲ့သည့် စကားကို ပြန်တမ်းတကြားယောင်နေခဲ့မိသည်။

"Ever yours"

... တဲ့။ အဲဒီစကားတစ်ခွန်းကို သူက အခုထိ ကတိတည်နေခဲ့တာပေါ့။ ထာဝရ မင်းတဲ့လား သွင်။ မဖြစ်နိုင်ပါဘူး၊ ရွှန်းတို့ ဝေးခဲ့တာ ဆယ်နှစ်တောင် ကျော်ခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဒီနေ့ထိ ရွှန်းကို မေ့မရပါဘူး"

အဲဒီစကားကြောင့် ရွှန်းဟာ အိပ်မက်ထဲကနေ လန့်နိုးလာသူလိုမျိုး ဆတ်ခနဲ တုန်တက်သွားကာ စိတ်တွေက ပစ္စုပ္ပန်သို့ ရောက်လာခဲ့တော့သည်။ ဟင့်အင်း ... နင့်စိတ်တွေ တည်ငြိမ်စမ်း ရွှန်း။

အရာရာကို ပြတ်သားစွာ စီမံတတ်တဲ့ ရွှန်းဟာ ဘာမဟုတ်တဲ့ နှလုံးသားကိစ္စကျမှ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတာဟာ တော်တော့်ကို စိတ်ပျက်ဖို့ ကောင်းလှပေသည်။ ရွှန်းက ဘာပဲဖြစ်ဖြစ် ထနောင်းသွင်ကို မိတ်ဆွေတစ်ဦးအဖြစ် ဆက်ဆံတော့မှာပဲဖြစ်သည်။

"ကိုထနောင်းသွင်နဲ့ ရွှန်းတို့ မတွေ့ကြတာ ကြာပြီနော်၊ အခုလောက်ဆို ဒေါက်တာထနောင်းသွင် ဖြစ်နေပြီထင်ရဲ့"

"ဆိုပါတော့ ရွှန်းရယ်၊ ကိုယ် ဟိုမှာ အချိန်တွေ အတော်ကြာခဲ့ပေမယ့် ကိုယ့်စိတ်တွေက မြန်မာပြည်မှာပဲ ကျန်ခဲ့တာလေ"

ရွှန်းက သူ့စကားကြောင့် ပြုံးယောင်သမ်းမိသည်။ အဲဒီစကားတွေဟာ ရွှန်းကို မလွှမ်းလောက်တော့ပါဘူး။





"ရွှန်း..တူမလေးကော"

ဩော် ... မေးဖော်ရသေးတာပဲ။ စိုစိုဟာ အခုချိန်မှာ ရွှန်းရဲ့ပြုစုပျိုးထောင်မှုကြောင့် ပွဲလယ်တင့်နေပြီလေ။

"စိုစိုက BBM နဲ့ ကျောင်းပြီးသွားပြီလေ၊ နောက်ပိုင်းမှာ ရွှန်းရဲ့လုပ်ငန်းတွေကို manage လုပ်ပေးနိုင်မယ့်သူပေါ့"

"အင်း ... စိုစိုတောင် အရွယ်ရောက်လာပြီပဲ၊ ရွှန်း အမျိုးသားကကော"

သူ့အမေးကြောင့် ရွှန်းသည် အသာပြုံးကာ ...

"ကျွန်မရဲ့ဘဝတစ်ခုလုံးက စိုစို့အတွက်ပဲလေ၊ သူ ရှိနေတဲ့အတွက် ဘာဆိုဘာမှ မလိုအပ်ဘဲ ကျွန်မ ဒီအချိန်ထိ ရပ်တည်နေတာပေါ့"

ပညာသားပါပါ ပြောလိုက်သော ရွှန်း၏အဖြေစကားကြောင့် သူ့မျက်နှာ နည်းနည်းတော့ ပျက်သွားပါသည်။ သူက တစ်စုံတစ်ခုပြောဖို့ အားယူဟန်ပြင်လိုက်စဉ်မှာပင် ရွှန်းက နာရီကို တစ်ချက်ငုံ့ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ စိုစို စောင့်နေလောက်ပြီ၊ ကျွန်မ ပြန်တော့မယ်"

"ပြန်တော့မယ်၊ အင်း ... ကောင်းပါပြီ ရွှန်းရယ်၊ ဒါပေမဲ့ ကိုယ်တို့ ဆုံချင်ပါသေးတယ်၊ ဒါ ကိုယ့် visiting card ပါ"

ရွှန်းကလည်း အိတ်ထဲက ကိုယ့် visiting card ကို ထုတ်ကာ သူ့ကို လှမ်းပေးလိုက်ပြီး ...

"ကျွန်မတို့က အမြဲတမ်း မိတ်ဆွေတွေပါ သွင်၊ အိမ်ကိုလည်း လာလည်ပါ၊ စိုစိုနဲ့ မိတ်ဆက်ပေးပါ့မယ်၊ လိုအပ်တာရှိရင်ပြောပါ၊ ရွှန်း ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ရွှန်း"

ရွှန်းသည် သူ့ကိုနှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။ သူကတော့ ဆိုင်ထဲမှာ ကျန်နေခဲ့သည်။ သူ့မျက်ဝန်းထဲမှာ ဘာတွေပြောချင်နေလဲ ဆိုတာ ပေါ်နေသော်လည်း ဖွင့်မပြောတာကိုဘဲ ရွှန်းက ကျေးဇူးတင်မိပါသည်။

မေ့လက်စနဲ့ မေ့သာထားလိုက်ပါ သွင်။





အခုချိန်မှာ ရွှန်းကော သူပါ နယ်ပယ်တစ်ခုစီမှာ အောင်မြင်နေခဲ့ပြီပဲ။ သူ့ရဲ့မျှော်လင့်ချက်ဖြစ်တဲ့ Ph.D ဘွဲ့ကိုအရယူနိုင်ခဲ့သည်။ ရွှန်းသည်လည်း အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်နေခဲ့ပြီ။

အဲဒီရလဒ်တွေနှင့်တင် ရွှန်းတို့နှလုံးသားတွေ ပေးဆပ်ခဲ့ရတာ တန်ပါတယ်လေ။ အထူးသဖြင့် စိုစိုဟာ ရွှန်းအပေါ် သိပ်ကို သိတတ်လိမ္မာခဲ့သည့် တူမလေး ဖြစ်နေခဲ့လို့ပဲ ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၁၀

"ဒါ စိုးရဲ့အချစ်ဆုံးသူငယ်ချင်း ပန်းမိုးဧွေတဲ့၊ ထင့်ရဲ့အမာခံ ပရိသတ်လေ"

ထင်သည် စိုစို မိတ်ဆက်ပေးသော ပန်းမိုးဧွေ ဆိုသည့် ကောင်မလေးကို ထင်က ဖော်ရွေစွာ တစ်ချက်ပြုံးပြလိုက်သည်။ စိုစိုရဲ့အချစ်ဆုံးသူငယ်ချင်းဟာ ဒီလို အရုပ်ခပ်ပုပုလေး ဆိုတော့ သူမတို့နှစ်ယောက်သာ ရှော့ပင်းပတ်ရင် တော်တော်မိုက်ပါမည်။

"ဟုတ်ကဲ့ ... ကျွန်တော့်ကိုလည်း စိုစိုကို ခင်သလို ခင်လို့ရပါတယ် ခင်ဗျာ"





"ဟဲ ... ဟဲ ... ခင်မှာ ထင်ရေ၊ ကျွန်မက ထင့်ကိုခင်ချင်နေတာ ကြာပြီ"

"ဟုတ်လား ... ကျွန်တော်လည်း ခင်တတ်ပါတယ်"

ထင်သည် စိုစိုတို့အဖွဲ့နှင့် စကားတွေ ဖောင်ဖွဲ့နေတုန်းမှာပဲ မထင်မှတ်ထားစွာသော ကိစ္စက ကြားဖြတ်ဝင်ချလာတော့၏။ အဲဒါကတော့ ထင့်ရဲ့အဆက်ဟောင်း မိုးစန္ဒီက လာနှုတ်ဆက်တာပဲ ဖြစ်သည်။

"ထင် ... သူငယ်ချင်းတွေနဲ့ လာတာလား"

"ဟုတ်တယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်မိတ်ဆွေ မိုးစန္ဒီတဲ့"

သူက စိုစိုနှင့် မိုးဧွေကို မိတ်ဆက်ပေးလိုက်တာဟာ အကြောင်းရှိပါသည်။ ဒါ ကိုယ့်မိတ်ဆွေ ဆိုကတည်းက သူနဲ့ကိုယ် သိပ်မရင်းနှီးပါဘူး ဆိုသည့် သဘောဖြင့် ပြောလိုက်တာဖြစ်သည်။ အဲဒီအဓိပ္ပာယ်ကို ပေါက်သော စန္ဒီကလည်း မျက်နှာကွက်ခနဲ ပျက်သွားတာကို ချက်ချင်း ပြန်ပြင်ကာ အပြုံးတစ်ခုဖြင့် ဒီဝိုင်းက ရှောင်ထွက်ဖို့ စကားစတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စန္ဒီ သွားလိုက်ဦးမယ်နော်"

ထင်က ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်သည်။ မင်းကို ငါ့ဘဝထဲက အပြီးတိုင် မောင်းထုတ်ခဲ့ပြီးသားပါ စန္ဒီရယ်။ ထင်သည် အကဲခတ်နေသလိုရှိတဲ့ စိုစိုတို့ကို တစ်ချက်ပြုံးပြလိုက်ရင်း ...

"စိုစိုတို့နဲ့ ကျွန်တော် သူငယ်ချင်းဖြစ်ရတာကို ဂုဏ်ယူပါတယ်ဗျာ"

သူ့အပြောကို စိုစိုက ပိုပြီးဆိုသော သဘောဖြင့် မျက်စောင်းတစ်ချက်ထိုးလျှင် သူ့ရင်ခုန်သံကို သူပြန်ကြားလိုက်ရပါသည်။ သူ ချစ်မိသွားတာလား။ ဒါပေမဲ့ အချစ်ဆိုတာကို နောက်တစ်ခါ ခံစားရဲလောက်တဲ့သတ္တိ သူ့မှာ မရှိသေးပါ။

"ကျွန်မတို့က hand made collection ဆိုင်လေးဖွင့်ဖို့ စိတ်ကူးထားတယ် ထင်ရဲ့၊ အခုလည်း တော်တော်ကိုခရီးပေါက်နေပါပြီ၊ အဲဒါ ထင့်ကို အကူအညီလေးတောင်းစရာရှိလို့"

"ပြော် ... ပြောပါ မိုးဇွေရဲ့၊ ကျွန်တော် ဘာများကူညီပေးရမလဲ"





မိုးဇွေက စိုစိုကို အဲသာလက်တို့ကာ နင်ပဲပြောတော့ ဆိုသည့် သဘောဖြင့် အသာမေးဆတ်ပြ၏။ ထင်သည် ဘာများပါလိမ့် ဆိုပြီးတော့ စိတ်ဝင်စားစွာ နားစွင့်နေမိသည်။ မိုးဇွေရဲ့ တိုက်တွန်းမှုကြောင့် စိုစိုကပဲ ပြောရတော့သည်။

"ဒီလိုပါ ... မနေ့က စိုတို့ တိုင်ပင်ထားတာလေးပေါ့နော်၊ စိုစိုတို့ဆိုင်လေးအတွက် photo model ကို ဘယ်သူ့ရွေးမလဲ စဉ်းစားလိုက်တော့ ထင့်ကို မျက်စိထဲ သွားမြင်တယ်၊ မိုးဇွေက photo model ရှာမယ်ဆိုလည်း နာမည်ကြီးတွေထဲက မဟုတ်ဘဲ အသစ်ရှာမယ်ပေါ့ ...

အဲဒါနဲ့ စိုတို့ တိုင်ပင်ရင်း တိုင်ပင်ရင်းကနေပေါ့နော်၊ လက်ရှိ နာမည်ကြီးနေတဲ့ celebrity ထဲကပဲ၊ ဒါပေမဲ့ ရုပ်ရှင်၊ ဂီတဘက်က မဟုတ်ဘဲနဲ့ စာပေဘက်ကပေါ့ ဆိုပြီး ရွေးကြည့်တဲ့အခါမှာ ထင်နဲ့သာဆို အရမ်းမိုက်မှာပဲဆိုပြီး တွေးမိတယ် ...

အဲဒါ စိုတို့ ဆိုင်လေးအတွက် ထင်က photo model လုပ်ပေးပါလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဖြစ်ပါ့မလား စိုစိုရယ်၊ ကျွန်တော်က အဲဒီလိုမျိုးတွေ မလုပ်တတ်ဘူး"

သူက အင်တင်တင် ဖြစ်နေလျှင် မိုးစွေက အပြောကောင်းစွာဖြင့် ဝင်လာတော့သည်။

"ထင်ရဲ့စတိုင်လ်နဲ့ ကျွန်မတို့ဒီဇိုင်းတွေက အရမ်း match ဖြစ်ပါတယ်၊ ကျွန်မတို့က လီနင်သားတို့၊ ပြီးတော့ ချည်ထည်တွေကို အဓိကထားပြီး fashionable ဖြစ်အောင် ဖန်တီးချုပ်ထားတာပါ၊ ကျွန်မတို့ရဲ့ hand made ဒီဇိုင်းကို ထင် ဝတ်လိုက်တာနဲ့ moedrnized ပိုဖြစ်သွားစေရမယ် ... ဟဲ ဟဲ"

"ဟုတ်တယ် ထင်ရဲ့၊ စိုတို့ brand မကြာခင်မှာ ဈေးကွက်ကို ဖြန့်တော့မှာ။ အဲဒီတော့ ကြော်ငြာအားကောင်းပြီး ဆန်းသစ်ဖို့ လိုတယ်လေ၊ ကူညီပေးပါနော်"

အဆုံးသတ် အဲဒီစကားလေးကြောင့် သူဟာ စေတနာတွေ လွန်စွာပင် ရေစီးကမ်းပြိုလိုက်ကာ ခေါင်းသာညိတ်ပြလိုက်တော့၏။





"ကျွန်တော် တတ်နိုင်သလောက်တော့ ကြိုးစားပြီး ကူညီပေးပါ့မယ်၊ အဲဒါဆို ကျေနပ်ပြီနော် စိုစို"

သူ့စကားကြောင့် စိုစို့ရဲ့မျက်နှာလေးဟာ အစွမ်းကုန် ဝင်းပသွားတာကို တွေ့ရပါသည်။ မင်းကို ကိုယ့်ဘက်က ချစ်မိပြီ ထင်ပါရဲ့ကွာ။

"thakn you ထင်၊ အဲဒါဆို အလုပ်ဖြစ်ပြီပေါ့နော်၊ ထင့်ရဲ့အနုပညာကြေးကို ..."

"နိုး ... နိုး ... မလိုပါဘူး၊ ကိုယ်က မေတ္တာဖြင့် ကူညီတာပါ"

"အဲလိုတော့ မလုပ်ပါနဲ့"

"မရဘူး၊ ကျွန်တော့်စေတနာကို လက်မခံဘူးဆိုရင်တော့ photo model အဖြစ် ရိုက်မပေးတော့ဘူး"

သူက အဲဒီလို အကျပ်ကိုင်လိုက်လျှင် စိုစိုကော မိုးစွေကပါ အံ့ခနဲ ဖြစ်သွားကာ ဒီကိစ္စကို နောက်မှဆွေးနွေးဖို့ ဆုံးဖြတ်ကာ ...

"ကဲပါ ... အဲဒီကိစ္စက နောက်မှဆက်ပြောမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ပြုံးပြုံးပင် ခေါင်းညိတ်ပြရင်းက ...

"ဘယ်အချိန်ပဲဖြစ်ဖြစ် ကိုယ်ကတော့ မေတ္တာနဲ့ကူညီမှာပဲ နော်"

"ထင်ကတော့ လုပ်ပြီ"

မိုးစွေက အရှန်းဝင်ဖောက်လျှင် ထင်တို့သည် တဟားဟားဖြင့် ရယ်မောပျော်ရွှင်မိသွားသည်။ အဲဒီအချိန်မှာပဲ မိုးစွေဆီက ဖုန်းလာလို့ သူမက ဖုန်းနားထောင်ပြီးသွားလျှင်တော့ အားနာပြုံးတစ်ခုစွက်ကာ ...

"ကဲ ... အားလုံးပဲ အားနာပါတယ်၊ ကျွန်မ ကိစ္စလေး တစ်ခု ပေါ်လာလို့ အရင်သွားနှင့်လိုက်ဦးမယ်"

"ဟဲ့ ... ဘယ်သွားမှာလဲ မိုးစွေ"

"နောက်မှ ပြောပြတော့မယ်၊ သွားမယ်နော် စိုစို၊ ထင် ... ကျွန်မသူငယ်ချင်းကို ထားခဲ့မယ်နော်"

မိုးစွေက အရေးကြီးဟန်ဖြင့် အသည်းအသန်ထွက်လို့ သွားလေတော့သည်။ မိုးစွေ ထွက်သွားသောအခါမှာတော့ စိုစိုသည် သူ့ကို တစ်ချက်ပြုံးပြကာ ...





"မိုးစွေက အဲဒီလိုပဲ ထင်ရဲ့၊ စိတ်မရှိပါနဲ့နော်"

"သြော် ... ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲ ဖြစ်တတ်တာပဲလေ"

အဲဒီနောက်မှာတော့ သူနဲ့စိုစိုဟာ စကားသံတွေ ခဏလောက် တိတ်ဆိတ်သွားပြီးမှ စိုစို့ဘက်က စတင်၍ စကားစ လာတော့သည်။

"မနေ့ကကိစ္စအတွက် ကျေးဇူးတင်ပါတယ် ထင်"

"ရပါတယ် စိုစိုရယ်၊ အဆင်ပြေတယ်မှုလား"

"ဘာဖြစ်တာလဲလို့ မမေးတော့ဘူးလား"

စိုစို့ရဲ့စကားကြောင့် ထင်သည် မျက်ခုံးအသာပင့် တင်မိ၏။ အမှန်တကယ် ပြောရမည်ဆိုလျှင် သူလည်း ဒီကိစ္စကို အရမ်းသိချင်နေမိပါသည်။ သို့ပေမဲ့ မမေးရက်ခဲ့တာကြောင့် မမေးဖြစ်ခဲ့ပါ။ ထင်က ဘာမှမပြောရသေးခင်မှာပဲ စိုစိုက ခပ်တိုးတိုးလေးသံဖြင့် နာမည်တစ်ခုကို စတင်၍ ပြောပြပါသည်။

"သူ့နာမည်က ကတိုးမောင်တဲ့၊ တစ်ချိန်က စို့ရဲ့ချစ်သူ ပေါ့၊ ဒါပေမဲ့ အခုချိန်မှာတော့ အားလုံး ပြီးခဲ့ပါပြီ၊ သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက် ဘာမှ မခံစားတော့ ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... သူမကလည်း အချစ်နဲ့ပတ်သက်ပြီး ဒဏ်ရာရှိခဲ့ဖူးတာကိုး။ ထင်သည် ခံစားချက်ကိုယ်စီ ရှိဖူးခဲ့သည့် နှလုံးသားနှစ်ခုအတွက် နောက်တစ်ကြိမ် အချစ်ဆိုတာကို မွေးဖွားနိုင်ပါ့မလား ဆိုတာကို စဉ်းစားနေခဲ့မိပါသည်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





"ကိုယ်တို့တွေ အရာရာကို တစ်က ပြန်စကြပါစို့လား ရွှန်းရယ်"

အဲဒီစကားကြောင့် ရွှန်းသည် ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးသွားခဲ့ပြီဟု ထင်ထားပါသော ရင်ခုန်သံ အပိုင်းအစတို့ကို ပြန်လည်တွေ့ရှိခဲ့ရပါသည်။ ဒါပေမဲ့ ဖြစ်မှမဖြစ်နိုင်ခဲ့တော့တာ။

အမုန်းနဲ့ လမ်းမခွဲခဲ့တဲ့ ရွှန်းနှင့် သွင်ရဲ့ဇာတ်လမ်းက နှစ်တွေကြာမှ ပြန်ဆက်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

"မဖြစ်နိုင်ဘူး သွင်၊ ကျွန်မတို့ဟာ ဂုဏ်သိက္ခာတွေကို ရှေ့တန်းတင်ထားတဲ့ သူတွေပဲ၊ ရှင် ဒီလောက်တော့ ဆင်ခြင်သင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းရဲ့စကားကြောင့် သူဟာ ဒေါသတွေ အုံကြွ ပေါက်ကွဲလာကာ ရွှန်းရဲ့ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်းက ...

"အဲဒီတော့ ကိုယ်တို့တွေက ဘယ်တော့မှ ဆုံနိုင်ခွင့်မရှိတော့ဘူးလား ရွှန်း၊ မင်းဘဝအတွက် ကိုယ်ဟာ နေရာတစ်နေရာစာတောင် မရှိတော့တဲ့သူ ဖြစ်သွားပြီလား"

သူ့ရဲ့ပေါက်ကွဲမှုအတွက် ရွှန်းဟာ ရင်ထဲမှာ ကျိတ်ဝမ်းနည်းပေးရုံမှအပ ဘာမှမတတ်နိုင်ခဲ့ပါ။ ဆုံးဖြတ်ထားပြီးသားကိစ္စတစ်ခုကို ဘယ်သောအခါမှ ပြန်ပြင်ရိုးထုံးစံ မရှိသော ရွှန်းရဲ့ရာဇဝင်မှာ သွင့်ကို ပြန်လက်ခံဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ လက်ခံနိုင်တယ်ပဲထားဦး ရွှန်းဟာ စိုစို့ကို ဘယ်လိုနှစ်သိမ့်ပေးနိုင်မလဲ။

အဲဒီအတွက် ရွှန်းဟာ ထုံပြီးသား နှလုံးသားတစ်ခုကို ဓားနဲ့ထပ်ထိုးဖို့လည်း မတွန့်ဆုတ်တော့ပါ။

"သွင့်အနေနဲ့ ကျွန်မကို ဒီစကားတွေပြောဖို့အတွက်ပဲ ဒီနေ့ ချိန်းတာဆိုရင်တော့ ကျွန်မက ဆောရီးဆိုတဲ့ စကားတစ်ခွန်းပဲ ပြောပြီး ပြန်ရတော့မှာပဲ"





"မင်းအသည်း ဒီလောက်တောင်ပဲ မာသတဲ့လား ရွှန်းရယ်၊ ငါ့ဘဝမှာ မင်းလောက် မာနကြီးတဲ့မိန်းမမျိုး မတွေ့ခဲ့ဖူးဘူး"

ရွှန်းသည် ခပ်မဲ့မဲ့ အပြုံးတစ်ခုဖြင့် သူ့ရဲ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ...

"ကျွန်မအတွက် သွင်ဟာ မိတ်ဆွေကောင်းတစ်ယောက်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အရင်လိုတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ...

အဲဒီတော့ အခင်မင်မပျက် နေကြဖို့အတွက် ဒီလိုစကားမျိုးကို နောက် ဘယ်တော့မှ မပြောပါနဲ့ သွင်"

အပြတ်သတ်ဆုံးသောစကားရဲ့ တိကျမှုကြောင့် သွင်သည် သက်ပြင်းတစ်ချက်ချကာ နားလည်သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကိုယ် နားလည်ပါပြီ ရွှန်း၊ မင်းနဲ့ ကိုယ်က ဘယ်လိုမှကို ဖူးစာမပါမယ့် အတူတူတော့ မင်းရဲ့အရင်းအနှီးဆုံး မိတ်ဆွေတော့ ကိုယ် ဖြစ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သွင်၊ ကျွန်မတို့အတွက် အဲဒီဆက်ဆံရေးက အကောင်းဆုံးနဲ့ အဆင်ပြေဆုံးပါပဲ"

အချစ်ဆိုတာဟာ စိုစို ရှိနေမှတော့ မလိုအပ်တော့ပါ။ ထနောင်းသွင် ဆိုသောသူဟာ ရွှန်းဘဝအတွက်တော့ မှတ်မှတ်ထင်ထင် ရှိနေမည့် လူတစ်ယောက်ပဲ ဖြစ်ပါသည်။

❦ ၀ ❦





## ၁၁

နောက်တစ်ရက်တွင်တော့ စိုစိုသည် ခင်စရာကောင်းသော သူ့ကို ရွှန်းနှင့် မိတ်ဆက်ပေးဖို့အတွက် အိမ်သို့ခေါ်လာခဲ့၏။ ရွှန်းကိုတော့ ဘာမှကြိုမပြောထားဘဲ ဒိုင်ထားတာဖြစ်သည်။

ရွှန်းကြိုက်တဲ့ စာရေးဆရာတစ်ယောက်ကို အိမ်ပေါ် ခေါ်လာတယ်ဆိုရင် ရွှန်း အရမ်းကို သဘောကျသွားမှာပဲဖြစ်သည်။ အဲဒီလို ဆပ်ပရိုက်(စ်)လုပ်ချင်တာကြောင့် စိုစိုက တိတ်တဆိတ် စီစဉ်ထားတာဖြစ်သည်။

"လာ ... ထင်၊ ရှင့်ကိုသာ မိတ်ဆက်ပေးလိုက်လို့ကတော့ ရွှန်း ပျော်သွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် လျှပ်စစ်ဘဲလ်လေးကို ဖိတီးလိုက်လျှင် ဖြင့် ရွှန်းက တံခါးလာဖွင့်ပေးသည်။

"ဟိုင်း ... ရွှန်း၊ ဒါ စို ပြောပြဖူးတဲ့ အရမ်းခင်စရာကောင်းပြီး စို့ကို ကူညီပေးတဲ့ သူငယ်ချင်းဆိုတာလေ၊ ရနောင်းထင်တဲ့၊ ရွှန်း သိပါတယ်"

"အေးကွယ် ... တွေ့ရတာ ဝမ်းသာပါတယ်၊ လာကြလေ"

ဟင် ... ဘယ်လိုကြီးတုန်း။ ရွှန်းကြည့်ရတာ ဝတ်ကျေတန်းကျေ နှုတ်ဆက်တဲ့ပုံစံမျိုးကြီး။ စိုစိုသည် ထင့်ကိုအားနာသွားကာ ရယ်ရယ်ပြုံးပြုံး မျက်နှာဖြင့် ထင့်ကို ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်လာလေသည်။

"ဟင် ... ကိုကြီး"

မထင်မှတ်ဘဲ စိုစို့ဆီက ကြားလိုက်ရတဲ့ ထင့်အသံကြောင့် စိုစိုရော ရွှန်းပါ တအံ့တသြ ဖြစ်သွားရသည်။ ထင်က ဘယ်လိုဖြစ်ပြီး ရွှန်းဆီလာတဲ့ ဧည့်သည်နှင့် သိနေရတာလဲ။

"ညီ ... မင်းက ဘယ်လို ..."

"ဒါ ကျွန်တော့်သူငယ်ချင်းအိမ်လေ၊ ကိုကြီးကကော"





ရွှန်းရဲ့ဧည့်သည်က ဘာမှမဖြေရသေးခင်မှာပဲ ရွှန်းက ထင့်ကို လှမ်းမေးလိုက်လေသည်။

"ရနောင်းထင်နဲ့ သွင်က ..."

"ညီအစ်ကိုတွေပါခင်ဗျ"

ပြုံးရွှင်သွက်လက်စွာ ဖြေလိုက်သော ထင့်၏အဖြေကြောင့် ရွှန်းသည် သဘောပေါက်သွားတော့သည်။ စိုစိုဟာ ကတိုးမောင်နှင့် ဇာတ်လမ်းပြီးသွားကတည်းက တော်ရုံယောကျ်ားတွေအပေါ် ယုံစားနိုင်ခဲ့ခြင်း မရှိပါ။

သို့ပေမဲ့ ပြီးခဲ့တဲ့ကာလတွေမှာ စိုစိုဟာ သူမရဲ့ ယောကျ်ားလေး မိတ်ဆွေတစ်ယောက် အကြောင်းကို ရံဖန်ရံခါ ပြောတတ်လာခဲ့သည်။ စိုစိုရဲ့ မတည်မငြိမ်စိတ်တွေကို ပုံမှန်ဖြစ်လာအောင် ပြုစုခဲ့ရတဲ့ ရွှန်းအနေဖြင့် အခု မိတ်ဆက်ပေးသော ရနောင်းထင် ဆိုသော ကောင်လေးရဲ့မျက်ဝန်းတွေကို ကြည့်တာနှင့် ကိုယ့်တူမအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပဲ ရွှန်းက ကြိမ်ဖန်များစွာ ငြင်းထားတာတောင် ကြိုးစားနေသေးသည့် သွင်နှင့် ရနောင်းထင်ဟာ ညီအစ်ကိုတွေပါတဲ့။ သွင့်ပါးစပ်က အမြဲပြောခဲ့တာ တစ်ခုက "ကိုယ်ကို့ဒီအခြေအနေထိ ဝေးကွာသွားခဲ့ရတာဟာ စိုစိုကြောင့်ပါ"တဲ့။ ဒီတော့ စိုစို့ကို ချေစိတ်ထားနေတဲ့ သွင်ဟာ သူ့ရဲ့ညီနှင့် လွှတ်ပေးထားတာ ဖြစ်လိမ့်မည်။

အခြေအနေတွေကို တဖြည်းဖြည်းနှင့် ရွှန်း သဘောပေါက်လာသော အခါတွင်တော့ ကိုယ့်ကို ဘတ်ကီးရိုက်ကာ စိုစို့အပေါ် ငြိုးနေတဲ့ သွင့်ကို စိတ်နာလာမိတော့သည်။

"ထနောင်းသွင် ... အခုချက်ချင်း နင်တို့ညီအစ်ကို နှစ်ယောက်လုံး ငါ့အိမ်ထဲက ထွက်သွားကြ ...

ဒီမှာ ရနောင်းထင်၊ မင်းကို ငါ တစ်ခါတည်းပြောလိုက်မယ်၊ ငါ့တူမနဲ့ နောက် ဘယ်တော့မှ မပတ်သက်ပါနဲ့"

"ရွှန်း ဘာတွေပြောနေတာလဲ"





ရွှန်းရဲ့ပေါက်ကွဲမှုတွေကို သူတို့သုံးယောက်စလုံးက နားမလည်စွာဖြင့်ပင် အံ့အားသင့်ကုန်ကြ၏။ ရွှန်း ဒီလောက်ထိ ပေါက်ကွဲသွားတာဟာ ဘာကြောင့်ပါလဲဟု စိုစို တွေးကြည့်သော်လည်း တွေးမရခဲ့။

"ဒီမှာ ထနောင်းသွင်၊ နင့်ကို ငါ အပြတ်သားဆုံး ပြောလိုက်မယ်၊ လွန်ခဲ့တဲ့ အတိတ်ကနေပြီး ခုနကအထိ နင့်ကို ငါ မမုန်းခဲ့ဖူးဘူး၊ အခုချိန်ကစပြီး နင့်ကို ငါမုန်းတယ် ...

စိုစို့အပေါ်ကို နင် ရန်ငြိုးထားတယ်၊ ဒီလောက်အောက်တန်းကျတဲ့နည်းမျိုး နင် သုံးလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဖူးဘူး"

"ရွှန်းရယ် ... ဘာတွေဖြစ်ကုန်တာလဲ၊ ကိုယ့်ကိုလည်း နားလည်အောင် ပြောပါဦးကွာ"

"ရွှန်း ဘာတွေဖြစ်လို့လဲဟင်"

ရွှန်းရဲ့ပခုံးကိုကိုင်ပြီး စိုးရိမ်ကြီးစွာ မေးနေသည့် စိုစို့ကိုကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုမယုံနဲ့ စိုစို၊ အစ်ကိုက အဒေါ်ကိုကြိုတယ်၊ ညီက တူမကို၊ နင်တို့ သိပ်ဟုတ်နေတယ်ပေါ့လေ"

"အဲလို မပြောပါနဲ့ဗျာ၊ ကျွန်တော်တို့ ဘာအမှားမှ မလုပ်ဘဲနဲ့ အခုလို ..."

ထင့်ရဲ့စကားသံကြောင့် ရွှန်းသည် ထင့်ကို လက်ညှိုးထိုး၍ ...

"နင့်ပါးစပ် ပိတ်ထား၊ နောက် ဘယ်တော့မှ စိုစိုနဲ့ လာမပတ်သက်နဲ့၊ သွား ... အခုချက်ချင်း သွားကြ"

"ရွှန်းရယ် ... ကိုယ့်ကို ရှင်းပြခွင့် ..."

"သွားတော့လို့ ပြောလိုက်မယ်နော်"

ဒေါသတွေကြီးနေသည့် ရွှန်းကို နားလည်သဘောပေါက်သော စိုစိုဟာ အခုခဏမှာတော့ ထင်တို့ကို သွားခိုင်းဖို့ပဲ ရှိတော့သည်။

"ထင် ... ပလိ(စ်) သွားလိုက်ပါ၊ ဒီက အစ်ကို့ကိုပါ ခေါ်သွားလိုက်ပါ၊ ဘာတွေမှန်း သေချာမသိသေးပေမယ့် အခုချိန်မှာ သွေးပူနေစဆိုတော့ ပြဿနာတွေ တက်သွားလိမ့်မယ်၊ ပြန်သွားလိုက်ပါနော်"





စိုစိုရဲ့စကားကြောင့် ထင်သည် ခေါင်းညိတ်ပြလျှင် ကိုကိုကြီးကို ခေါ်လာကာ ပြန်ထွက်လာခဲ့တော့သည်။ ဘာမှန်းနားမလည်နိုင်သေးပေမယ့် ပြဿနာသည် တော်တော်ကြီး ကြီးတယ်ဆိုတာကို ရိပ်မိနေခဲ့သည်။

သူတို့နှစ်ယောက် ထွက်သွားတော့မှပဲ စိုစိုသည် မျက်ရည်စတွေ ဝေ့သီနေသော ရွှန်းကို ဆိုဖာပေါ်တွင် ထိုင်စေပြီး ရွှန်းရဲ့လက်တွေကို ဖွဖွဆုပ်ကိုင်ကာ ...

"ရွှန်း ... စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ခဏလောက်နားလိုက်နော်၊ စို သံပရာရည် သွားဖျော်လိုက်ဦးမယ်"

"နေပါစေ စိုစို၊ မဖျော်ပါနဲ့"

"အဲဒါဆိုလည်း ရွှန်း ခဏတော့ နားလိုက်နော်၊ ဒီတိုင်းဆို ရှော့ခ် ရသွားလိမ့်မယ်"

"စိုစို ဒီကိစ္စကို မသိချင်ဘူးလားဟင်"

ရွှန်းက မေးလာသောအခါ စိုစိုသည် ရွှန်း၏လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ခေါင်းကို ယမ်းလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မသိချင်ဘူး၊ အခုချိန်မှာ စို့အတွက် ရွှန်းထက် အရေးကြီးတာ ဘာမှမရှိဘူး၊ ရွှန်း ဘာမှဖြစ်မသွားဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့ ရွှန်း ဘာမှမပြောဘဲ ခဏလေး နားနေလိုက်ပါ ရွှန်းရယ် ... နော်"

စိုစို တောင်းပန်ပြောမှပဲ ရွှန်းသည် မျက်ဝန်းလေးများကို အသာမှေးမှိတ်ထားတော့သည်။ စိုစိုသည် ဒီအရွယ်ရောက်တဲ့ အချိန်ထိ တစ်ခါမှ ရွှန်း ဒီလိုနင့်သီးစွာ ပြောခဲ့ဖူးတာကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သည်။

ရွှန်းဟာ ဘာအကြောင်းတရားကြောင့်များ ဒီလောက်ထိကို ပေါက်ကွဲသွားရတာပါလိမ့်။

❦ ○ ❦





"အဲဒါပဲ ညီ၊ ကိုကြီးတို့ရဲ့အဖြစ်ဟာ သိပ်အံ့ဩဖို့ကောင်းပါတယ်၊ ဟင်း ... ဒါကို တိုက်ဆိုင်မှုပါလို့ ပြောရင် ရွှန်းက ဘယ်ယုံနိုင်ပါ့မလဲလေ"

ကိုကြီး၏အတိတ်က အချစ်ဇာတ်လမ်းလေးကို ကြားပြီးမှပဲ သူဟာ ဇာတ်ရည်လည်သွားတော့သည်။ အင်းပေါ့လေ ... သစ်ရွက်စိုရဲ့ အဒေါ်လေးဟာ ထင်ကို့ညီအစ်ကို့ကို ခါးသီးမယ်ဆိုလည်း ခါးသီးလောက်တာပေါ့။

မရည်ရွယ်ပါဘဲနဲ့ ဖြစ်သွားတဲ့ တိုက်ဆိုင်မှုကို သူ့အနေဖြင့် စိုစို့ကို ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ပါ။ အခုချိန်လောက်ဆို သူ့လိုပဲ စိုစိုလည်း ကိစ္စတွေအားလုံးကို ဇာတ်ရည်လည်သွားချေလိမ့်မည်။ ပြီးတော့ သူ့ကိုလည်း ...။



www.burmeseclassic.com

www.burmeseclassic.com



စိုစိုရယ် ... ကျေးဇူးပြုပြီး ကိုယ့်ကို စိတ်မနာပါနဲ့နော်။

ထင်၏ရင်ထဲတွင် အကြိမ်ကြိမ် အဖန်ဖန်ကို ကျိတ်၍ ဆုတောင်းနေမိသည်။ တကယ်ဆိုရင် ထင်သည် စိုစိုနှင့် ပတ်သက်မိခြင်းသည် ကိုကြီးတို့ကိစ္စနှင့် ဘာဆိုဘာမျှ မဆိုင်ဆိုတာကို သူမကို အလွန်ပင် သိစေချင်လှပါသည်။

မတော်တဆ သူမ ရင်ထဲမှာ သူမရဲ့အန်တီလေးကို ထင်ရဲ့ကိုကြီး ရယူနိုင်ဖို့အတွက် သူမဆီ ချဉ်းကပ်လာတယ်လို့ ထင်သွားခဲ့ရင် သွားပြီ။

"ဒီကိစ္စကို ကိုကြီးတို့ ဖြေရှင်းမှ ရမယ်"

"ဒီကိစ္စကို ကိုကြီးအနေနဲ့ လောလောဆယ်တော့ ရှင်းလို့ ရဦးမယ် မထင်ဘူး"

"တကယ်တော့ ကိုကြီးက ရွှန်း တူမလေး စိုစို့ကို ကိုကြီးနဲ့ ရွှန်းကြားမှာ ခြားထားတဲ့ အတားအဆီးဆိုပြီး ဒေါသဖြစ်ခဲ့ပေမယ့် ကိုကြီးမှာ အဲဒီလိုမျိုး အကြံအစည်မရှိခဲ့ပါဘူးကွာ ...





ကိုကြီး ဘယ်လောက်တောင် သိုသိပ်ခဲ့သလဲဆိုရင် ညီ့ကိုတောင် ကိုကြီးရဲ့အချစ်အကြောင်းတွေ မပြောခဲ့ဖူးဘူး၊ ဒီလိုမျိုး စိုစိုနဲ့ ညီလေးတို့ကိစ္စကို ကိုကြီးက ..."

စကားတောင် ဆက်မပြောနိုင်တော့ဘဲ စိတ်ခုတ်တွေကျနေသော ကိုကြီးကို ထင်သည် အားပေးသလို ပခုံးကို တစ်ချက်ဖျစ်ညှစ်လိုက်ပြီးမှ ...

"အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူး ကိုကြီးရာ၊ ကျွန်တော်တို့တွေ ဖြေရှင်းနိုင်သွားမှာပါ၊ ပြီးတော့ ကျွန်တော်တို့ရဲ့မေတ္တာတွေကို တစ်နေ့ နားလည်လာမှာပါ"

သူ့ရဲ့အထူးအဆန်းစကားကြောင့် ကိုကြီးသည် သူ့မျက်နှာကိုကြည့်ပြီး ...

"ကျွန်တော်တို့မေတ္တာဆိုတော့ ညီက စိုစို့ကို ..."

ထင်သည် ကိုကြီးကို ခေါင်းတစ်ချက် ညိတ်ပြကာ ဝန်ခံလိုက်တော့သည်။

"ဟုတ်တယ် ကိုကြီး၊ ကျွန်တော် စိုစို့ကို သိပ်ချစ်မြတ်နိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို မင်းသာကြားရင် ကိုယ့်ကို ဘယ်လို ထင်မလဲဟင်။ နှလုံးသားတစ်ခုလုံးပုံပြီး ချစ်နေတယ်ဆိုတာ အခုမှ ကိုယ်သိခဲ့တာပါ။ စိုစို့ကို ထားရှိတဲ့ ချစ်ခြင်းဟာ သူ ဟိုး အရင် စန္ဒီကို ချစ်ခဲ့တဲ့ အချစ်ထက် အဆပေါင်းများစွာ သာလွန် တယ်၊ ပြီးတော့ စိုစို့အတွက် ဖြစ်တည် မွေးဖွားလာတဲ့ အချစ် သီးသန့်ဆိုတာကိုလည်း သူမကို သိစေချင်ပါသေးသည်။

အဲဒီလိုနှင့် စိုစို့ဆီက ခွင့်လွှတ်မှုကို ပြန်လိုချင်ကာ အရင်လို နေချင်တာကြောင့် သူ ကြိုးစားခဲ့ပါသည်။ ညနေပိုင်းဆို စာအုပ်ထွက်ငှားတတ်တဲ့ ကောင်မလေးရဲ့ လာတဲ့လမ်းကို စောင့် မျှော်နေစဉ်မှာပဲ သူ့ရဲ့စိုစိုဟာ မဂ္ဂဇင်းတစ်အုပ်နှင့် ဝတ္ထုစာအုပ် တမွေ့တပိုက်ဖြင့် ညင်ညင်သာသာ ခြေလှမ်းဖြင့် လျှောက်လာခဲ့ သည်။

စင်ရော်တောင် မျက်ခုံးတန်းလေးတွေရဲ့အောက်မှာ ကြယ်စင်တွေလို လင်းနေတဲ့ မျက်ဝန်းနက်နက် တစ်စုံဟာ သူ့ကို စူးစိုက်ကြည့်လိုက်လျှင်ဖြင့် ရဲလေးသီချင်းထဲကလို "စပါး ကြီးမြွေ ဆယ့်နှစ်ကောင်ရဲ့အကြည့်နဲ့ ကြည့်တယ်" ဆိုသလိုကို ညို့ဓာတ်ပြင်းနေပါသည်။





ထင်သည် စိုစို သူ့ဘေးက ဖြတ်လျှောက်သွားသည့် အချိန်တွင်တော့ ခေါင်းကို တစ်ဖက်သို့ စောင်းငဲ့နေလိုက်သည်။ သူမ သူနှင့် အတော်လေးလှမ်းလို့သွားမှ scooter skate ကို ခြေ ထောက်ဖြင့်ခတ်၍ သူမရဲ့နောက်မှ ခပ်ဖြည်းဖြည်းလေးသာစီး၍ လိုက်နေတော့သည်။

သူမ စာအုပ်ဆိုင်ထဲ ဝင်သွားချိန်တွင်တော့ ထင် သည် စာအုပ်ဆိုင်ရဲ့အဝနားမှာ အသာရပ်နေလိုက်သည်။

"စိုစိုရေ ... ဝတ္ထုအသစ်ထွက်တယ်၊ ရနောင်းထင်ရဲ့ဝတ္ထု အသစ်"

အဲဒီအစ်မကြီး အသံကြောင့် သူ့ရင်ထဲမှာ ဒိန်းခနဲ တစ်ချက် ခုန်မိသွားသည်။ ဘုရားရေ ... စိုစိုဟာ သူ့ရဲ့စာအုပ်ကို ယူပါ့မလား။

"မဂ္ဂဇင်းပဲ ယူတော့မယ်၊ ဝတ္ထုတော့ မယူဘူး"

ဒီစကားကြောင့် သူဟာ မြေကြီးပေါ်ကို ဘိုင်းခနဲ ပစ်လဲကျသွားချင်စိတ် ပေါက်သွားအောင်ကို စိတ်ဓာတ်တို့က အကြီးအကျယ် ချို့ယွင်းသွားတော့သည်။ ကိုယ့်ဝတ္ထုကိုတောင် မဖတ်တော့ဘူးတဲ့လား စိုစို။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အသက်မကချစ်နေရသည့် ချစ်သူက ကိုယ့် ရေးသားထုတ်ဝေထားတဲ့ စာအုပ်လေးကို မဖတ်ချင်ဘူးဆိုတော့ ဘယ်လောက် ဝမ်းနည်းမလဲ။

သူနှင့် စိုစို အရင်အချိန်တုန်းက ပတ်သက်နေသည့် ကာလကဆို သူ့ရဲ့အရေးအသား လက်ရည်တွေဟာ အစွမ်းကုန်ကို တိုးတက်လာခဲ့ပါသည်။ သူ့ရဲ့အရင်ကထက် လန်းဆန်းလတ်ဆတ်လာတဲ့ အရေးအသားတွေကြောင့် သူ့ထုတ်ဝေသူကတောင် ချီးမွမ်းခန်း ဖွင့်လာခဲ့သည်။

"ရနောင်းရဲ့အရေးအသားတွေ အရင်နဲ့ကို မတူတော့ဘူး၊ ပိုပြီးလန်းလာတယ်။ ခေါင်းစဉ်ပေးတာတွေကအစ အရမ်းလန်းပြီး မိုးပေါ်ရောက်နေတယ်၊ ဇာတ်ကွက်တော့ ဆေးစားထားပြီနဲ့တူတယ်၊ အချစ်နဲ့ငြိပြီး ထိသွားတယ်ပေါ့"

အဲဒီစကားကြောင့် သူဟာ စိုစို့ရဲ့မျက်နှာကို မြင်ယောင်မိသွားသည်။ အခုချိန်မှာတော့ ...။

စာရေးတယ်ဆိုတာ နှလုံးသားနဲ့ အသက်သွင်းခံစားပြီး လက်နဲ့ပုံဖော်ရတဲ့ အလုပ်မျိုး။ အခုတော့ ...။





စိုစို စာအုပ်ငှားပြီး ထွက်သွားသည့်အခါ ထင်သည် နောက်မှ scooter skate ကို ဖြည်းဖြည်းစီးရင်း လိုက်လာခဲ့တော့သည်။ ခဏအကြာတွင် သူမနှင့် ဘေးချင်းယှဉ် ကပ်လိုက်ကာ ...

"စိုစို ... ပလိ(စ်)၊ ကိုယ် ပြောတာကို နားထောင်ပေးပါဦး"

သူ့စကားသံကြောင့် စိုစိုသည် မျက်နှာထားချက်ချင်းကြီးကို တည်သွားကာ သူ့ကို အကြည့်စိမ်းစိမ်းတွေ ပလိန်းပေးနေကာ ...

"ရှင် ဘာလာလုပ်တာလဲ ရနောင်းထင်၊ ရှင်နဲ့ကျွန်မ ပြောစရာ ဘာအကြောင်းကိစ္စမှ မရှိဘူး"

"ခဏလေးပါကွာ၊ ကိုယ့်ကို ရှင်းပြခွင့်လေးတော့ပေးပါ"

"မလိုတော့ပါဘူး၊ ရှင်တို့ညီအစ်ကိုရဲ့ အကြံအစည်ကိုသိပြီး သွားပြီပဲ"

စိုစို့ရဲ့အခြေအနေကို သူ ရိပ်မိသွားပါသည်။ သူ့အပေါ်ထားတဲ့ စိုစို့ သဘောထားဟာ ခါးနေတယ်ဆိုတာ သေချာ၏။ ထင်သည် စိုးရိမ်ရေမှတ် ရောက်နေပြီဖြစ်တဲ့ ကိုယ့်အချစ်ဇာတာအတွက် ကံမြင့်ဖို့တော့ လိုအပ်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိုစို … ကိုယ်က မင်းထင်သလို မဟုတ်ပါဘူးကွာ"

"တော်တော့ ရနောင်းထင်၊ ကျွန်မရဲ့ နာကြည်းချက်တွေကို ပိုထက်ရှလာအောင် မလုပ်ပါနဲ့"

နာကြည်းတယ်။

အဲဒီစကားကြောင့် သူဟာ နှလုံးသားတစ်ခုလုံးကို ဓားမြှောင်နဲ့ ဆောင့်ထိုးချလိုက်သလိုကို နာကျင်အောင် မျက်စူးရှလို့သွားပါသည်။

စိုစိုသည် သူ့ကို ခါးသီးသော အကြည့်တွေနှင့်ကြည့်ကာ ချာခနဲလှည့်အထွက်မှာတော့ သူဟာ ဆတ်ခနဲ စိုစို့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။ အဲဒီအပြုအမူကြောင့် စိုစိုသည် အံ့အားသင့် မျက်ဝန်းတို့ဖြင့် သူ့ကို ကြောင်ကြည့်နေသည်။

အခုချိန်မှာ မင်း ကိုယ့်ကို နာကြည်းနေနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်ချစ်နေတယ်ဆိုတာ သိပြီးမှ နာကြည်းပေးပါ စိုစို။

"ကိုယ် မင်းကို အရမ်းချစ်နေတယ် စိုစို၊ မင်းအတွက် ကိုယ်ဟာ နာကြည်းစရာကောင်းနေတဲ့ သူဆိုရင် ကိုယ် နေခဲ့ပေးပါ့မယ်"





အဲ့ဒီစကားကြောင့် သူမဟာ အံ့အားသင့်မှုတွေ ရောပြွန်းယှက်နေကာ မျက်နှာမှာ ဘာသာဗေဒ ကာလာမျိုးစုံ ပြောင်း၍ နောက်ဆုံးမှာ မာတင်းထန်ကာ နာကြည်းမှုပါဝင်သည့် အကြည့်တွေပေးကာ သူမရဲ့လက်ကိုဆောင့်ရုန်းကာ တောက်တစ်ချက်ခေါက်ကာ ထွက်သွားခဲ့တော့သည်။

ဒုတိယအကြိမ် ကိုယ်ခံစားခဲ့ရပါတယ် စိုစို။ ဒါပေမဲ့ ဒီခံစားချက်ဟာ ပထမအကြိမ်ထက် အဆပေါင်းများစွာ သာလွန်ပါတယ်ဆိုတာ မင်းကို သိစေချင်တယ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



❦ မဟုတ်ပါဘူး ...

မလုပ်ပါဘူး ...

မင်းထင်သလို မဟုတ်မှာဘူးလို့

အကြိမ်ကြိမ် ကိုယ်ဟာစ်ငြေးနေမိတယ် သူ။

❦ ကမ္ဘာမြေမှာ မကြေညာသေးတဲ့

ငါ့ရဲ့ ချစ်ခြင်းမေတ္တာအတွက်

နာကြည်းမှုကို သူက တုံ့နှင်းပေးတယ်

ငါဟာ မျက်ရည်မိုးတိမ်ထဲမှာ

ရပ်စောင့်နေမိတယ်။





❦ လူးလွန့်သွားတဲ့ နှလုံးသားက

မျှတ်ခနဲ တောင်းဆိုလာခဲ့တယ်

ဖူးစာဆုံကြဖို့အရေး

မျှော်တွေးလို့ ငေးနေပေမယ့်

မင်းမလိုချင်ဘူး ဆိုရင်

ငါ နေခဲ့ပါ့မယ် ချစ်သူ။ ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



❦ အဆုံးသတ်မရှိတဲ့
အပြုံးတစ်ချက်အတွက်
အမုန်းနတ်မိမယ်က
သုံးကုန်လောက်တဲ့ ခါးသီးမှုတွေပေးတယ်။

❦ ရင်တစ်ချက်အခုန်မှာ
မမြင်ရက်ရှံ ဖြစ်ခဲ့တဲ့
အထင်လွဲပြဇာတ်အတွက်
တာဝန်ရှိသူဟာ မီးနပ်(စ်)ပဲဖြစ်တယ်။

❦ သစ္စာတရားရဲ့ ကြီးမားမှုဟာ
ငါ့ရင်ထဲမှာ မြစ်ဖျားခံတယ်





အမုန်းကမ်းရိုးတန်း တစ်လျှောက်မှာ
ရင်ခုန်သံ လှိုင်းကြီးနေလည်း
မေခလာနတ်သမီးရဲ့ မျက်စောင်းဒဏ်ကြောင့်
ငါ့အချစ်တွေ မိုးလင်းနေတယ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



❀ ၁၅ ❀

ရွှန်း၏ staff မြတ်မြတ်က ရွှန်းဆီသို့ လူတစ်ယောက်က appointment တောင်းနေတယ် ဆိုတာကြောင့် ရွှန်းသည် ဘယ်သူလဲဆိုတာ အတပ်သိပါသည်။

"ကျွန်မ ဘယ်လိုများ ပြောလိုက်ရမလဲ အစ်မ၊ ဦးထနောင်းသွင်က အစ်မနဲ့ မတွေ့ရမချင်း မပြန်ဘူးလို့ ပြောနေတယ်"

"ကျစ် ... ဒုက္ခပဲ။ ကဲ ... အဲဒါဆိုလည်း ခေါ်လာခဲ့တော့"

မြတ်မြတ်က ထွက်သွားကာ သူ့ကို ခေါ်လာခဲ့သည်။ ရွှန်းသည် ချဉ်နေပြီဖြစ်တဲ့အတွက် သူ့ရဲ့ရှင်းပြချက်တွေကို နားထောင်လည်း ထူးတော့မည် မဟုတ်ပါ။





"ထိုင်ပါ ... ဘာကိစ္စများ ရှိလို့ပါလဲ"

သူက ဆွေးလျလျ မျက်နှာဖြင့် ရွှန်းရဲ့ရှေ့ကဆိုဖာမှာ ဝင်ထိုင်လေသည်။ Estilo ပတ်လည်စင်းစပို့ရှပ်ကို စတိုင်လ်ပန်လ်အနက်ဖြင့် ခန့်ညားစွာ ဝတ်ဆင်ထားသောသူဟာ မထင်ရက်စရာ ကောင်းလောက်အောင် အငြိုးတေးကြီးသူ ဖြစ်သည်။ စိုစို့ကို ရွှန်းနှင့် ဝေးသွားအောင် သူ့ညီနှင့် စည်းရုံးခဲ့တဲ့သူ။

"တလောက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ တိုက်ဆိုင်တာပါလို့ ကိုယ်က ဆိုလာရင် ရွှန်းက အယုံအကြည်ကင်းမဲ့စွာနဲ့ ငြင်းမှာမလား"

ရွှန်းက ခပ်တည်တည် မျက်နှာပေးဖြင့် သူပြောတာကို ဂရုမစိုက်ဟန် လုပ်ထားလျှင် သူက နားလည်စွာ ခေါင်းညိတ်ရင်း ...

"ဟုတ်ပါတယ်လေ၊ တကယ့်ကို မယုံချင်စရာကောင်းတဲ့ တိုက်ဆိုင်မှုပါ၊ ရွှန်း စိတ်ထဲမှာ ကိုယ့်ကို စိုစို့အပေါ် မကောင်းကြံတဲ့သူလို့ မြင်ချင်မြင်နေမယ်၊ ကိုယ့်ကို အောက်တန်းကျတဲ့သူလို့ ထင်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်တောင် ပိုသေးတယ် ထနောင်းသွင်"

"စဉ်းစားကြည့်ပါဦး ရွှန်းရယ်၊ ကိုယ်က အဲဒီလို လူစားမျိုးတဲ့လား၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ်ဟာ ရွှန်းကို မရခဲ့လို့ အဲဒါ စိုစို့ကြောင့်ဆိုပြီး စိုစို့ကို ကျေဝင်ဖူးပါတယ်။ ဒါပေမဲ့ အဲဒီစိတ်ကလွဲပြီး ကိုယ် စိုစို့ကို ဒီထက် မပိုခဲ့ပါဘူး ...

ကိုယ့်ညီနဲ့ စိုစိုတို့ သိကြတယ်၊ ဆုံကြတယ် ဆိုတာ တကယ်တိုက်ဆိုင်မှုပါကွာ"

"ရှင် ပြောလို့ပြီးသွားပြီဆို ပြန်တော့ ထနောင်းသွင်၊ ပြီးတော့ တစ်ခါတည်း မှတ်သွားပါ၊ ကျွန်မဆီ နောက် ဘယ်တော့မှ မလာပါနဲ့ ...

ရှင် အဲဒီကိစ္စကို လုပ်လုပ် မလုပ်လုပ် ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာ မလိုအပ်ဘူး"

သူဟာ အဲဒီခဏမှာ အလွန်အမင်း စိတ်ဆင်းရဲသွားသူလို မှိုင်ချသွားကာ ဝမ်းနည်းဟန်ပေါက်နေပါသည်။ သူ ဟန်ဆောင်နေတာပဲ ဖြစ်ပါလိမ့်မည်။





"ကောင်းပါပြီ ရွှန်း၊ ရွှန်း မယုံဘူးဆိုရင် ကိုယ်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒါပေမဲ့ ညီလေးနဲ့ စိုစို ရင်းနှီးနေကြတယ်ဆိုတာ ကိုယ် အဲဒီနေ့ကမှ သိခဲ့တာပါ ရွှန်း၊ ကိုယ့်ပယောဂကြောင့် ကိုယ့်ညီလေးကို အသည်းမကွဲစေချင်ဘူး၊ ကိုယ့်ညီကို ကိုယ့်လို မခံစားရစေချင်ဘူး ရွှန်းရယ်၊ ရွှန်း စဉ်းစားပေးပါဦးနော်၊ ကိုယ် သွားတော့မယ်"

သွင်သည် တိတ်ဆိတ်လေးကန်သော ခြေလှမ်းတို့ဖြင့် ရွှန်းကို ကျောခိုင်းကာ ထွက်သွားပါတော့သည်။ ဘာတွေလဲ။ သူ မလုပ်ခဲ့ပါဘူးဆိုတာ ဖြစ်နိုင်ရဲ့လား။ ပြီးတော့ ရနောင်းထင်ဆိုသည့် ကောင်လေးက စိုစို့ကို ကတိုးမောင်လို အစိမ်းဖြတ်ထားခဲ့မှာကို စိုးလွန်းတာကြောင့် ရွှန်းက တားလိုက်တာဖြစ်သည်။

အဲဒီ တားဆီးပိတ်ပင်မှုဟာ စိုစိုရဲ့နှလုံးလမ်းကြောင်းမှာ ကျွန်းဆောက်ပေးခဲ့မိမှု ဖြစ်သွားရင်တော့ ရွှန်း တကယ်ပဲ စိတ်မကောင်းလှပေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နင်က လုံးဝအပြတ်ပဲပေါ့၊ ဟုတ်လား"

စိုစိုက မိုးစွေရဲ့အမေးကို အပြုံးတစ်ချက်ဖြင့် ခေါင်းဆတ်ပြလိုက်တော့သည်။ ပြီးခဲ့တဲ့ ကာလတွေမှာ ဖြစ်ပျက်ခဲ့တဲ့ စိုစိုတို့ရဲ့ ပြဿနာလေးတွေအကြောင်းကို မိုးစွေအား ပြောပြတော့ မိုးစွေက ဟုတ်မှဟုတ်ပါ့မလားဆိုပြီး မယုံနိုင်လောက်အောင် ဖြစ်နေတော့သည်။

"ဒါဆို ထင်က နင့်ကို အသုံးချမလို့ ပတ်သက်ခဲ့တယ်လို့ ဆိုလိုချင်တာလား"

"အဲဒီလိုပဲ ပြောရတော့မှာပဲဟ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ အခက်အခဲ ဖြစ်နေချိန်တိုင်းမှာ သူ ရောက်,ရောက်လာတတ်တာပဲလေ၊ အဲဒါဟာ ကြိုတင်ကြံစည်မှု ဖြစ်နိုင်နေတယ်"





"ငါကတော့ နင့်ကို သူ တကယ်ကြွေနေတယ်လို့ပဲ မြင်တယ်၊ ပြီးတော့ သူသာ နင့်ကို ဟန်ဆောင်ပတ်သက်ခဲ့တယ်ဆိုရင် ဒီလောက် အချိန်ကုန်ခံပြီး လိုက်တောင်းပန်နေပါ့မလား၊ သူက celebrity တစ်ယောက်နော်၊ နင့်အတွက် အချိန်တွေ ဒီလောက်ပေးထားတယ် ဆိုကတည်းက သူ့စိတ်က အင်,မဟုတ်ဘူးဆိုတာ မှန်းလို့ရပါတယ်ဟယ်"

စိုစိုသည် မိုးစွေရဲ့အပြောကြောင့် တွေခနဲတော့ဖြစ်သွားရသည်။ မိုးစွေပြောတာ ဟုတ်တော့ ဟုတ်ပါသည်။ ထင်ဟာ စိုစိုတို့နှင့် ပြဿနာဖြစ်ပြီးနောက်ကတည်းက တောက်လျှောက်တကောက်ကောက် စိုစို့နောက်လိုက်ကာ ရှင်းပြလေသည်။

သူ အဲဒီလိုရှင်းပြတိုင်းလည်း စိုစိုဟာ သူ့ကို ဂရုမစိုက်ဘဲ သူ နာအောင် ပြောလွှတ်စမြဲပင်။ အဲဒါတောင် တစ်စက်လေးမှ မနာဘဲ ဆက်လိုက်နေသေးတာဟာ ဘာကြောင့်လဲ။

စိုစို့ကို ချစ်တယ်လို့ ပြောခဲ့တာကကော တကယ်ပဲလား။ စိုစိုသည် ထင်ယောင်ထင်မှား အတွေးတွေနှင့်အတူ စိတ်တွေညစ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကတိုးမောင်နှင့် ပတ်သက်မှု ပြီးပြတ်သွားပြီးနောက်မှာ စိုစိုဟာ ယောက်ျားတွေကို စိတ်နာနေသည့်ကြားမှ ထင် တစ်ယောက်ကိုတော့ဖြင့် (ကိုယ်နှစ်သက်ပါသော စာရေးဆရာဖြစ်တာ့တစ်ကြောင်း) ဘယ်သူနှင့်မှမတူကာ ခင်မင်သံယောဇဉ်တွယ်မိပါသည်။

သူစိမ်းယောက်ျား တစ်ယောက်ကို ခင်မိတယ်၊ သံယောဇဉ်တွယ်မိပြီ ဆိုတာနှင့် သူ့ရဲ့ side effect တွေက ဝင်လာတတ်သလား မပြောတတ်ပါ။

"ဩော် ... ဟုတ်၊ ငါတို့ဆိုင်အတွက် အားလုံး ready ပဲနော်၊ ကြော်ငြာကိစ္စပဲ ကျန်တော့တယ်"

မိုးစွေ ဘာကိုပြောချင်တယ်ဆိုတာ ရိပ်မိပါသော စိုစိုသည် တမင်တကာကို မသိချင်ဟန်ဆောင်နေလေသည်။ ဖြစ်နိုင်ရင် စိုစိုဟာ ထင်နှင့် လုံးဝမပတ်သက်ချင်တော့ပါ။ သူ့ကြောင့် နှလုံးသားမှာ နောက်တစ်ကြိမ် ဒဏ်ရာမျိုးဆိုတာ မရှိချင်။

"ငါ ထင့်ကို ရိုက်ရက်ချိတ်ထားတယ် စိုစို"

"ဟယ် ... နင်ကလည်း၊ ငါ့ကိုလည်း ဘာမှမပြောဘဲနဲ့"





"အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ ရောထွေးမပစ်ရဘူးလို့ နင်ပဲ စပြောတာလေ"

စိုစိုသည် ဘာမှဆက်မပြောတော့ဘဲ ဒီအတိုင်းသာ နှုတ်ဆိတ်နေလိုက်တော့သည်။ မိုးစွေကိုတော့ စွတ်ငြင်းနေလို့ မရတော့ပေ။ အဲဒီကိစ္စကို ရွှန်းနှင့် တိုင်ပင်ကြည့်လျှင်တော့ ရွှန်းကလည်း အလုပ်သာလျှင် ပထမဆိုသော စီးပွားရေးသမားပီပီ ...

"ဘာဖြစ်လဲ စိုစိုရယ်၊ လုပ်လိုက်ပေါ့၊ ဒီကိစ္စက အလုပ်ကိစ္စပဲဟာကို"

စိုစိုသည် ရွှန်းရဲ့ အဲဒီစကားကြောင့် ဆက်ရန်မရှိဖြစ်သွားကာ နှုတ်ဆိတ်နေလိုက်တော့သည်။ စိုစိုရဲ့ပုံစံလေးကို ကြည့်ကာ ရွှန်းက အသာပြုံးလိုက်ရင်းက ...

"စိုစို့ကို ဝေဖန်မယ်နော်၊ ရလား"

"ဩော် ... ရွှန်းကလည်း၊ တူဝရီးချင်းတွေပဲဟာ၊ ဝေဖန်ပေါ့"

"စိုစို့စိတ်ထဲမှာ ရှုပ်ထွေးမှုတွေ ဖြစ်နေတယ်၊ ပထမဆုံး ကိုယ့်ချစ်သူ သစ္စာဖောက်သွားတော့ ခံပြင်းမှုတွေနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



စိုစို ပြောင်းလဲခဲ့တယ်။ ဒုတိယတစ်ခါမှာတော့ ကိုယ်ခင်နေတဲ့သူက ရှေ့မှာတော့အချိုသပ်ပြီး နောက်ကွယ်မှာ ဟားတိုက် ရယ်မောနေတယ် ဆိုတဲ့ အထင်နဲ့ သူ့ကိုမုန်းခဲ့တယ်...

ဒါပေမဲ့ စိုစို သူ့ကို မေ့ပျောက်လို့ မရဘူး မှလား”

စိုစိုသည် ဘာမှဆက်မပြောနိုင်တော့ဘဲ ရွှန်းရဲ့ဝေဖန်မှုတွေကို ဆက်နားထောင်လိုက်တော့သည်။ တကယ်ပဲ အဲဒီလို စိုစို ဖြစ်နေပြီလား။

“တကယ်တော့ ရွှန်းနဲ့ စိုစိုတို့ကသာ သူတို့ပူပေါင်းပြီး အကွက်ချတယ် ထင်နေပေမယ့် အဲဒါဟာ တကယ်ဟုတ်မဟုတ် ဘယ်သူမှ မသိနိုင်ဘူးလေ၊ ကတိုးမောင်တုန်းကတော့ သူ သစ္စာဖောက်တာကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့တော့ မုန်းနိုင်တယ်လေ”

အင်း ... ရွှန်း ပြောတာဟာ ဟုတ်တော့ ဟုတ်ပါသည်။ ရနောင်းထင် အပေါ် ထင်မြင်ချက်အားလုံးဟာ စိုစို့ရဲ့ တစ်ဖက်သတ်အထင်နှင့် စွဲချက်တွေသာဖြစ်သည်။ စိုစို့အနေဖြင့်





ကြည့်မည်ဆိုရင်တော့ စိုစိုဟာ တစ်ခါ ခဲမှန်ထားတဲ့ စာသူငယ်ဖြစ်နေတော့ ထစ်ခနဲဆို သွေးဆူတတ်နေတာတော့ အမှန်ပဲဖြစ်သည်။

ကတိုးမောင်နှင့် ပတ်သက်ခဲ့ပြီးကတည်းက တကူးတကကို မွေးမြူလို့ထားပါတဲ့ စိုစို့ရဲ့ခပ်မာမာ နှလုံးသားလေးဟာ နူးညံ့မှုရှိနေခဲ့ပြီလား။

“စိုစိုက တကယ်တော့ ရနောင်းထင် အပေါ် တွယ်ငြိခဲ့ပါတယ်၊ ရွှန်းဘက်က ထနောင်းသွင်ကို ထင်နေတဲ့ ထင်မြင်ချက် မှား၏ မှန်၏ အတည်ပြုပြီးရင် စိုစို ဆုံးဖြတ်ချက်ချပေးရမယ်နော်”

စိုစိုကတော့ ကိုယ့်ကိုယ်ကိုယ်ထက် ရွှန်းကို ပိုပြီး စိတ်ချမ်းသာစေချင်ပါသည်။ ရွှန်းခမျာမှာ စိုစို့ကိုငဲ့ပြီး သိပ်ချစ်ရသည့် ချစ်သူကိုလည်း စွန့်ပစ်ခဲ့ရသည်။ အခုတစ်ခါ အချစ်ဦးနှင့် ပြန်ဆုံပြီးမှာလည်း ထင်မြင်မှုတစ်ခုကြောင့် လွဲရပြန်ပါသည်။ ဖြစ်နိုင်ရင်တော့ စိုစိုသည် ရွှန်း၏အချစ်တုံးကြီး ဦးထနောင်းသွင်နှင့် ရွှန်းကို peace ဖြစ်သွားကာ ပြန်ပေါင်းထုပ်ကြစေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှန်း ... စိုစို ရနောင်းထင်နဲ့ အလုပ်တွဲလုပ်ရတာကို ရွှန်း ဘာပြောချင်လဲဟင်"

"ဘာမှပြောစရာ မလိုပါဘူး စိုစိုရယ်၊ ရွှန်း ကိုယ်တိုင် မိုးစွေနဲ့တိုင်ပင်ပြီး ရနောင်းထင်နဲ့ ရက်ချိတ်ခိုင်းလိုက်တာပဲ၊ ရနောင်းထင်ကို chance ပေးလိုက်ပါ စိုစိုရယ် ...

ဩော် ... ရွှန်း ဒီလိုပြောလိုက်လို့ စိုစို့စိတ်ထဲမှာ ဘာမှမဖြစ်နဲ့နော်၊ ရွှန်းက သွင့်ကို မေ့ထားတာ ကြာပါပြီ၊ အခုပြောနေတာက စိုစို့အတွက်ပါ"

ရွှန်းဟာ စိုစို့အပေါ် အဲဒီလောက်အထိတောင် မေတ္တာထားနိုင်သူ ဖြစ်ပါသည်။ စိုစို့ဘဝရဲ့ အရာရာတိုင်းအတွက် အားကိုးနေခဲ့ရသော ရွှန်းကို သူမ ချစ်တဲ့သူနဲ့ လွဲမသွားစေချင်ခဲ့ပါ။ ထင့်ကိုတော့ အကဲခတ်ရဦးမည်ဖြစ်သည်။

"စို ရွှန်းကို အဲဒီလိုမျိုး ဘယ်နည်းနဲ့မှ မထင်ရက်ပါဘူး ရွှန်းရယ်"

ရွှန်းနှင့် စကားပြောဆိုပြီး နောက်မှာတော့ စိုစိုသည် အိပ်ရာဝင်၍ နဖူးပေါ်လက်တင်ကာ စဉ်းစားနေမိတော့သည်။





ထင်ဟာ စိုစို့ကို တကယ်ပဲ ချစ်ခဲ့တာလား။ မတွေးတတ်တော့ပါ။ စိုစို့စိတ်ထဲမှာ ဘာဖြစ်နေတယ် ဆိုတာတောင် ကိုယ့်ကိုယ်ကိုယ် မပြောတတ်။

နီးရက်နဲ့ ဝေးနေရတာ၊ မဆုံနိုင်လို့ ဆွေးနေကြတဲ့ အမျိုးအစားထဲမှာ စိုစို တစ်ယောက် ပါမှန်းမသိ ပါနေခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ဒီနေ့က outdoor (အောက်ဒိုးလ်)ထွက်ရိုက်တဲ့နေ့မို့ စိုစို့ကို ထင် အချိန်တော်တော်ကြာ တွေ့ရမည်ဖြစ်သည်။ ခါတိုင်းရက်တွေက စတူဒီယိုထဲမှာပဲ ရိုက်နေတာမို့ စိုစိုက သူ့ကို ခပ်ရှောင်ရှောင်နေသည်။ စိုစိုဟာ သူ့အပေါ်ကို အရမ်းပင် စိမ်းကားလွန်းလှပါသည်။

ဓာတ်ပုံရိုက်ဖို့ကိစ္စအတွက် ရိုက်ရက်က သုံးရက်ပေးထားတာမို့ သူ့အတွက် စိုစို့ကို ကြိုးစားချိန်ရက်က သိပ်မကျန်တော့ပါ။ မိုးဇွေကတော့ ဖော်ရွေပျူငှာကာ သူ့ကို နည်းနည်းပါးပါး ကူညီပေးပါသည်။





"ကိုရနော်င်း ... အဆင်သင့်ဖြစ်ရင် ရိုက်မယ်တဲ့"

"အိုခေ ... ကျွန်တော် လာပြီ"

ထင်သည် အတွေးစတို့ကိုဖြတ်ကာ အလုပ်ထဲပဲ စိတ်နှစ်ထားလိုက်တော့သည်။ စိုစိုကတော့ ပေစောင်းစောင်းဒီဇိုင်းနှင့် ထိုင်ခုံတစ်ခုမှာ မလှုပ်မယှက် ထိုင်နေလေတော့သည်။ မင်းကို ချစ်ရတာ ကုန်ကြမ်းကောင်းကောင်းတော့ ရပါတယ် စိုစို။

vest စွပ်ကျယ်အနက်ကို သူမတို့ရဲ့ brand လီနင်သား ရှပ်လက်တိုဖြင့် တွဲဝတ်ကာ ချောကလက်ဖျော့ရောင် ချည်သားဘောင်းဘီတိုကိုဝတ်၍ punk ကျားကွက်ရှူးလေးစီးထားသော သူ့ပုံစံဟာ တော်တော်လေး လှုငယ်ဆန်ကာ sweet ဖြစ်ပါသည်။

စာတွေကိုပဲ သီးသန့်ရေးကာ စာရေးဆရာဖြစ်သော သူဟာ အဲဒီလို မော်လ်ဒယ်တွေ ဘာတွေ လုပ်ချင်တာ မဟုတ်ပါ။ သို့ပေမဲ့ အခုဟာက သူချစ်နေပါသော စိုစို့ရဲ့ဆိုင်ကြော်ငြာကိစ္စ ဖြစ်တာကြောင့် သူက ရိုက်ဖို့ဆုံးဖြတ်လိုက်ရတာပဲဖြစ်သည်။

ဒီနေ့ရိုက်ရမည့် setting ပုံစံကတော့ သိပ်ခက်ခက်ကြီးတော့ မဟုတ်ပါ။ လိမ္မော်ရောင်ဆမ်းထားသော ချုံအိအိညနေချမ်းမှာ နှင်းဆီပန်းလေးတစ်ပွင့်ကိုင်ကာ ချစ်သူမလာသေး၍



www.burmeseclassic.com

www.burmeseclassic.com



မျှော်တော်ယောင်လုပ်နေသည့် လူငယ်လေး၏ ရှိမန့်တစ်အသွင်ကို ဖော်ကျူးရမည်ဖြစ်သည်။

ညနေခင်းတစ်ပိုင်းလုံး ကြိုးစားပမ်းစား ရိုက်ကူးပြီး၍ အားလုံး ပြီးစီးသွားသောအခါ အားလုံး အားလုံး ကိုယ်စီပြန်ကြလေသည်။ မြို့ပြင်တိုးလ်ဂိတ်အလွန်မှာ ရိုက်တာဖြစ်သောကြောင့် အပြန်တော့ ညနေတော်တော်ကို စောင်းပြီဖြစ်သည်။ မိုးကလည်း ခပ်ဖွဲဖွဲကျနေတာဖြစ်သောကြောင့် ထင်သည် ကားကို ခပ်မှန်မှန်ပဲ မောင်းလာခဲ့ပါသည်။

စိုစိုနှင့် မိုးစွေက ကားတစ်စီးဖြင့် အစောပိုင်းကတည်းက ပြန်သွားကြပြီဖြစ်သည်။ သူ တိုးလ်ဂိတ်ကို ကျော်လာပြီးသည့် နောက်မှာတော့ မိုးက ပိုသည်းလာကာ သဲသဲမဲမဲ ရွာချနေသည်။

သူက ခပ်ဖြည်းဖြည်း မောင်းနေတုန်း ကားတားခြင်းကို ခံလိုက်ရသဖြင့် သူက စာနာစိတ်ဖြင့် ကားရပ်ပေးလိုက်တော့သည်။ ကားမှန်ကို ခပ်ဟဟ ဖွင့်လိုက်လျှင်တော့ သူ့ကို ကားတားသူဟာ မိုးစွေ ဖြစ်လို့နေပါသည်။

"ဟာ ... မိုးစွေ ကားဘာဖြစ်လို့လဲ"





ထင်သည် မိုးရွာထဲပဲ ကားပေါ်ကဆင်းကာ သူမတို့ရှိရာကို လျှောက်သွားသည်။ မိုးစွေကတော့ သူ့ကိုတွေ့၍ ပျော်နေပေမယ့် စိုစိုကတော့ ကူညီမယ့်သူက သူဖြစ်နေ၍ စိတ်ကျဉ်းကျပ်နေဟန်ရှိသည်။

"ဘာဖြစ်တာလဲ မိုးစွေ"

"ဘီးပေါက်တာ"

"ဘာမှမဖြစ်ဘူး၊ ကိုယ့်လမ်း ကိုယ်သွား"

မိုးစွေက အားတက်သရော ပြန်ဖြေပေမယ့် စိုစိုကတော့ လက်မလျှော့ဘဲ မာနက တင်းနေသေးပါသည်။ ထင်သည် အသာပြုံးလိုက်ရင်း ကားဘီးကို ငုံ့ကြည့်လိုက်သည်။ ဘီးက လေပြားကာ သံကလည်း စိုက်နေသေးသည်။ သူ့မှာ စေတနာ ဗရုပ္ပနှင့် မိုးရေအစိုခံပြီး ကူညီတာတောင် စိုစိုက အပြုံးတစ်ခုတောင် မသဒ္ဓါခဲ့ပါ။

"ဘီးလဲရမှာနဲ့ဆို အချိန်က ကြာနေမယ်၊ မောင်လည်းမောင်တော့မယ်။ မိုးကလည်း ရွာနေတယ်ဆိုတော့ ဒီလိုလုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ မိုးဇွေနဲ့ စိုစို့ကို ကိုယ် ပြန်လိုက်ပို့ပေးမယ်လေ၊ ကားကိုတော့ တစ်ယောက်ယောက်ကို ပြန်ယူခိုင်းလိုက်မယ်”

“အင်း ... အဲဒါ ကောင်းတယ်”

“အာ ... မကောင်းပါဘူး၊ ရတယ် မိုးဇွေ၊ သူ သွားပါစေ၊ ငါတို့ဘာသာ Taxi ငှားပြန်မယ်”

အခုချိန်ထိကို ခေါင်းမာနေတဲ့ ဒီကောင်မလေး ကျေနပ်ဖို့ရာ သူ့မှာ လုပ်စရာက တစ်လမ်းပဲ ရှိတော့သည်။ သေချာတာကတော့ အဲဒါဟာ သူ့ဝတ္ထုထဲက ဇာတ်ကွက်မဟုတ်ပါ။

“ကဲ ... စိုစို၊ မင်း ကိုယ်လိုက်ပို့တာ လက်မခံဘူးဆိုရင် ကိုယ့်ကားကို ယူသွားလိုက်၊ ကိုယ် ဘီးလဲပြီးမှ ဒီကားကို ဆက်မောင်းလာခဲ့မယ်၊ ကိုယ့်ကို စိတ်ချတယ်ဆိုရင်တော့ နောက်နေ့မှ ကားချင်းပြန် change တာပေါ့ ...

ဘယ်လိုလဲ၊ အဲဒါကိုတော့ မင်း လက်ခံလိုက်ပါ”





“ကောင်းပြီလေ၊ အဲဒီလိုပဲ လုပ်တာပေါ့”

“ဟယ် ... ဘယ်ဟုတ်ပါ့မလဲ၊ စိုစိုကလည်းဟာ မိုးလည်း ချုပ်တော့မယ့်ကိစ္စ၊ အတူတူပဲ ပြန်မယ်လေ”

“နေပါစေ မိုးဇွေ၊ ကျွန်တော် ကျေနပ်လို့ ကျွန်တော်လုပ်ပေးတာပါ”

စိုစိုရဲ့ရက်စက်နိုင်မှုကိုတော့ သူ လက်ဖျားခါသွားပါသည်။ မိုးရေတွေထဲမှာ တမင်တကာကို ထားခဲ့ရတဲ့ စိမ်းကားလေသော အဲဒီကောင်မလေးကို သူကတော့ အဆုံးမရှိ ချစ်မိသွားပြီဆိုတာ သေချာသွားပေပြီ။ စိုစိုက ကားပေါ်တက်ခါနီးမှာတော့ သူ့ကို တစ်ချက်လှည့်ကြည့်ကာ သူ့ဆီကို ပြန်လျှောက်လာပြီး သူမ ဆောင်းထားသော ချာလီထီးကြီးကို သူ့ကို ကမ်းပေး၍ ...

“ရော့ ... ထီးယူထားလိုက်၊ ရှင် မိုးတွေရွှဲနေပြီ”

စိုစို့မှာ သူနှင့်ပတ်သက်ပြီး အကြင်နာသေးသေးလေးတော့ ရှိပါသေးသည်။ အဲဒီအတွက် သူ အရမ်းပီတိဖြစ်သွားရပါသည်။ နေပါစေ ချစ်သူ။ ကိုယ်ပဲ မိုးတွေအစိုခံပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် စိုစို၊ သွားတော့လေ၊ ကိုယ်က ဘီးလဲရမှာဆို တော့ ထီးကြီးနှင့်ဆို အဆင်မပြေဘူး"

"ဖြစ်ပါ့မလား"

စိုးရိမ်ဟန်စွက်နေသည့် အဲဒီမေးခွန်းလေးအတွက် သူဟာ မိုးစိုရုံမကဘဲ မိုးကြိုးပါအပစ်ချခံရသည့် သတ္တိဗျတ္တိတွေ ရှိလာခဲ့ပါသည်။

"ရပါတယ် စိုစိုရယ်၊ ကိုယ်က ကိစ္စမရှိပါဘူး သွားတော့ လေ၊ ဟိုမှာ မိုးဗွေ စောင့်နေတယ်။ Drive safety "

စိုစိုသည် ကားပေါ်တက်ခါနီးမှာတော့ သူ့ဘက်ကို မျက်နှာတစ်ချက်ငဲ့ကာ အပြုံးတစ်ခုနှင့်အတူ ...

"ကျေးဇူးတင်ပါတယ် ထင်"

အားလားလား ... မောပန်းနေသည့် ခရီးသည် အတွက် အိုအေစစ်တစ်ခုကို ရှာတွေ့လိုက်သလိုကို သူ့ရင်ထဲမှာ ပမ်းသမျှ လန်းသွားတော့သည်။ သူမတို့ကားလေး မောင်းထွက် သွားတဲ့အထိ ထင်ဟာ ငေးကြည့်နေခဲ့မိပါသည်။





အချစ်ကပေးသော စွမ်းအင်တစ်ခုကြောင့် သူ့တစ် ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေပေမယ့် နှလုံးသားတစ်ခုလုံးကတော့ နွေးထွေးရှိန်းမြနေခဲ့ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ … သင်<br>
ရင်ထဲကို … ဝင်<br>
အဲဒီလိုအချိန်မျိုးမှာ … ပင်<br>
ဝေးများဝေးသွား … ရင်<br>
မတွေ့ရဲ့ဘူး … ထင်



နေ့လယ်(၂)နာရီမှာ venus' coffee bar ၌ စောင့်နေပါဆိုသော ထင် ပို့လိုက်သည့် message ကြောင့် စိုစိုသည် ဒီဆိုင်လေးကို ချိန်းထားချိန်ထက် စောကာ ကြိုရောက်နေပါသည်။

လက်တေးတစ်ခွက်မှာကာ သူ့အလာကို စောင့်နေရင်းနှင့် စိုစိုသည် ဖုန်းထဲက ဂိမ်းကစားနေမိသည်။ အင်း … သူနှင့်တွေ့ရင် ဘာတွေပြောရမလဲ။ မိုးဇွေကို ဒီနေ့ ထင်နှင့်ကားချင်း`change ဖို့ ချိန်းထားတယ် လိုက်ခဲ့ပါဆိုတော့ ပေါ်တင်ကြီးကို ရှောင်ကာ မလိုက်ဘူး ပြောလေသည်။

မိုးဇွေ မလိုက်တော့ စိုစိုက တစ်ယောက်တည်းပင် ချိန်းထားရာ နေရာကိုလာကာ သူ့ကိုစောင့်နေလိုက်တော့သည်။ ထင်နှင့် စိုစိုဟာ ပြဿနာမအေးဆေးသေးပါ။ အခုချိန်ထက်ထိ



www.burmeseclassic.com

www.burmeseclassic.com



စိုစိုဟာ သူတို့ရဲ့အသုံးချခံ ဖြစ်,မဖြစ်ဆိုတာ ဘာမှတိတိကျကျ ဝေခွဲလို့ မရသေးပါ။ ပြီးတော့ သူ ချစ်တယ်ဆိုတာကိုလည်း ...။

"ငါလိုလူကို ... မချစ်ရင် ဘယ်သူကို မင်းလေးချစ်ချင်လဲ ... ဖြေပါ ... ဘယ်သူ့မှ ငါ့လိုမချစ်ဘူးကွာ ... မင်းယုံကြည်ပါ ... ငါလိုလူကို မချစ်ရင် ... ဘယ်သူ့ကို မင်းလေးချစ်ချင်လဲ ... ဒီလိုမေးခွန်းလေးတစ်ခု ... ချစ်တဲ့သူ ဖြေပါ"

ဆိုင်ထဲကနေ တိုက်ဆိုင်စွာပဲ ခပ်တိုးတိုး လွင့်ပျံ့လာတဲ့ သီချင်းလေးဟာ စိတ်လှုပ်ရှားစရာ ကောင်းလှပေသည်။ "ငါလိုလူကို မချစ်ရင် ဘယ်သူ့ကို မင်းလေးချစ်ချင်လဲ"တဲ့။ အဲဒီမေးခွန်းအတွက် စိုစိုသည် တစ်ယောက်ရဲ့မျက်နှာလေးကို ဖြုန်းဆို သွားမြင်ယောင်သွားသဖြင့် အသာပြုံးမိသွားသည်။

ဘယ်သူ့ကို ချစ်ချင်တယ် ဆိုတာထက် ဘယ်သူ့မှ မချစ်မိအောင် ထိန်းချုပ်နေထိုင်တာက အကောင်းဆုံးဖြစ်မှာပါ။

"စိုစို ... ကျွန်တော့်ကို မှတ်မိပါတယ်နော်၊ ကျွန်တော် ရဲမာန်လေ၊ ထင့်ရဲ့သူငယ်ချင်းပါ"





စိုစိုသည် သင်တန်းမှာ သိနေသော ရဲမာန်ကို ခေါင်းတစ်ချက် ဆတ်ပြကာ ...

"မှတ်မိပါတယ် ကိုရဲမာန်၊ ထိုင်လေ"

သူက စိုစို့ရှေ့က ဆိုဖာမှာ ဝင်ထိုင်ကာ ကော်ဖီတစ်ခွက် လှမ်းမှာပြီးနောက်မှာ ကားသော့ကို စိုစို့ရဲ့ရှေ့သို့ တွန်းပို့လိုက်ရင်း ...

"ထင်က သူကိုယ်တိုင်လာပြီးတော့ စိုစို့ကို လာတွေ့ချင်တာပါ၊ ဒါပေမဲ့ ..."

ရဲမာန်က စကားစ ခဏပြတ်သွားလျှင် စိုစိုသည် စိတ်ထဲ ထင့်ခနဲ ဖြစ်သွားတော့သည်။ မနေ့က မိုးတွေသဲသဲမဲမဲ အောက်မှာ သူ ...။

စိုစိုသည် ထင့်အတွက် အလွန်အမင်း စိုးရိမ်ပူပန်လာကာ ရဲမာန်ကို အဆောတလျင် မေးရတော့သည်။

"ထင် ... သူ ဘာဖြစ်လို့လဲဟင်"

"ထင် မနေ့ညက မိုးတွေရွှဲပြီး ကျွန်တော့်အိမ်ကို ရောက်လာတယ်လေ၊ သူ ကျွန်တော့်ဆီ လာတော့ပဲ မှောင်တောင်မှောင်နေပြီ။ တစ်ကိုယ်လုံးလည်း မိုးရေတွေ ရွှဲနေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း ချုပ်ပြီဆိုတော့ ဒီကောင် အိမ်မပြန်ဘဲ ကျွန်တော့်အိမ်မှာပဲ အိပ်တာ၊ ညဦးပိုင်းလောက်မှာ ဒီကောင် အဖျားတွေတက်၊ ကယောင်ကတမ်းတွေ ဖြစ်နေတာနဲ့ ကျွန်တော် သူ့အစ်ကိုဆီ ဖုန်းဆက်ပြီး အကြောင်းကြား လိုက်တော့ သူ့အစ်ကို ရောက်လာတယ် ...

ထင်က ဖျားရင် အပူအရှမ်းကြီးတာ၊ မိုးကလည်း မိထားတော့ တအားတွေဖျားပြီး စိုးရိမ်တာနဲ့ ဆေးရုံတင် ထားလိုက်တယ် စိုစို၊ အခုတော့ သိပ်စိုးရိမ်ဖို့ မလိုတော့ ပါဘူး”

ဘုရားရေ ... ထင် ဆေးရုံတက်ရတယ်။ စိုစို လုပ် ခဲ့တဲ့ကိစ္စဟာ သူ့ကို ဒီလောက်တောင် ထိခိုက်သွားတယ်လား။ မိုးရေထဲမှာ တမင်ပစ်ထားခဲ့တဲ့ စိုစိုဟာ မနေ့ညက သူ့ရဲ့မျက်နှာ ကို ပြန်မြင်ယောင်ကာ ရင်ထဲမှာ ကြေကွဲသွားရတော့သည်။ စို အဲဒီလို ဖြစ်ပါစေဆိုပြီး မရည်ရွယ်တာ အမှန်ပါ ထင်ရယ်။

“စို သူ့ကိုတွေ့ချင်တယ် ကိုရဲမာန်၊ ရလားဟင်”





“သိပ်ရတာပေါ့၊ ဒီကောင်ကြီးသာ စိုစို့ကိုတွေ့ရင် သိပ် ဝမ်းသာမှာ”

“ကျွန်မတို့ သွားကြမယ်လေ၊ ဒါ သူ့ကားသော့ ရော့၊ ဪ ... ဒါနဲ့ သူက ဘယ်ဆေးရုံမှာလဲဟင်”

“(......)မှာပါ၊ ကျွန်တော်လည်း အဲဒီကိုပဲ သွားမှာလေ၊ လိုက်ခဲ့ပေါ့”

စိုစိုသည် ရဲမာန်ရဲ့နောက်မှ ကားဖြင့်လိုက်လာခဲ့ ကာ ထင့်ဆီသွားတွေ့မှာဖြစ်သည်။

ဆေးရုံသို့ ရောက်ခဲ့သည့်အခါမှာတော့ ရင်ထဲတွင် စိုးရိမ်မှုတစ်ခုက ပိုကြီးထွားလို့သွားခဲ့သည်။

ရှင့်ကို ဒုက္ခပေးမိသွားပြီလား ထင်။

အဲဒါတွေအားလုံး စို့ကြောင့် ဖြစ်ရတာပါ။

အခန်းတံခါးကို ဖွင့်လိုက်ရင်တော့ ခုတင်ပေါ်မှာ ခေါင်းအုံးကို နောက်မှီ၍ ခပ်လျှော့လျှော့ အနေအထားဖြင့် မှိန်း နေသော သူ့ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုစို့ကို မြင်သောအခါ သူဟာ အင်မတန် အံ့ဩ ဝမ်းသာသွားတယ်ဆိုတာ သူ့မျက်နှာကြည့်တာနှင့် ဘေးလူတွေ တောင် သိနိုင်ပါသည်။

ဘေးလူဆိုတာ ထင့်ရဲ့အစ်ကိုကြီးနှင့် ရဲမာန်ကို ပြောတာဖြစ်ပါသည်။

"စိုစို ... လာထိုင်လေ"

ဦးထနောင်းသွင်က နွေးထွေးစွာ ဖိတ်ခေါ်လျှင် စိုစိုသည် ခေါင်းတစ်ချက် ဆတ်ပြကာ ထင့်ရဲ့ဘေးနားက ခုံလေးမှာ ဝင်ထိုင်ရင်းက ...

"ထင် ဆေးရုံတက်ရတယ်ဆိုလို့ သတင်းလာမေးတာပါ ဦးထနောင်း။ ထင် သက်သာရဲ့လားဟင်"

"သက်သာပါတယ် စိုစို"

"ကဲ ... စိုစိုတို့ စကားပြောကြဦး၊ ကိုယ် အောက်မှာဆေး သွားဝယ်လိုက်ဦးမယ်"

တမင်တကာ ရှောင်ပေးတယ်ဆိုတာ သိနေသည့် အတွက် စိုစိုသည် ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်တော့သည်။





ဦးထနောင်းနှင့် ရဲမာန် ထွက်သွားသည့် အခါမှာတော့ ထင်က စကားစပြောပါသည်။

"ကိုယ့်ဆီလာလိမ့်မယ်လို့ ကိုယ် လုံးဝထင်မထားဘူး စိုစို၊ အခုလို လာပေးတာ ကျေးဇူးပါပဲ"

"ကိစ္စမရှိပါဘူး၊ ရှင် ဒီလိုဖြစ်တာ ကျွန်မကြောင့်လေ၊ ကျွန်မမှာ တာဝန်ရှိပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကတော့ စိုစို လာတဲ့အတွက် အရမ်းနေကောင်းသွားပြီ၊ ကိုယ့်ကို အရင်လို ပြန်နေခွင့် ပေးပါ စိုစိုရယ်"

စိုစိုသည် ရင်ထဲတွင် ခံစားချက်တစ်မျိုးဖြင့် ပြည့် နက်လာကာ ခဏမျှေဆွားပါသည်။ အဲဒီကိုပဲ ပိုင်ပိုင်နိုင်နိုင် အသုံးချကာ စိုစို့ကို နားဝင်အောင် နားချပါသည်။

"ကိုယ် အဲဒီကိစ္စတွေကို တကယ်ပဲ မသိရပါဘူး စိုစိုရယ်၊ အထင်လွဲမှု သက်သက်ပါ၊ ကိုယ် ဥပမာပြောပြမယ်နော်၊ မနေ့တုန်းက စိုစို့ဘက်က မရည်ရွယ်ဘဲ ကိုယ့်ကို မိုးရေ ထဲ ထားပစ်ခဲ့တယ်လို့ စိုစို တွေးနေတယ် မှလား ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ်က ကိုယ်ကျေနပ်လို့ လုပ်ခဲ့တာလေ၊ အခု ကိုယ်ဖျားတော့ စိုစိုက စိုစို့ကြောင့်လို့ ထင်တယ်၊ ကိုယ်ကတော့ ကိုယ်လုပ်ခဲ့တာအတွက် ဘာမှမဖြစ်ဘူး၊ သူ့ဘက်ကကြည့်တော့ လက်ဖဝါး၊ ကိုယ့်ဘက်ကကြည့်ရင် လက်ဖမိုး၊ ဒီသဘောပါပဲ စိုစို၊ စိုစို ကိုယ်တို့ကို အထင်လွဲနေတာပါ"

ဟုတ်နိုင်ပါ့မလား။ စိုစိုသည် ဘာမှလဲ ရေရေရာရာ မတွေးတတ်တော့ပါ။ ရွှန်းကတော့ ဒီကိစ္စကို ဆုံးဖြတ်ချက် အတိအကျ မပေးသေးပါ။

"အဲဒါတွေ ထားလိုက်ပါ၊ လောလောဆယ် ရှင် နေကောင်း အောင် နေလိုက်ပါဦး၊ ကျွန်မ သွားတော့မယ်နော်"

စိုစိုက ဘာမှမပြောဘဲ ငြိမ်သက်နေပြီးမှ သူ့ရှေ့က ထွက်လာခဲ့ပါသည်။ အချစ်တဲ့။ သူ့နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ကောင်မလေးတွေ ကြားထဲမှာမှ ဘာဖြစ်လို့ စိုစို့ကိုမှ ရွေးချစ်ရ တာလဲ။





ဦးထနောင်းဟာ ရွှန်းကို ရဖို့အတွက် သူ့ညီနှင့် စိုစို့ကို နီးကပ်သွားအောင် လုပ်တယ်ဆိုတဲ့ ထင်မြင်ချက်ကကော စိုစိုတို့ရဲ့ တစ်ဖက်သတ် စွဲချက်ပဲလား။

စိုစိုသည် အချစ်ဝတ္ထုရေး စာရေးဆရာရဲ့ပါးစပ်က ထုတ်ဟာဝန်ခံလာတဲ့ စကားတစ်ခွန်းအတွက် မျက်စိမှိတ်ပြီးတော့ မယုံရဲသေးပါချေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ရွှန်းကလည်း ပြီးခဲ့တဲ့ကိစ္စအတွက် ဘာမှအုံးမစား တော့ဘဲ အေးဆေးအထာခင်းလိုက်သောအခါ weather က အရင်လိုပဲ ပြန်ကောင်းသွားတော့သည်။

ထင် ဆေးရုံတက်နေသည့် ရက်ပိုင်းတွေမှာ မကြာ မကြာ ကြည့်တတ်၊ သတင်းမေးတတ်သော ရွှန်းနှင့် စိုစိုကို ထမင်းဖိတ်ကျွေးပါရစေဟု အတင်းကာရော ပြောနေတာကြောင့် အားနာတာနှင့်ပဲ ရွှန်းနှင့် စိုစိုဟာ လက်ခံလိုက်ရတော့သည်။

ထမင်းဖိတ်ကျွေးပြီး စကားစမြည် ပြောဆိုတာ ကြောင့် ရင်းနှီးမှုကတော့ ပိုမိုရရှိလာပါသည်။ ရွှန်းကတော့





အချစ်ကို လုံးဝကျောခိုင်းထားခဲ့ပြီ ဆိုတာကို တရားဝင်ကြေညာ ခဲ့သူပီပီ နေတတ်တယ်ပဲ ပြောရမလား၊ ဦးထနောင်းနှင့် ရယ်ရယ် မောမောပင် စကားတွေ ပြောနေကြသေးသည်။ စကားအနည်း ဆုံးကတော့ စိုစိုနှင့် ထင်ထင်ပဲ ဖြစ်ပါသည်။

"စိုစိုတို့ ဆိုင်ကိစ္စကော အဆင်ပြေရဲ့လားဟင်"

"အင်း ... ပြေပါတယ်"

စိုစိုက အလိုက်ထိုက် ပြောနေတာဖြစ်သောကြောင့် သူ စိတ်ကသိကအောက် ဖြစ်တယ်ဆိုတာ စိုစို သဘောပေါက်ရ ပါသည်။ စိုစိုတို့ စားပြီးသောက်ပြီး ပြန်ခါနီးမှာတော့ ထင်သည် စိုစို့ကို ခပ်တိုးတိုးလေးသံဖြင့် ...

"စိုစို ကိုယ်တို့တွေ အရင်လို ပြန်ခင်လို့ ရတယ်မှလား ဟင်"

အဲဒီမေးခွန်းကြောင့် စိုစိုသည် သူ့ကို ဖျတ်ခနဲတစ် ချက် လှမ်းကြည့်လိုက်ကာ အပြုံးစွက်နေသော မျက်နှာပေးဖြင့် ...

"ထင်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် အဲဒီလို ပြောပြီးနောက်မှာတော့ သူ့ရှေ့က ထွက်လာကာ အိမ်ပြန်လာခဲ့တော့သည်။ အိမ်သို့ပြန်ရောက်လျှင်တော့ ရွှန်းက ပြောင်စပ်စပ် မျက်နှာပေးဖြင့် စိုစို့ကို နောက်လေသည်။

"ဘယ်လိုလဲ ဒေါ်စို၊ အချစ်ကို ခံစားသိနေပြီလား"

"အာ ... ရွှန်းကလည်း ဘာတွေပြောနေမှန်းလဲ မသိဘူး"

"စိုစို ... ကျုပ်ကတော့ ညည်းနဲ့ ရနောင်းထင်ကို သဘောတူတယ်၊ အဲဒီကောင်လေးက တည်တည်ကြည်ကြည်နဲ့ ထက်လည်း ထက်မြက်တယ်၊ ကတိုးမောင်နဲ့တော့ ကွာပါ့၊ အဲ ... နေဦး၊ ကတိုးမောင် ဆိုလို့ အဲဒီကောင်သတင်း အခုတလော ပျောက်နေပါလား"

"မသိပါဘူး၊ သူ့ကောင်မလေးတွေနဲ့ တိုင်ပတ်နေလို့ ဖြစ်မှာပေါ့"

ကတိုးမောင်ဟာ စိုစို့အတွက်တော့ အချစ်ဦးပဲဖြစ်သည်။ သူ့အတွက် စိုစိုဟာ အချစ်တွေ မပေးနိုင်တော့သည့်နောက်ပိုင်းမှာ ယောကျ်ားတွေကို သူ့နည်းတူ စိတ်နာပြီး အပတ်





အသက် ကင်းခဲ့ပေမယ့် ထင့်တစ်ယောက်ကိုတော့ စိုစို ဘာကြောင့်ဆက်ယှက်မိတာလဲ။ နောက်တစ်ကြိမ် ထပ်ချစ်ပြီး ထပ်မခံစားချင်ပါ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ရနောင်းထင်သည် မနက်မိုးလင်း အိပ်ရာကနိုးကတည်းက စိုစို့ကို သတိရနေမိတာဖြစ်သည်။ ဒီနေ့ဆို စိုစိုတို့ရဲ့ အင်္ကျီ brand ဈေးကွက်ကို စ,ဖြန့်တာ တစ်ပတ်ရှိသွားပြီဖြစ်သည်။

အခြေအနေက မဆိုးဘူး၊ ကောင်းတယ်လို့ပဲ ပြောရမည်။ ကြော်ငြာအားကောင်းကောင်းဖြင့် ဈေးကွက်မှာ ကြော်ငြာပြီးမှ ဖြန့်ချိတာ ဖြစ်တာကြောင့် ရောင်းအားကောင်းကာ လူစိတ်ဝင်စားခြင်းလည်း အထူးခံရပါသည်။

ဒီနေ့တော့ သူက စိုစို ရှိနေတဲ့ ဆိုင်ခန်းဆီကို သွားမလား စဉ်းစားထားသည်။ မဂ္ဂဇင်းတိုက်တစ်ခုမှာ သူ့စာမူတစ်ခု သွားပေးပြီးတာနှင့် စိုစို့ဆီဝင်ဖို့ အတွေးနှင့်အတူ ရေမိုးချိုးပြင်ဆင်လိုက်ပါသည်။





celebrity တစ်ယောက် ဖြစ်ပေမယ့် သူက မင်းသားတို့၊ အဆိုတော်တို့ မဟုတ်သည့်အတွက် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး သွားချင်တာ သွားလို့ရသည်။ အပြင်သွားရင်းနှင့် သူ့ကိုသိကြတဲ့ ပရိသတ်အချို့ကတော့ စကားလာပြောတာတို့ အော်တိုထိုးခိုင်းတာတို့ ဘာတို့ ရှိပါသည်။

ဒါကြောင့် အပြင်တွေ ဘာတွေ သွားမယ်ဆိုရင်တော့ သူဟာ အိမ်မှာနေတာထက်ပို၍ ရုပ်ဖွင့်တတ်ပါသည်။ အခု ချစ်တဲ့သူဆီ သွားမှာဆိုတော့ နည်းနည်းရှိုင်းမှုပါ။

ထင်သည် ကြည့်ပြာရောင် အကွက်စိပ် ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ကာ ဂျင်းအနက်ဖြင့် ဝတ်ဆင်ကာ Polo (Black) ရေမွှေးကို ဆွတ်ဖျန်းလိုက်သည်။ ဆံပင်တွေကို စိတ်ရှည်လက်ရှည် ဂျယ်လ်ဖြင့် ပုံသွင်းပြီး နောက်မှာတော့ police မျက်မှန်ကို ကောက်တပ်လိုက်ကာ အပြင်ထွက်လာခဲ့တော့သည်။

ပထမဆုံး မဂ္ဂဇင်းတိုက်သို့သွားကာ စာမူပေး စကားလေးဘာလေးပြောပြီး နောက်မှာတော့ သူဟာ မြို့ထဲကဆိုင်ကို သွားလိုက်တော့သည်။ သူရောက်သွားသောအခါတွင်တော့ စိုစိုက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထိုင်ပြောနေပါသည်။ မိုးစွေကတော့ မရှိဘူး ထင်သည်။ သူ့ကို မြင်သောအခါမှာ စိုစိုက လက်ဟန်ခြေဟန်ဖြင့် ထိုင်ပါဆိုပြီး လှမ်းပြသည်။

အင်း ... စိုစို တစ်ယောက် ဘာတွေများ အလုပ်တွေ ရှုပ်နေပါလိမ့်။

"ဒီမှာ ကတိုးမောင်၊ နင့်ကို ငါ အပြတ်ပြောလိုက်မယ်၊ နင် ငါ့ဆီ နောက် ဘယ်တော့မှ မဆက်သွယ်ပါနဲ့၊ အဲဒီ အလုပ်မဖြစ်တဲ့ စကားတွေနဲ့ ငါ့ကို လာမနှောင့်ယှက်ပါနဲ့၊ ဒါပဲ"

ဟင် ... စိုစို့ဆီကို လာတဲ့ဖုန်းက သူမရဲ့ရည်းစား ဟောင်းဆီကကိုး။ စိုစိုဟာ ကတိုးမောင် အပေါ် လုံးဝပြတ်ခဲ့ပြီဆိုတာ သိရ၍ သူ စိတ်ချမ်းသာရပါသည်။ သူကလည်း အဲဒီလိုမျိုးပဲ ဖြစ်ပါသည်။ စန္ဒီ့ကို အခုဆို မေ့နေတာ တော်တော့်ကို ကြာခဲ့ပြီဖြစ်သည်။ အချစ်ဟောင်းဆိုတာ သူနှင့် စိုစို့အတွက် မလိုအပ်တော့ဘဲ အပိုပစ္စည်းတွေ ဖြစ်နေပါသည်။

"ဆောရီး ထင်၊ တို့ ဖုန်းပြောနေလို့၊ ဘာကိစ္စရှိလို့လဲဟင်"





အလုပ်သစ်မှာ စိတ်သစ် လူသစ်ဖြင့် တက်ကြွနေပါသော စိုစိုဟာ သူ့ရှေ့ခုံမှာ ဝင်ထိုင်ကာ သူ့ကို မေးဆတ်မေးလေသည်။ ဒီရက်တွေမှာ အရင်ကထက်ပို၍ လှလာတယ်ဆိုတာ သူ သတိထားမိပါသည်။ အင်း ... ဒါကလည်း fashion ဆိုင်ကြီးတစ်ခုလုံးရဲ့ အုပ်ချုပ်သူ ဖြစ်နေတယ်ဆိုတော့ ပိုပြင်တဲ့သဘောနေမှာပါ။

"အင်း ... ကိစ္စရှိတယ်တော့ မဟုတ်ပါဘူး စိုစို၊ ဒီလိုပဲ လမ်းကြုံလို့ ဝင်လာတဲ့ သဘောပါ။ ကိုယ့်ကို အချိန်ပေးနိုင်ရဲ့လားဟင်၊ ကိုယ် ကြို appointment မယူမိတာ ဆောရီးနော်"

"ထင်ကတော့ ရောက်ပြီ၊ ကျွန်မတို့ဆိုင်ရဲ့ မော်လ်ဒယ် နိုဝင်ကျော်စာရေးဆရာကြီးက ခုလို လာတွေ့တယ်ဆိုတာ ကိုက ကျွန်မတို့က ဂုဏ်ယူရမှာပါ၊ ကဲ ... ပြော၊ ဘာစားမလဲ၊ လှမ်းမှာလိုက်မယ်လေ ...

မိုးစွေကတော့ သူ့ဒီဇိုင်းတွေအတွက် ပိတ်စတွေ ကုန်သည်ဆီ သွားယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... စိုစိုဟာ သူ့အပေါ် အရင်တုန်းကလို မဟုတ် သေးပေမယ့် တအားကြီးတော့ အခါးတွေ မကျေးတော့တာကိုက မျှော်လင့်ချက် ဖြစ်ပါသည်။ အချစ်တစ်ခုကို ပြန်လည်တုံ့ပြန်လာမည့်နေ့ကို သူဟာ သေလုအောင် တမ်းတနေရသူ ဖြစ်ပါသည်။

ထင်သည် သူတို့ရဲ့စကားဝိုင်းလေး ပြန်လည်အသက်ဝင်လာဖို့အတွက် ကော်ဖီလောက်တော့ သောက်ဖြစ်ပါသည်။

"ခုနက စိုစိုနဲ့ ဖုန်းပြောနေတာ ကတိုးမောင်လားဟင်၊ ကိုယ် နားစွန်နားဖျား ကြားမိလို့ပါ"

"အင်း ... ဟုတ်တယ်။ အလကားပါ၊ သူက အချစ်ကို အင်ထုပြီး အလိမ်ဇယား ခင်းချင်နေတာ၊ အဲဒါကြောင့်မို့ အပြတ်ပြောလွှတ်လိုက်တာလေ၊ ကြားလိုက်တယ်လား"

ထင်သည် ခေါင်းတစ်ချက် အသာဆတ်ပြလိုက်တော့သည်။ အချစ်ကို မင်းက စိတ်ပျက်သွားတာလား။ ဒါမှမဟုတ် စိတ်နာသွားတာလား။ အချစ်ဟာ ကတိုးမောင်ကြောင့် ပျက်စီးသွားတယ်ဆိုရင် ကိုယ် မင်းနာကျင်မှုတွေကို ကုစားပေးပါရစေ။





"ဩော် ... ဒါနဲ့ တစ်နေ့ကတောင် ရှင့်ရဲ့ old flame လေး မမိုးစန္ဒီ ကျွန်မတို့ဆိုင်ကို လာအားပေးသွားသေးတယ်"

ကော်ဖီသောက်နေရင်း ကြားလိုက်ရတဲ့ စကားမို့ သီးမတတ်တောင် ဖြစ်သွားရတော့သည်။ စန္ဒီ ... စန္ဒီ့ကို စိုစိုက ဘယ်လိုက ဘယ်လို သိတာလဲ။ သူ တစ်ခါမှ ဒီအကြောင်း စိုစို့ကို မပြောပြခဲ့ဖူးပါဘူး။ ထင်သည် ဘာကိုဆိုတာကို သေသေချာချာတော့ နားမလည်သေးပါ။

"စန္ဒီနဲ့ စိုစို ဘယ်လိုသိတာလဲဟင်"

"ဘာလဲ ... မသိစေချင်တာကို သိသွားလို့ မေးတာလား"

အဲဒါဟာ သူ့ကို အပြောတူး၍ မေးတယ်ဆိုတာ သိတာကြောင့် သူဟာ စိုစို့ အထင်မလွဲအောင် အလျင်အမြန်ပင် ဖြေရှင်းချက် ထုတ်ရပါသည်။

"အာ ... မဟုတ်ရပါဘူး စိုစိုရယ်၊ ကိုယ်က ဒီလိုပဲ မေးကြည့်တဲ့ သဘောပါ"

"စန္ဒီက တကယ်တော့ သနားစရာပါ၊ ရှင့်ကို အားမနာတမ်း ဝေဖန်ရမယ်ဆို အဲဒီတုန်းက ရှင် ပျော့ညံ့ခဲ့လို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် ... ကိုယ့်ရည်းစား တခြားယောကျ်ားလက်ထဲ ပါတော့မယ့်အဖြစ်ကို ဒီတိုင်း သွေးအေးအေးနဲ့ လက်ပိုက်ကြည့်နေတယ်"

စိုစိုဟာ သူ့ကို ပျော့ညံ့တဲ့ယောကျ်ားဆိုပြီး တစ်ဖက်သတ် ထင်သွားတာဟာ ဘယ်သူ့ကြောင့် ဖြစ်နိုင်မလဲ။ ထင်သည် တစ်စုံတစ်ယောက်ရဲ့မျက်နှာကို မြင်ယောင်ကာ မျက်နှာချင်းဆိုင်ရှင်းဖို့ တွေးလိုက်သည်။ စိုစို့ကို သူ ဘာကိစ္စ ချွန်တွန်းသွားလုပ်ရတာလဲ။

တကယ်ဆို သူကပဲ ပျော့ညံ့ခဲ့တာလား။ မိုးစန္ဒီကပဲ ရက်စက်ခဲ့တာလား။

"စိုစို ကြားတဲ့သတင်းတွေ လုံးဝလွဲနေတာပါ၊ တကယ်တော့ အဖြစ်အပျက်မှန်က အဲဒီလို မဟုတ်ပါဘူး။ ဒါကို ကာယကံရှင်ဖြစ်တဲ့ မိုးစန္ဒီ သိပါတယ်"

"ထားလိုက်ပါ၊ အဲဒါက ကျွန်မနဲ့ မဆိုင်ပါဘူး"

စန္ဒီ ဘာတွေ သွားကျပ်လိုက်လို့ စိုစိုဟာ သူ့ကို ဘယ်လိုတွေ အထင်သေးသွားပြီလဲ။





"စိုစို့ကို ကိုယ် အထင်လွဲ မခံနိုင်ဘူး၊ တကယ့်အဖြစ်မှန်ကို ကိုယ် ပြောပြပါရစေ"

"နေပါစေ ထင်။ ပြောပြဖို့ မလိုပါဘူး၊ ပြီးတော့ ကျွန်မ ဘာမှမအထင်မလွဲပါဘူး"

"ကိုယ်ကတော့ စိုစို့ကို အထင်မလွဲစေချင်ဘူး၊ အဲဒါ ဘာလို့ဆိုတာ စို သိပါတယ် ...

ကိုယ် သွားတော့မယ်နော်"

သူက စိုစိုရဲ့မျက်ဝန်းတွေကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ကာ ထထွက်လာခဲ့တော့သည်။ မင်း ဘယ်တော့မှ ကိုယ့်ကို အထင်မလွဲစေရပါဘူး စိုစိုရယ်။

ထင်သည် ဝေဖြိုးကို ကားပေါ်ရောက်တာနှင့် လှမ်းဖုန်းဆက်လိုက်တော့သည်။ သိတဲ့အတိုင်း ဖုန်းက လိုင်းတွေကျပ်နေတာကြောင့် တော်တော်နှင့် ခေါ်လို့ကိုမရပေ။ ထင်သည် မရမချင်း ထိုင်ခေါ်ပါမှ ဝင်သွားတော့သည်။

"အေး ... ထင်၊ သူငယ်ချင်း ပြော"

"အေး ... ဝေဖြိုး၊ မင်း အခု ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာလေ၊ ဘာဖြစ်လို့လဲ"

"အဲဒါဆို ငါ မင်းအိမ် လာခဲ့မယ် ဟော့ကောင်၊ ဘယ်မှ မသွားနဲ့နော်၊ စောင့်နေ"

"အိုခေ ... အိုခေ"

ထင်သည် ဝေဖြိုးကို confirm လှမ်းလုပ်ပြီးတာနှင့် ဝေဖြိုးရဲ့အိမ်ကို တန်းသွားလိုက်သည်။ ဝေဖြိုးကတစ်ဆင့် စန္ဒီ့ဖုန်းနံပါတ် ရလိုရငြားပေါ့။ သူဟာ ဓာတ်လမ်းကပြီးသွားပြီဖြစ်တာကြောင့် စန္ဒီနှင့် ပတ်သက်တာ အားလုံးကို ဖျောက်ဖျက်ခဲ့ပြီး သွားပြီဖြစ်သည်။

ဝေဖြိုးအိမ် ရောက်သောအခါ သူ့ကို စိုစိုက စန္ဒီနှင့် ပတ်သက်ပြီး အထင်လွဲသွားပြီ ဆိုတာကို ပြောပြဖြစ်သည်။ အချစ်ကိစ္စနှင့် ပတ်သက်လာလျှင် ဝေဖြိုးက အရမ်းအားကိုးရသူ ဖြစ်ပါသည်။

"ငါ မပြောဘူးလား၊ စန္ဒီက ဒီလို ဈေစိတ်ရှိပါတယ်လို့၊ မင်း အဲဒါ ဘယ်လိုလုပ်မလဲ။ မိုးစန္ဒီ တော်တော်မလွယ်တဲ့





မိန်းမပဲ၊ မင်းကောင်မလေးကို ဘာတွေသွားချွန်လဲ မသိဘူး၊ အဲဒီတော့ မင်း ဘယ်လိုလုပ်ချင်လဲ"

ထင်သည် စိတ်ညစ်ညူးစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်ပြီး ဆံပင်တွေထဲသို့ လက်ထိုးသွင်းကာ ငိုင်နေရင်းဖြင့် တွေးနေမိသည်။

"ငါ စန္ဒီ့ကို တွေ့ပြီးပြောလိုက်ရင် ကောင်းမယ်ထင်တယ်"

"အဲဒါတော့ မဆိုးဘူးကွ၊ ဒီလိုလုပ် မင်းတစ်ယောက်တည်းတော့ မသွားနဲ့၊ ငါပါလိုက်ခဲ့မယ်"

"အိုခေ ... အဲဒါ ကောင်းတယ်"

ထင်သည် ဝေဖြိုးဆီက ဖုန်းနံပါတ်တောင်းကာ လှမ်း ဆက်လိုက်လျှင်တော့ စန္ဒီ့ရဲ့အသံချိုချိုကို ကြားရလေသည်။ ကြည့်ရတာ သူမလည်း သူ ဖုန်းဆက်မယ်ဆိုတာ သိနေတယ် ထင်ပါသည်။

"ဟယ်လို ... ထင်၊ ဘာလဲ အရေးကြီးကိစ္စရှိလို့လား"

"ရှိတယ် မိုးစန္ဒီ၊ မင်းနဲ့ကိုယ် တွေ့မှဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ စန္ဒီတို့ ဟိုတုန်းက ဆုံနေကြဆိုင်လေးမှာ ဆုံတာပေါ့။ အမှတ်တရလေးတွေ ပြန်သတိရအောင်လေ"

ထင်သည် အချိုးတွေပြလာသော မိုးစန္ဒီကို တောက်တစ်ချက်ခေါက်လိုက်ပြီးမှ ...

"မနက်ဖြန် ဆယ်နာရီ မင်းလာခဲ့ပါ၊ ဒါပဲ"

ထင်သည် ဒေါသတကြီးပြောကာ ဖုန်းချလိုက်တော့သည်။ စိုစိုနှင့် သူ့ကြားမှာ ဘာလို့များ ဒီလောက် အနှောင့်တွေ ဝင်နေရတာလဲ။ ဝေဖြိုးကတော့ သူ့ရဲ့ဖြစ်ပျက်နေတဲ့ ပုံစံကိုကြည့်ကာ အဲသာပြုံးရင်း ...

"မင်း အဲဒီလောက် ဖြစ်ပြမနေနဲ့ ထင်၊ ဒီလောက် မင်းတို့ကြားမှာ ရှော့ခ်တွေ ရှင်းနေရတယ် ဆိုကတည်းက မင်းနဲ့ စိုစိုဟာ ဖူးစာပါလို့၊ မင်း ဟိုစကား မကြားဖူးဘူးလား ...

True love never runs smooth တဲ့၊ အချစ်စစ်တော့ နည်းနည်းအကွေ့အကောက်လေးတွေ များနေတာပါကွ၊ စိတ်မညစ်စမ်းပါနဲ့ စာရေးဆရာရယ်"





ဟုတ်လား။ သူ့ဘက်ကတော့ စိုစိုအတွက် ပေးထားတာဟာ အချစ်စစ်ပဲ ဖြစ်ပါသည်။ စိုစိုကတော့ သူ့ကို ချစ်နိုင်ရဲ့လား။ ချစ်သူရဲ့ခေါင်းညိတ်မှုကို မရရှိသေးခင်မှာ သူဟာ နောက်ဆက်တွဲ ပြဿနာတွေအတွက် တော်တော့်ကို ခေါင်းကျိန်းနေရတာ ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



၁၅

"ဟယ် ... အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ စိုစို"

စိုစိုသည် ရွှန်းရဲ့အမေးကို ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ ဟိုတစ်နေ့ကတည်းက အဲဒီကိစ္စကို ပြောမယ် ပြောမယ်နှင့် အခုမှပြောဖြစ်တာဖြစ်သည်။ အဲဒီနေ့ကကိစ္စကို စိုစိုဟာ အခုထိ အခဲကြေနိုင်သေးသည် မဟုတ်ပါ။

မိုးစန္ဒီဆိုသော မိန်းမရဲ့ ရိုသလို ထေ့သလို အပြောတွေကို ဘလိုင်းကြီး အဖွဲ့ခံလိုက်ရတာကြောင့် စိုစိုဟာ တော်တော်ကို တင်းနေတာဖြစ်သည်။ အဲဒီလို တင်းနေချိန်မှာ ထင်က ဆိုင်ရောက်လာ၍ ဘုတောလွှတ်လိုက်မိသည်။ ပြောရရင်တော့ ထင့်ကိုလည်း အစာကသိပ်ကျေတာမဟုတ်ပါ။

"ဟဲ့ ... မေးတာ ဖြေဦးလေ"





"ခြော် ... ဆောရီး ရွှန်းရယ်၊ အတွေးလွန်သွားလို့၊ ဟဲ ... ဟဲ ... ပြောလိုက်တာပေါ့ စိုစိုပဲဟာ၊ ဘယ်ငြိမ်ခံပါ့လဲ။ ရှင့်ချစ်သူသာ ဟုတ်ရိုးမှန်ရင် ဟိုတစ်ခါ ဆိုင်မှာတွေ့ကတည်းက ကျွန်မကို မိတ်ဆက်ပေးရမှာပေါ့လို့၊ ဘာပဲဖြစ်ဖြစ် ကိုယ့်လူ ကိုယ်နိုင်အောင် ထိန်းလိုက်ပါဦးလို့ပဲ ပြောလိုက်တာပေါ့"

ရွှန်းသည် အင်မတန်မှ မာန်တွေထန်လာကာ နှလုံးသားကို ပြန်အရွဲ့တိုက်တတ်နေပြီဖြစ်သော စိုစို့ကိုကြည့်ကာ သနားလာမိပါသည်။ စိုစိုဟာ ရနောင်းထင်ကို တွယ်ငြိနေတယ်ဆိုတာ အသေါဖြစ်တဲ့ သူမ ကောင်းကောင်းရိပ်မိပါသည်။

ဒါပေမဲ့ စိုစိုဟာ တစ်ကြိမ်တစ်ခါ ခံစားခဲ့ရဖူးသော ဒဏ်ရာ ရှိနေသူမို့ အင်မတန်မှ အချစ်ကိုလန့်နေကာ မျက်စိစုံမှိတ်ကာ အကြောက်အကန် ငြင်းနေတာ ဖြစ်ပါသည်။

ရနောင်းထင်ဟာလည်း စိုစို့ကို တကယ်ချစ်နေတယ်ဆိုတာ သိနေ၍ ရွှန်းဟာ သွင်နှင့်ညိုကာ ပြီးခဲ့တဲ့ကိစ္စတွေကို လျှော့ပစ်ပေးကာ သူတို့တွေကို နီးစပ်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်ဖို့ သဘောတူပါပြီ ဆိုကာမှ ရနောင်းထင်ရဲ့ ရည်းစားဟောင်းဆိုသူက "ထင်ဟာ အခုချိန်ထိ သူမကို မမေ့နိုင်သေးပါဘူး၊ သူမဘက်က ခေါင်းညိတ်တာနဲ့ အရင်လို အခြေအနေ ပြန်ဖြစ်သွားမှာ၊ အဲဒီအတွက် မင်းကကော ဘယ်လိုပတ်သက်လဲ၊ ဘာလဲ"ဆိုပြီး လာဖောက်သွားတာကြောင့် စိုစိုဟာ ရနောင်းထင်ကို မကျေမချမ်းတွေဖြစ်ကာ ဒေါသတွေ ထွက်နေတာဖြစ်သည်။

မိုးစန္ဒီနဲ့ ထင်ဟာ မပတ်သက်တာ ကြာပြီဆိုတာ သွင့်ဆီကတစ်ဆင့် ပြန်ကြားထားရပါသည်။ ဒါပေမဲ့ အဲဒီကိစ္စအတွက် ရွှန်းဟာ စိုစို့ကို ဘယ်လိုနားလည်အောင် ဖြေရှင်းပေးနိုင်ပါ့မလဲ။

စိုစို့ကို ရနောင်းထင်နှင့် ပေါင်းဆုံစေချင်ပါသည်။ သူမနှင့် သွင်ကတော့ နားလည်မှုယူထားပြီးသား ဖြစ်သောကြောင့် မိတ်ဆွေအဆင့်ထက် ပိုစရာမရှိတော့ပါ။

"ရနောင်းထင်ကကော အဲဒီအတွက် ဘာဖြေရှင်းသလဲ စိုစို"





"အင်း ... စိုက အရှင်းမခံပါဘူး၊ သူ ရှင်းရအောင်လည်း ကိုယ်နဲ့သူက ဘာမှမှ မဆိုင်တာ၊ သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ် စိုကတော့ နားမထောင်ပါဘူး"

"သူက နင့်ကို ချစ်တယ်ဆိုတော့ စိုစို့အထင်လွဲရင် ရှင်းပြမှာပေါ့"

ရွှန်းရဲ့စကားကြောင့် စိုစိုဟာ ရွှန်းကို မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ....

"ရွှန်းနော် ... စို့ကို ဘာကိစ္စ သူကချစ်ရမှာလဲ၊ ယောကျ်ားတွေရဲ့အချစ်က ယုံစရာမရှိပါဘူး။ စိုလည်း ရွှန်းလိုပဲ အပျိုကြီးလုပ်တော့မယ်"

"အမယ်လေး ... မလုပ်ပါနဲ့ စိုစိုရယ်။ နင်ကတော့ ယူကိုယူလိုက်ပါ ... ဟဲ ဟဲ"

စိုစိုသည် ယူကိုယူလိုက်ပါဆိုတဲ့ ရွှန်းရဲ့စကားသံကြောင့် မချိပြုံးသာ ပြုံးပြနိုင်ခဲ့ပါသည်။ စို ... ဘယ်သူ့ကိုမှ မချစ်ချင်တော့ပါဘူး ရွှန်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



စိစိသည် ဘာကိုဝမ်းနည်းလို့ ဝမ်းနည်းနေမှန်းလဲ မသိတော့ပါ။

ပြောရရင်တော့ မိုးစန္ဒီ ပြောနေတာတွေကို စိစိဟာ ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေရတာဖြစ်သည်။ သူ့မှာ ချစ်သူရှိတယ်ဆိုလည်း စိနဲ့ဘာဆိုင်လို့လဲ။

သူက ချစ်တယ်ဆိုပေမယ့်လည်း အဲဒီစကားကို ဘယ်လိုယုံသင့်မလဲ။ စိစိဟာ အချစ်နဲ့ပတ်သက်လာရင် သိပ်တော့ အယုံအကြည်ရှိတော့တာ မဟုတ်ပါ။ ကတိုးမောင်လို သာမန် ယောကျ်ားတစ်ယောက်ကတောင် အချစ်ကို ပါးစပ်ဖျားလေးမှာပဲ တန်ဖိုးထားကာ လိုသလို အသုံးချတတ်သူဖြစ်သည်။

ရနောင်းထင်လို ရုပ်ချောချော ထက်ထက်မြက်မြက် နှင့် best seller စာရေးဆရာတစ်ယောက်ရဲ့အချစ်ကို ပိုလို့တောင် မယုံသင့်ပါပေ။ အချစ်ကို စကားလုံးတွေနှင့် မျိုးစုံပုံဖော်နေတဲ့ သူ့လို နာမည်ကြီးတစ်ယောက်က အချစ်စစ်ဆိုတာကို တန်ဖိုးထား တတ်မှာမို့လား။





သူ စိစိ့ကို ချစ်တယ် ဆိုတာဟာလည်း စကားလုံး ပဲ ဖြစ်ပါလိမ့်မည်။

အဲဒီအတွက် ခံစားပေးနေရင် ကိုယ်ပဲ နာကျင်ရမှာ မို့ သူ့ကို ဥပေက္ခာပြုထားဖို့ပဲ ဆုံးဖြတ်ထားပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည် မျက်မှောင်ကြုတ်ကာ ဒေါသတကြီး ပြောပစ်လိုက်ချင်တဲ့စိတ်ကို အထူးပင် ထိန်းချုပ်ထားရပေသည်။ အခုချိန်မှာ သူ့အတွက် စိုစိုကသာ အရေးကြီးဆုံးပဲ ဖြစ်ပါသည်။ စိုစို့ကို သူ အထင်လွဲမခံနိုင်တော့ပါ။ အဲဒါကြောင့် စိုစိုနားလည်အောင် ရှင်းပြဖို့ လိုအပ်ပါလိမ့်မည်။

"မင်း သစ်ရွက်စိုစိုကို ဘာတွေပြောခဲ့လဲ စန္ဒီ"

သူ့ရဲ့ခပ်ပြတ်ပြတ်အမေးကို စန္ဒီက မထီမရီ အပြုံးတစ်ခုဖြင့် မေးပြန်ဆတ်ပြကာ ...

"သူ့ကို မေးကြည့်လိုက်ပေါ့၊ တို့နဲ့တွေ့တယ်ဆိုတာတောင် သူ ပြောသေးတာပဲ"





နိုင်ငံခြားမှာ အနေကြာကာ ပိုနုပိုချောလာသလို ပိုပြီးသွက်လက်ကာ ပွင့်လင်းလာတဲ့ စန္ဒီရဲ့ပြောပုံဆိုပုံတွေကို သူ နည်းနည်းလေးမှ သဘောမကျနိုင်တော့ပေ။

တစ်နေ့နေ့မှာ စန္ဒီဟာ သူ့အချစ်ကို ဖျက်ဆီးလာနိုင်တယ်ဆိုတာ သူ လုံးဝမသိခဲ့၊ မရိပ်မိခဲ့တာ မှားသွားပေပြီ။ သူ့ရဲ့အချစ်ကို ဘာအရိပ်မှ အလွမ်းမခံရဖို့အတွက် သူ အပြတ်ရှင်းရပါလိမ့်မည်။

"နင် ဘာတွေပြောခဲ့တယ်ဆိုတာ မသိပေမယ့် ငါကတော့ နင်သိအောင် တစ်ခုတော့ ပြောပြရမှာပဲ စန္ဒီ၊ စိုစို့ကို ငါ သိပ်ချစ်တယ်၊ ဘဝတစ်ခုလုံးစာအတွက် ထာဝရမရှိမဖြစ် လိုအပ်တဲ့ လက်တွဲဖော်လို့လည်း ငါ ယုံကြည်ထားတယ်၊ နင်က ငါ့အတွက် သူငယ်ချင်းကောင်း ဖြစ်ဖို့ပဲ လိုအပ်ပါတယ် စန္ဒီ"

သူတို့နှစ်ယောက်ကြားမှာ ရုတ်တရက်တော့ စကားသံတွေ ဆိတ်သုဉ်းသွားပါသည်။ သူကတော့ ပြောစရာရှိတာကို အပြတ်ပြောပြီးသွားတာမို့ နှုတ်ဆိတ်သွားတာ ဖြစ်ပေမယ့် စန္ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပြောစရာစကားလုံး ရှာဖွေနေလို့ နှုတ်ဆိတ်နေတာဖြစ်ပါသည်။

"ထင် တကယ်ကို ပြောင်းလဲသွားခဲ့ပြီပဲ၊ တို့ တွေ့ခဲ့ဖူးတဲ့ယောကျ်ားတွေထဲမှာ ထင်ဟာ အပြတ်သားဆုံး သူတစ်ယောက်ပါ၊ အဲဒီအချိန်တုန်းက စန္ဒီ့ဘက်က တမင်ရန်ရှာပြီး ဖြတ်ခဲ့တာကိုလည်း လမ်းမခွဲချင်ပေမယ့် မာနကို ထိခိုက်စေလို့ ရင်ကွဲခံပြီး ဖြတ်ပေးခဲ့တယ် ...

အခု စန္ဒီ ပြန်ရောက်လာတော့လည်း ထင်က အေးဆေးပဲနော်၊ ဘာမှ မတုန်လှုပ်ဘူး။ စန္ဒီ မျှော်လင့်ထားတာက သိပ်ချစ်တတ်တဲ့ ထင်ဟာ စန္ဒီ့ကိုမြင်ရင် အရင်က ပုံရိပ်တွေကို မြင်လာလိမ့်မယ်လို့ ထင်ခဲ့တာ။ အခုတော့လည်း စန္ဒီ မျှော်လင့်ထားတာတွေနဲ့ တခြားစီပါလား"

"ဖြစ်တတ်ပါတယ် စန္ဒီ၊ ငါ့ဘဝမှာ မင်းနဲ့ ပြီးသွားကတည်းက အချစ်ဆိုတာကို စိတ်ကုန်သွားလို့ လုံးဝမရှာဖွေတော့ဘူး။ ဒါပေမဲ့ စိုစိုက ငါ တကူးတက ရှာခဲ့တာ မဟုတ်ဘူး၊ သူ့အလိုလိုကို တွေ့ရှိခဲ့တဲ့ အချစ်ပဲ ...





သူ့ကို ဘာအကြောင်းကြောင့်မှ အထင်လွဲမသွားစေချင်ဘူး။ ပြီးတော့ သူ့ကိုချစ်တဲ့ အချစ်ဟာ ဘယ်သူနဲ့မှလဲ မသက်ဆိုင်ဘူး၊ အစားထိုးထားတာလည်း မဟုတ်ဘူး ...

အဲဒီတော့ ငါ့ကို ကူညီပါ စန္ဒီ၊ ငါ စိုစိုနဲ့ မလွဲချင်ဘူး၊ ငါ့ဘဝအတွက် သူက နံပါတ်ဝမ်း ဖြစ်နေပြီ။ စိုစို့ကို အထင်မှားသွားအောင် နှင် မလုပ်ပါနဲ့၊ အဲဒါဟာ ငါ့ကို အကောင်းဆုံး ကူညီပေးခြင်းပါ"

သူ့ရဲ့စကားလုံးဟာ သိပ်ပြီးပြောင်မြောက်နေတယ်ဆိုတာကို စန္ဒီက ရိပ်မိစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ တစ်ချက်ပြုံးလျက် ဝေဖြိုးဘက်ကို မျက်နှာလှည့်၍ ...

"ဝေဖြိုး ... နှင့်သူငယ်ချင်းကြီးက အချစ်စစ်ကို တကယ်ရှာဖွေတွေ့ရှိသွားတယ်ဆိုတဲ့ သဘောလား၊ ဟုတ်လား"

"ဟုတ်တာပေါ့ဟာ၊ ဒီကောင်ကြီးရဲ့ အချစ်စစ်အတွက် ငါတို့က ဂုဏ်ယူနေတာဟ"

ဝေဖြိုးကလည်း နောက်သလို ပြောင်သလိုဖြင့် ဝင်ပြောလျှင် စန္ဒီသည် ဘာဆိုတာကို ကောင်းကောင်းသဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားသူလို အပြုံးမျိုး ပြုံးထားပေမယ့် သူမ မျက်ဝန်းတွေထဲမှာ လက်လွှတ်ဆုံးရှုံးခြင်းဆိုသော အဓိပ္ပာယ်တွေပါသည့် ဝမ်းနည်းမှုတွေကို သူ တွေ့နေရပါသည်။

ငါလည်း တစ်ချိန်တုန်းက အဲဒီလို မင်းနဲ့ပတ်သက်ပြီး ခံစားဖူးခဲ့ပါတယ် စန္ဒီရယ်။

အဲဒီတုန်းကလည်း ငါ မင်းလို ... ပြုံးနိုင်ခဲ့တာပါပဲ။

"အိုခေ ... တို့ ထင့်ကို ကူညီပေးနိုင်ပါတယ်။ မင်းချစ်တဲ့ သူကို တို့ ပြောခဲ့တာတွေအတွက် လိုက်ရှင်းပြဖို့ လိုအပ်သေးလား"

"ရပါတယ် စန္ဒီ ကျေးဇူးတင်ပါတယ်။ ကိုယ်ပဲ ရှင်းပြလိုက်ပါ့မယ်"

အဲဒီနောက်မှာတော့ စန္ဒီဟာ သူတို့ကို နှုတ်ဆက်ကာ ထပြန်သွားလေတော့သည်။ သူပြောလိုက်တဲ့ စကားလုံးတွေဟာ စန္ဒီ့ကို ထိခိုက်နစ်နာသွားစေတယ်ဆိုတာ သိပေမယ့်လည်း မပြောမဖြစ် အခြေအနေမို့ ပြောခဲ့ရတာ ဖြစ်ပါသည်။ သူ့စကားလုံးတွေ မရင့်သီးအောင်တော့ အထူးကြိုးစား ရွေးချယ်ပြောထားတာ ဖြစ်ပါသည်။





"မင်း ဘာမှ စိတ်ညစ်မနေနဲ့ ထင်၊ မင်းအချစ်ရေး ကံကောင်းလာမှာပါ"

ဝေဖြိုးက သူ့ပခုံးကိုဖက်ကာ နှစ်သိမ့်လျှင် သူက မပီဝိုးတဝါး အပြုံးတစ်ခုကိုသာ ပြုံးထား၍ ...

"အဲဒီလို ကံကောင်းပါစေလို့ပဲ ဆုတောင်းပါတယ်ကွာ"

"ကံဆိုတာ အလုပ်ပဲရှင့်၊ ရှင့်ဘက်က ဘာမှမလုပ်ဘဲနဲ့တော့ ကံကောင်းခြင်းက ရှင့်ဆီရောက်မလာနိုင်ဘူးနော်၊ ကျွန်မကတော့ ကူညီပေးဖို့ rady ပဲ"

အဲဒီအသံ့ကို သူက ကြားဖူးပါတယ်ဆိုပြီး အသံလာရာ နောက်ဘက်ကို သူကော ဝေဖြိုးကပါ လှည့်ကြည့်လျှင် အဖြူရောင်ဘလောက်(စ်)ဝတ်ဆင်ထားသော ဘောဘီဖေ့စ်မျက်နှာပိုင်ရှင် ပန်းမိုးခွေကို တွေ့ရပါသည်။

မိုးခွေသည် သူ့ရဲ့ တအံ့တသြ ဖြစ်သွားတဲ့ပုံစံကို ကြည့်ကာ ပြုံးပြရင်း သူတို့ဝိုင်းဆီသို့ ရွှေ့ထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ထိုင်နေတာ နာရီဝက်လောက် ရှိသွားပြီ၊ ရှင်တို့မလာခင်ကတည်းက ရောက်နေတာ ဆိုပါတော့"

ဒါဆို သူတို့ပြောနေတာတွေကို မိုးစွေက ကြားပါတယ်ဆိုတဲ့ သဘောပေါ့။ ထင်သည် ကိုယ့်ဘက်ပါနေသော ရာသီဥတုကို ရိပ်စားမိကာ ...

"ဒါဆို ကျွန်တော်တို့ ပြောနေတာတွေကို ကြားတယ်ပေါ့"

"ကြားတာပေါ့၊ အခုလို နားနဲ့ဆတ်ဆတ်ကြားရမှပဲ ရှင့်ကို ဒေါသဖြစ်တာတွေ လုံးဝမရှိတော့တာ။ အဲဒီနေ့ကဆို ဟိုမိန်းမက ဒီလေသံမျိုး မဟုတ်ဘူး၊ အကြောကြီးနဲ့ စိုစိုကို ဘလိုင်းကြီး လာခွပ်သွားတာ"

"ဟုတ်လား ... စိုစိုကော အဲဒီနေ့က ဘာဖြစ်သွားလဲဟင်"

စန္ဒီ ဝင်မွှေလိုက်တာဟာ ဒီလောက်ထိကြီးမှန်း သူ အခုမှပဲ သဘောပေါက်တော့သည်။

"ဘာဖြစ်ရမလဲ ထင်ရဲ့။ ရှင့်ကိုကော အဲဒီမိန်းမကိုပါ ဒေါသထွက်တာပေါ့၊ အဲဒီမိန်းမက စိုစိုကပဲ ရှင့်ကိုမြူဆွယ်





ထားလို့ သူ့ကို ရှင်က စိမ်းကားနေတယ်ဆိုတဲ့ ပုံစံမျိုးဖမ်းပြီး ပြောသွားတာ။ စိုစိုက စိတ်တွေအရမ်းဆိုးနေတာပေါ့၊ သူက ရှင့်ကို အထင်သေးသွားပုံပဲ၊ ကျွန်မ ထင်တာနော်"

အား ... သူ ခေါင်းမီးတောက်သွားရပါသည်။ မိုးစန္ဒီ ... မင်းကွာ။ စိုစိုဟာ သူ့ကို ဒါကြောင့်မို့ စိမ်းသွားခဲ့တာကိုး။ ရှေ့မှာ ကိုကြီးတို့ကိစ္စနဲ့ အထင်လွဲတာ ဘာမှမကြာသေး အခု နောက်တစ်ဇာတ်က ထပ်ထွက်လာကာ အစော်ကားပါခံလိုက်ရတာဆိုတော့ စိတ်တောင် နာနေလောက်ပါသည်။

သူ့နှလုံးလမ်းကြောင်းမှာ ဘာကျွန်းတွေများ ခံနေလို့ ဒီလောက်လွဲနေရတာလဲ။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲဗျာ၊ စိုစိုကို ကျွန်တော် တကယ်ချစ်တာပါ မိုးစွေ"

"ကျွန်မ သိပါတယ်၊ ထင့်ကို ယုံကြည်ပေးလို့လည်း ရပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ယုံဖို့ထက် စိုစို ယုံဖို့ အရေးကြီးတယ်၊ ရှင့်ကို သူက အရှင်းကိုခံမှာ မဟုတ်ဘူး ထင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထင်သည် သက်ပြင်းတစ်ချက်ချကာ ဘာစကားမှ ကို ဆက်မပြောနိုင်တော့ပါ။

အဲဒီအချိန်မှာပဲ သူ့အတွက် အလင်းရောင်တစ်ခုကို တွေ့ရသလို ကံကောင်းမှုစခဲ့ပါသည်။

ဝေဖြိုးက တက်ကြွရွှင်မြူးသောလေသံဖြင့် သူ့ဖုန်းကို ကောက်ကိုင်ကာ ...

"ဘာမှစိတ်ဓာတ်မကျနဲ့ သူငယ်ချင်း၊ ဒီမှာ ဒါလေးကို စိုစို့ဆီ အရောက်ပို့ပေးနိုင်ဖို့ ဒီကတစ်ယောက် ကူညီပေးရင် ဖြစ်ပြီ"

သူကလည်း အံ့အားသင့်စွာ ဝေဖြိုးကို မေးဆတ်ပြလျက်၊ မိုးစွေကလည်း ဘာပါလိမ့်ဆိုသော သဘောဖြင့် စိတ်ဝင်တစား နားစွင့်နေလျှင် ဝေဖြိုးက ဆက်ပြောပါသည်။

"ဒီလို ထင်ရ၊ မင်းနဲ့ စန္ဒီ စကားပြောနေတုန်းက ငါ့ဘေးမှာ ဖုန်းကလိရင်းနဲ့ မင်းတို့စကားသံတွေကို ရိကော့ဒ် လုပ်ထားရင် ကောင်းမယ်ဆိုပြီး ဖမ်းထားတယ်ကွ၊ အဲဒီ recording ကို အခွင့်သာတဲ့နေ့ စိုစို့ဆီ ပို့မယ်ဆိုပြီး စိတ်





ကူးနဲ့ ဘာရယ်မဟုတ် ဖမ်းထားတာ၊ အခုတော့ ရေကန် အသင့် ကြာအသင့်ပဲဟေ့"

ထင်သည် ဝေဖြိုးရဲ့အဲဒီစကားကြောင့် အကြီးအကျယ်ကို ပျော်ရွှင်မြူးတူးသွားလျက် ကူညီဖို့ မိုးစွေရဲ့မျက်နှာကို လှမ်းကြည့်လိုက်လျှင်တော့ မိုးစွေက ပြုံးပြကာ ...

"စိတ်ချ ထင်၊ ကျွန်မသူငယ်ချင်း စိုစို့ကို ရှင်နဲ့ပဲ သဘောတူတဲ့အတွက် ကူကိုကူညီပေးမှာ စိတ်ချ"

"ဟား ... အရမ်းကျေးဇူးတင်ပါတယ် မိုးစွေ၊ မင်းကိုလည်း ကျေးဇူးတင်တယ် ဝေဖြိုး"

"အေးနော် ... ဓာတ်ပို့တွေက ဒီလောက်ပို့ထားတာတောင် မင်းဓာတ်က ဓာတ်မျောကြီး ဖြစ်နေတုန်း ဆိုရင်တော့ မင်းကို သတ်ဖို့ပဲ ကျန်တော့တယ်နော် စာရေးဆရာ၊ ကိုယ့်ဓာတ်ကို နိုင်အောင်ထိန်းထားပေတော့"

ဝေဖြိုးရဲ့စကားက သူ့ရင်ဘတ်ကို လာမှန်ပါသည်။ ဟုတ်တယ် ... ဒီတစ်ခါ ရှင်းတမ်းမှ မအောင်မြင်ဘူး ဆိုရင်တော့ သူ့ဓာတ်က drama ချိုးပြဖို့ပဲ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အချစ်တွေကို မိုးလင်းသည်အထိ မစောင့်နိုင်တော့လို့ မင်း ကိုယ့်ကို အလွမ်းမြစ်ကြီးထဲမှာ လက်ပစ်မကူးခိုင်းပါနဲ့တော့လား ကောင်မလေးရယ်။

❦ ○ ❦





## ၁၆

မိုးစွေရဲ့ဖုန်းထဲက ကြားရတဲ့ recording ပြီးဆုံးသွားသောအခါ စိုစိုသည် တစ်ခုခု ပြောရတော့မယ်ဆိုတာ သိနေသည့်အတွက် စကားလုံးတွေကို ကြိုစဉ်းစားနေလိုက်သည်။

ဘာကိုဆုံးဖြတ်ပေးရမှာလဲ။ အခုကြားနေရတဲ့စကားလုံးတွေက အစစ်အမှန်တွေဆိုတာ ယုံပေမယ့် ထင်ပြောတဲ့စကားလုံးတွေအတွက် စိုစိုဟာ ခေါင်းညိတ်ခေါင်းခါတော့ မလုပ်ချင်ပါ။

"ချစ်တယ်"လို့ တဖွဖွပြောနေတတ်တဲ့သူဟာ ကာလဘယ်လောက်ကြာအောင် ချစ်နိုင်မှာလဲ။ တစ်ယောက်ဆို တစ်ယောက် ပိတောက်ဆိုပိတောက် ဆိုတဲ့ ဆိုရိုးတွေနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပီတောက်ခြောက်မှ နောက်တစ်ယောက်ဆိုတဲ့ စကားအသစ်တွေ ရှိလာတယ် ဆိုကတည်းက အချစ်ဆိုတာ မယုံချင်ရာဖြစ်မဲ့ပစ္စည်း ဖြစ်လာတော့သည်။ အဲဒါကြီးအတွက် ဘာမှပြင်းပြင်းထန်ထန် စိုစို ခံစားပေးဖို့ မလိုပါ။

"စိုစို ... ကြားတယ်နော်။ သမီးဘက်က တစ်ခုခုပြောသင့်တယ်လို့ ထင်တယ်"

ရီကောဒင်း နားထောင်ပြီးသည်အထိ အတန်ကြာငြိမ်သက်တွေဝေနေသော စိုစို့ကို ရွှန်းက လှမ်းသတိပေးလျှင် စိုစိုသည် ဘာပြောရမှန်းမသိစွာ မိုးစွေကို တစ်ချက်လှမ်းကြည့်လိုက်လျှင်တော့ မိုးစွေက ပြောလိုက်လေ ဆိုသော သဘောဖြင့် မေးဆတ်ပြပါသည်။

ကြည့်ရတာ ရွှန်းတင်မက မိုးစွေကပါ သူနှင့်သဘောတူနေပုံ ရပါသည်။

စိုစိုကတော့ ဘာကိုတွေဝေတွန့်ဆုတ်နေမှန်းမသိ တွန့်ဆုတ်ကာ စကားမပြောချင်ပေ။ အထူးသဖြင့် သူ့အကြောင်း





ပြောရင် ရင်ဘတ်တစ်ခုလုံး မွှန်းကျပ်လာကာ လွမ်းဆွေးလာရပါသည်။ ဘာလို့လဲတော့ အတိအကျ မပြောတတ်သေးပါ။

"စိုစို့ကို ရနောင်းထင်နဲ့ သဘောတူတယ်၊ ပြီးတော့ ရည်လည်း ရည်စွယ်ထားတယ်။ စိုစိုကော ရနောင်းကောက မိဘတွေ မရှိတော့ဘူးမလား၊ ဒီတော့ ရွှန်းကပဲ လူကြီးနေရာကနေ စီစဉ်ပေးချင်တာပါ၊ ဒါပေမဲ့ အဲဒါကလည်း စိုစို စိတ်ဆန္ဒရှိမှ လုပ်မှာ"

"လောလောဆယ်တော့ စိုစို မစဉ်းစားချင်သေးဘူး ရွှန်း"

"ရနောင်းထင် ညည်းကို ချစ်နေတယ် ဆိုတာကော သိပါတယ်နော် စိုစို၊ အဲဒါ ညည်းဘက်ကကော သူ့ကို အထင်လွဲနေတာတွေ အမြင်ရှင်းသွားပြီလား"

ရွှန်းက လှမ်းမေးလျှင် စိုစိုသည် အဲဒီအတွက် အကောင်းဆုံး ဖြေပေးနိုင်ဖို့ စဉ်းစားလိုက်သည်။ သူ စိုစို့ကို ချစ်ထယ်ဆိုတာ သိပါသည်။ ဒါပေမဲ့ အဲဒီအချစ်ဟာ ဘယ်လောက်ထိ တာရှည်ခံလဲဆိုတာ ဘယ်သူမှ အာမခံချက် မပေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အထင်မလွဲပါဘူး ရွှန်းရယ်၊ အထင်လွဲစရာလည်း မလိုအပ်ဘူးလေ"

"ဒါဆို နင်က သူ့ကို နည်းနည်းလေးတောင်မှ မချစ်ဘူးပေါ့ ... ဟုတ်လား"

မိုးစွေက ဝင်မေးလျှင် စိုစိုသည် သူမကို ယောင်ယောင်လေးပဲ ပြုံးပြလျက် ...

"မချစ်ချင်ပါဘူး မိုးစွေရယ်"

"ဟယ် ... ထင်တော့ သနားပါတယ်၊ သူ ခံစားသွားရမှာပဲ"

"အေးလေဟယ်၊ စိုစို တစ်ယောက် ဘာလို့ ဒီလိုရစ်နေတာမှန်းကို မသိတော့ဘူး၊ အခုဆို ကိစ္စတွေအားလုံးလည်း ရှင်းသွားပြီ၊ အဲဒါကိုတောင် ဝိုက်နေသေးရင်တော့ နင့်အချစ်က ကိုရီးယားကားထက်တောင် ပေကရှည်သွားလိမ့်မယ် စိုစို"





စိုစိုက ရွှန်းပြောတာတွေကို ခပ်ပြုံးပြုံးသာ နားထောင်ရင်း ဆိုင်သွားဖို့ ပြင်တော့သည်။ စိုစိုတို့ရဲ့ဆိုင် လူစိတ်ဝင်စားခြင်း ခံရတာဟာ advertising အား ကောင်းတာကြောင့်လည်း ပါပါသည်။

ထင်ရဲ့ဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်၊ ပြီးတော့ ခပ်မိုက်မိုက်ဘော်ဒီပေါ်မှာ စိုစိုတို့ရဲ့ brand အထည်တွေကို ဝတ်ဆင်ပြီး မော်လ်ဒယ်လုပ်ပေးတာဟာ လူစိတ်ဝင်စားခြင်း ခံရပါသည်။ အဲဒီကြော်ငြာကြောင့် သူ့ဆီကို producer တွေက လိုက်လာကာ ရုပ်ရှင်ရိုက်ဖို့တောင် ကမ်းလှမ်းလာတယ်ဆိုတာကို ပြန်ကြားထားခဲ့ရပါသည်။

ရုပ်ရှင်မင်းသားတောင် ဖြစ်နိုင်တဲ့ ရုပ်ရည်ရှိသောသူဟာ စိုစိုလို သာမန်မိန်းကလေးတစ်ယောက်ကို ဘယ်အချိန်ကာလထိ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့် ချစ်နိုင်မှာလဲ။

သူ့အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ဆယ်ကျော်သက်နှုတ်ခမ်းနီ ကောင်မလေးတွေ၊ နှစ်ဆယ်ကျော်အလှပဂေး ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



တွေက အားလုံး စိုစို့ထက်လှတယ်၊ ချစ်ဖို့ကောင်းတယ်လို့ပဲ တစ်နေ့ သူ ထင်လာမှာပါ။ အဲဒီအချိန်တွေကို မရောက်ချင်တာကြောင့် ဒီနေရာမှာပဲ ရပ်တန်းက ရပ်လိုက်ပါစို့။

❦ ○ ❦





ရှန်းနှင့် ဦးထနောင်းဟာ အေးချမ်းစွာပင် ထာဝရ မိတ်ဆွေတွေအဖြစ် နေသွားကာ အခြေအနေပေးရင်တော့ ဆွေမျိုးတော်မည်ဆိုပြီး မျှော်မှန်းနေတာကို စိုစိုဟာ မသိကျိုးကျွန်ပြု၍ နေ,နေခဲ့တာဖြစ်သည်။

စိုစိုကတော့ ဆိုင်သစ်မှာပဲ အလုပ်အတွက် အာရုံတွေ မြှုပ်နှံထားကာ ဒီကနေ့မှာလည်း စိုစိုဟာ အလုပ်ကိစ္စအတွက် အေးအေးဆေးဆေး ကုန်သည်နှင့် စကားပြောဖို့ သာကေတ ရွှေပုစွန်ကို လာခဲ့တာဖြစ်သည်။

စိုစိုသည် ကားပါကင်ထိုးကာ ကားပေါ်က ဆင်းလိုက်လျှင်တော့ စိုစို့ကို လာနှုတ်ဆက်တဲ့ အသံတစ်ခုကိုကြား၍ ကြည့်လိုက်လျှင် လာနှုတ်ဆက်သူဟာ ကတိုးမောင် ဖြစ်နေသည်။ သူ့ဘေးမှာတော့ ရိုးရာမပျက် ကောင်မလေးတစ်ယောက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် ပြီးခဲ့တာတွေအတွက် ခေါင်းထဲထည့်မထားတော့ဘဲ ကတိုးမောင်တို့စုံတွဲကို မိတ်ဆွေရင်းတစ်ယောက်ကို တွေ့ရသည့်နှယ် ပြုံးပြနှုတ်ဆက်ကာ ...

"မုန့်လာစားတာလား"

"ဟုတ်တယ်ဟ ... ပြန်တော့မှာ၊ အဲဒါ စိုစို့ကိုတွေ့လို့ လာနှုတ်ဆက်တာ ...

ဪ ... မိတ်ဆက်ပေးရဦးမယ်၊ စိုစို ဒါက ကိုယ်နဲ့ မကြာခင်လက်ထပ်တော့မယ့် ဇနီးလောင်း သက်ကဗျာတဲ့ ...

ကဗျာ ... သူက ကိုယ်ပြောနေတဲ့ သစ်ရွက်စိုစိုလေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ကဗျာက ချောတယ်နော်၊ ကတိုးကတော့ ရှယ်မိန်းမကို ရထားတာပဲ"

"အစ်မက ပိုတောင်ချောပါတယ်"

တကယ့်ကို ဖော်ဖော်ရွေရွေနှင့် ဖြူစင်သော ကဗျာဆိုသည့် မိန်းကလေးကိုကြည့်ကာ ကြည်နူးမိပါသည်။ ဪ ... ကတိုး တစ်ယောက် ဒီတစ်ခါတော့ လိမ္မာသွားပြီပေါ့။





"ဘယ်လိုလဲ စိုစို၊ နင် ရနောင်းထင်နဲ့ကော အိုခေတယ်မှုလား"

"ဒီလိုပါပဲ"

စိုစိုက စကားမြန်မြန်ဖြတ်ချင်လို့ ပြီးပြီးရော ပြောလိုက်တာဖြစ်သည်။ အဲဒါကို ကိုယ်တော်က ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်လုပ်ကာ ...

"ကောင်းတယ်၊ ရည်းစားမဖြစ်သေးရင်လည်း ဖြစ်လိုက်၊ ဖြစ်နေပြီဆိုရင်တော့ မြန်မြန်လက်ထပ်လိုက်ပေါ့ ... ဟဲဟဲ ...

နင့်ကို သူက တော်တော်ကြွေပုံရတယ်နော်။ ဟိုတစ်ခါ ငါ့ကို နင့်ကိစ္စနဲ့ အပြီးဆော်ထားတာ၊ အစကတော့ ငါလည်း ဒီကောင့်ကို မကျေလို့ ချိန်းပွဲခေါ်ပြီး ပြန်ကျွေးမယ်ပေါ့ ...

ဒါပေမဲ့ ငါ တဖြည်းဖြည်း သဘောပေါက်လာတယ်။ သူ တကယ်ချစ်တဲ့ မိန်းကလေးကို ကာကွယ်တာပဲဆိုတာကို ပေါက်ပြီးတော့ ငါ သူ့ကို ဘာမှမလုပ်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ခုကြားနေရတဲ့ စကားတွေဟာ ကတိုးမောင် ပြောတာတွေမှ ဟုတ်ပါလေစ။ ဒီကာလအတွင်းမှာပင် အကြီးအကျယ်ကို ပြောင်းလဲသွားသော သူ့ပုံစံကို စိုစိုဟာ အရမ်းကို အံ့အားသင့် မှင်တက်နေစဉ် သူက သဘောပေါက်သည့်အလား အသာပြုံးလျက် စိုစို နားမလည်နိုင်ပါသော ယောကျ်ားတို့ရဲ့ စိတ်သဘောထားကို ရှင်းပြလေသည်။

"ငါ ဘာလို့ ဒီလောက်ပြောင်းလဲသွားတယ် ဆိုတာကို နင် သိချင်တယ်မှလား ပြောပြမယ်။ အဲဒါအချစ်ရဲ့အားအင်ကြောင့်ပဲဟ၊ ကိုယ့်ဘဝအတွက် တကယ်လက်တွဲရမယ့် လက်တွဲဖော် ဖူးစာဖက်ကို တွေ့လာပြီဆိုရင် ယောကျ်ားလေးတွေဟာ ပုံစံပြောင်းသွားကြတယ်၊ အိမ်ထောင်တစ်ခုရဲ့ ဦးစီးဦးဆောင်ကောင်းတစ်ယောက် ဖြစ်ဖို့အတွက် သူတို့ရဲ့ ဉာဉ်ဆိုးတွေကို ဖျောက်ဖျက်ကြတာပေါ့ ...

အေး ... အဲဒီဉာဉ်ဆိုးတွေကို ကိုယ့်လက်တွဲဖော်ကလည်း နားလည်ပေးနဲ့၊ အဲဒီလိုမျိုး sharing သဘောနဲ့ အချစ်ကိုပုံဖော်တော့ ဘယ်တော့မှ စိတ်မဆင်းရဲရဘူးပေါ့ဟာ ...





ပြီးတော့ ဖူးစာရဲ့ဂုဏ်သတ္တိလည်း ပါတာပေါ့။ ဖူးစာရှိတယ်ဆိုရင် အဲဒီလူနှစ်ယောက်ဟာ ဘယ်လောက်ပဲ အခက်အခဲတွေရှိရှိ ကျော်လွှားနိုင်တယ်၊ ကိုယ့်ရဲ့ဖူးစာဖက်အစစ်ကသာ ကိုယ့်ရဲ့အားနည်းချက်တွေကို ဖေးမ,ပေးနိုင်တာလေ ...

ဒီလောက်ဆို ဘယ်အရာက ငါ့ကို ပြောင်းလဲစေတယ်ဆိုတာ နင် သဘောပေါက်မှာပါ"

သြော် ... သူတောင် အချစ်ကို အကောင်းဆုံး difinition ဖွင့်ပြနိုင်ခဲ့ပြီကိုး။ ကတိုး ပြောသလိုဆို စိုစို့ရဲ့ဘဝအတွက် share လုပ်ပေးနိုင်တဲ့ သူဟာ ဘယ်သူဖြစ်နိုင်မလဲ။

"ဘယ်လောက်ပဲ ရည်းစားတွေ များခဲ့ များခဲ့ အချစ်စစ်ကျတော့ ရှားတယ်ဟ။ ကိုယ်တကယ်ချစ်နိုင်သူကိုမှ ဖူးစာဖက်လို့ ခေါ်သလိုပေါ့ဟာ၊ ငါလည်း ကဗျာ့ကိုမှ ငါ့ဖူးစာဖက်လို့ ပြောနိုင်တာပေါ့၊ ဒါက ငါ့ကိုယ်တွေ့နော်၊ ကဲ ... စိုစို နင်ကကော။ ဘယ်သူ့ကို အချစ်ဆုံးလဲ ...

ကဲ ... ငါလည်း သွားပြီဟေ့၊ ငါတို့မင်္ဂလာဆောင်ဖိတ်စာဝေမှ နင့်ဆီလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုစို့ကို နှုတ်ဆက်ကာ ထွက်သွားသော ကတိုးမောင်တို့စုံတွဲကိုကြည့်ကာ စိုစိုဟာ တစ်စုံတစ်ယောက်ကို သွားသတိရမိသွားသည်။ သူဘာတွေလုပ်နေလဲ။ သူ့သတင်းကို မကြားရတာဟာ တစ်လနီးနီးတောင် ရှိတော့မယ်။

စိုစို့ကို "ချစ်တယ်"ဆိုတာကကော စကားလုံးတွေမဟုတ်ဘဲ ကတိုး ပြောသလို အချစ်နိုင်ဆုံးသော ဖူးစာဖက်အတွက် စစ်မှန်တဲ့စကားလား။

အချစ်စစ်ကြောင့်တော့ ကတိုး တစ်ယောက်အပြောင်းလဲကြီး ပြောင်းလဲသွားပေပြီ။ ဒါဖြင့်ရင် သူကော ...။ စိုစိုသည် ကိုယ့်ရင်ခုန်နှုန်း ဘယ်လောက်ရှိတယ်ဆိုတာတော့ တိုင်းတာဖို့ မေ့လျော့နေခဲ့ပါသည်။

❦ ○ ❦





## ၁၇

ထင်သည် ခွင့်မလွှတ်နိုင်တော့သည့် ချစ်သူရဲ့ ဥပေက္ခာတရားအတွက် ခွင့်လွှတ်ပါဆိုပြီး တစာစာ လိုက်တောင်းခံကာ ချစ်သူရဲ့အမုန်းတွေကို မကြီးမားစေချင်ပါ။ အဲဒါကြောင့်ပဲ သူမ စိတ်ချမ်းသာစွာ နေပါစေတော့လေဆိုပြီး သူဟာ ဒီတိုင်းနေ,နေခဲ့တာဖြစ်သည်။

ဒါပေမဲ့ သူမကို တွေ့ချင်တဲ့စိတ်ကတော့ အဆီးတားမရှိဘဲ တအားကို ကြီးစိုးနေခဲ့တာဖြစ်သည်။ ဒီနေ့တော့ သူ့ ဝတ္ထုတစ်ပုဒ် အပြီးသတ်နိုင်ခဲ့တာမို့ စိတ်ကို relax လုပ်သည့် အနေဖြင့် အေးချမ်းတဲ့ နေရာလေးကို သွားဖို့စဉ်းစားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူ့သူငယ်ချင်းတွေ သွားနေကြဖြစ်သည့် Just ရေကူးကန်ကို သူ ရောက်လာဖြစ်ခဲ့သည်။ အဲဒီရေကူးကန်မှာ သူဟာ အအေးထိုင်သောက်လိုက်၊ သူ့ဘော်ဒါတွေ ရေကူးတာကြည့်လိုက်နှင့် စိတ်ကို အနားပေးထားတာဖြစ်သည်။

ရေကူးကန်ကို သွားမှာမို့လို့ သူက ပေါ့ပေါ့ပါးပါး လက်ပြတ်တစ်ထည်ကို ရှပ်ထပ်ဝတ်ကာ ဘောင်းဘီတိုဖြင့် ခပ်ရိုးရိုးပဲ ဝတ်ဆင်လာခဲ့သည်။

ပြောရရင်တော့ သူက ရေလုံးဝမကူးသူပါ။ ငယ်ငယ်တုန်းက ရေကူးသင်ထားပေမယ့် သူဟာရေနစ်ဖူးတာကြောင့် လန့်သွားပြီး ဘယ်တော့မှ ရေကူးတဲ့ကိစ္စကိုမလုပ်တော့။ ဒါပေမဲ့ သူ့သူငယ်ချင်းတွေ ရေကူးကန်လာတိုင်းတော့ သူ အမြဲလိုက်လာတတ်ပါသည်။

ဒီကနေ့မှာတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် သူဟာ ရေကူးကန်မှာ စိုစိုနှင့် မိုးစွေကို သွားတွေ့ပါသည်။ သူမတို့လည်း ရေလာကူးတာ ဖြစ်နိုင်ပါသည်။ ထင်သည် အဝတ်လဲခန်းထဲသို့ မိုးစွေ ဝင်သွားတာကို တွေ့လျှင် စိုစို ခုံတန်းလျားမှာ နေခဲ့တယ်ဆိုတာ သဘောပေါက်ပါသည်။





ထင်သည် ခုံတန်းရှည်တွေဘက်ကို လှမ်းကြည့်လိုက်လျှင်တော့ ပန်းဆီရောင်တီရှပ်တစ်ထည်ကို ဘောင်းဘီကွာတားဖြင့် ချစ်စဖွယ် နုနယ်စွာ ဝတ်ဆင်ထားသော စိုစို့ကိုတွေ့ရပါသည်။

သူမကိုမြင်လျှင် စကားပြောချင်တဲ့စိတ်တွေက တဖွားဖွား ပေါ်လာလျက် သူမရှိတဲ့ ခုံတန်းရှည်တွေဆီကို လျှောက်လာခဲ့မိသည်။ သူ့ကိုမြင်လျှင် စိုစိုဟာ အံ့အားသင့် အရိပ်အယောင်တွေ မျက်နှာပေါ်မှာ ဖြတ်ပြေးသွားတယ်ဆိုတာ သူ တွေ့လိုက်ပါသည်။ သူက ဘာမှမပြောသေးခင်မှာ စိုစိုက ခပ်ပြတ်ပြတ် လေသံဖြင့် သူ့ကို ဆီးကြိုနှုတ်ဆက်ပါသည်။

“ဘာကိစ္စ ဒီကိုရောက်လာရတာလဲ”

အဲဒီလိုမျိုးကို ချစ်ဖို့ကောင်းသော သူမဖြစ်ပါသည်။ ထင်သည် စိုစို ဆိုသော ကောင်မလေးကို ဘာလို့ ဒီလောက်ငြိကာ ချစ်သွားလဲဆိုတာ စဉ်းစားလို့တောင် မရတော့ပါ။ ဒါပေမဲ့ သူမကို ချစ်နေဆဲ၊ ချစ်နေဦးမည် ဆိုတာတော့ ကိုယ့်ဘာသာပဲ သိပါသည်။ သူက စိုစိုရဲ့အမေးကို ဖြေဖို့အတွက် အပြုံးတစ်ခုတပ်ဆင်ရင်း ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သူငယ်ချင်းတွေနဲ့ လာတာပါ စိုစို"

"ဩော် ... ဟုတ်လား။ တွေ့လို့ လာနှုတ်ဆက်တာမှလား ပြီးပြီလေ မသွားသေးဘူးလား"

မင်း ဘာဖြစ်လို့ ကိုယ့်ကို အမုန်းကျွေးနေတာလဲ စိုစိုရယ်။ ထင်သည် နှင်နေပြီဖြစ်တဲ့ သူမရဲ့ရှေ့ကနေ ဘာမှဆက်မပြောတော့ဘဲ ထွက်လာခဲ့တော့သည်။ စိုစိုဟာ သူ့ကိုမချစ်ဘူး ဆိုတာကို သူ ယုံကြည်ရတော့မှာလား။

စိတ်ညစ်ညစ်နှင့် ထိုင်ခုံမှာ ထိုင်နေရင်း သူဟာ တောင်တောင်အီအီ လျှောက်တွေးနေကာ စိုစို့ကို တမ်းတလွမ်းဆွတ်နေခိုက်မှာ သူ့နားထဲသို့ အသံတစ်သံဟာ တိုးဝင်လို့လာပါသည်။

"လာကြပါဦး ... စိုစို ရေနစ်နေလို့ လာပါဦး"

အဲဒီအသံကြောင့် သူဟာ မိန်းကလေး ရေကူးဆောင်ဘက်ကို အသည်းအသန် တစ်ရှိန်ထိုး ပြေးသွားကာ ဘာကိုမှ မမြင်နိုင်တော့ဘဲ ရေကူးကန်ဘဲသို့ ဒိုင်ဗင်ပစ်ထိုးကာ ရေနစ်နေသော စိုစို့ကို ကယ်လေသည်။





သူဟာ ရုတ်တရက်မှာ ရေကျွမ်းကျင်စွာ မကူးတတ်ဘူး ဆိုတာကို ရေထဲရောက်မှ ဖျတ်ခနဲ သတိရသွားသည်။ ဒါပေမဲ့ မတတ်နိုင်ပါ။ သူ စိုစို့ကို ရအောင်ကယ်မည်။

ထင်သည် ငယ်ငယ်က သင်ခဲ့တဲ့ ရေကူးနည်းကို မမှတ်မိတစ်ဝက် မှတ်မိတစ်ဝက်ဖြင့် ယက်ကန် ယက်ကန်ကူးလာရင်း စိုစို့ကို ကန်ပေါင်ပေါ် ပွေ့တင်လေသည်။

ပြီးတော့မှ သူ့ဘာသာသူ ကန်ပေါင်ပေါ်ရှန်းတက်ကာ ရေမွန်းနေတဲ့ စိုစို့ကို ကယ်ဆယ်ဖို့အတွက် သူမမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်လျှင် ...။ ဟင် ... စိုစို မဟုတ်ပါလား။

ဝိုင်းလာသော လူအုပ်တွေကြားမှာ သူဟာ ကြောင်ပြီး ထိုင်နေမိသည်။ ရေမွန်းနေသော စိုစို မဟုတ်သည့် ကောင်မလေးကိုတော့ တခြားတစ်ယောက်က ရှေးဦးသူနာပြုနည်းဖြင့် ပြုစုနေသည်။

"ဆွတ်ဆွတ် ... ဆွတ်ဆွတ် သတိရပြီလား"

ဆွတ်ဆွတ်တဲ့။ သူ မှားသွားပြီ။ နားကြားမှားသွားတာပဲဖြစ်သည်။ "ဆွတ်ဆွတ်"ကို အမြန် ပလုံးပထွေးလေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တော့ "စိုစို"ဆိုပြီး ကြားသဖြင့် သူဟာ ဘာကိုမှမမြင်နိုင်တော့ဘဲ သွားကယ်ခဲ့တာဖြစ်သည်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကတော့ သူ့ကို အဲဒီလို မမြင်နိုင်ပါ။ အမျိုးသမီးရေကူးဆောင်ကို တမင်သက်သက် အကွက်ချောင်းပြီး ဝင်တာလို့ပဲ ထင်သွားနိုင်ပါသည်။

သွားပြီ ... သူ့ရဲ့ဂုဏ်သိက္ခာ။

အဲဒါထက် ပိုအရေးကြီးတာက လူတွေဝိုင်းနေတဲ့ကြားမှာ သူ့ကို အမိဟွာယ်တွေ အများကြီး သက်ရောက်နေသည့် မျက်ဝန်းတို့ဖြင့် ကြည့်နေသော စိုစို့ကို တွေ့လိုက်ရလျှင် သူ့တစ်ကိုယ်လုံးဟာ ပူစပ်ရှိန်းမြလာကာ အငွေ့ပျံချင်လောက်သည်အထိကို ဖြစ်သွားသည်။

ဟင့်အင်း ... မင်း ကိုယ့်ကို အဲဒီလိုမကြည့်ပါနဲ့ စိုစို။ ကိုယ်က မင်းဆိုတဲ့စိတ်နဲ့ ဘာမှမမြင်နိုင် ဖြစ်သွားတာပါ။

ဒါပေမဲ့ သူ့ရင်ထဲက စကားတွေကို စိုစိုက ကြားနိုင်မှာလည်း မဟုတ်ပါ။ စိုစို့မျက်ဝန်းထဲက အမိဟွာယ်တွေထဲမှာ သူ့ကို ဖွန်ကြောင်၊ မိန်းကလေးတွေအဆောင်ကို အရှက်မရှိဝင်





လာတဲ့ နှာဘူးဆိုတဲ့ ပျစ်ပျစ်နှစ်နှစ် အမိဟွာယ်တွေပါသည့် စိမ်းကားပြင်းထန်သော အကြည့်တွေဖြင့် ကြည့်နေတာမျိုးဖြစ်သည်။

ထင်သည် ကြေကွဲလွှန်း၍ တစ်ကိုယ်လုံး တုန်ယင်လိုက်မောလာကာ စိုစို့ကို တစ်ချက်သာငေးကြည့်၍ လူအုပ်ကြားထဲကပဲ ထိုးထွက်လာခဲ့တော့သည်။ မင်းကို ကိုယ် မေ့ပစ်ဖို့ ကြိုးစားပါတော့မယ် စိုစို။

❦ ၀ ❦



www.burmeseclassic.com

www.burmeseclassic.com



စိုစိုသည် သူ့ရဲ့အပြုအမူတွေအတွက် ပထမပိုင်းတော့ အရမ်းကို အထင်သေးသွားပေမယ့် နောက်ဆုံးမှာ သူ စိုစို့ကို ကြည့်ခဲ့သော အကြည့်တစ်ချက်ဟာ နှလုံးသားတစ်ခုလုံးကို ဖြောင်းဆန်သွားကာ ဝမ်းနည်းဆို့နင်သွားစေပါသည်။ သူ စိုစို့ကို နာကျင်သွားခဲ့ပြီလား။ စိုစိုကြောင့် သူ နာကျင်ခဲ့ရတယ် ဆိုရင်တော့ တကယ်ပဲ စိတ်မကောင်းလှပါ။

စိုစိုရဲ့အကြည့်တွေကို သူလည်း ဘာသာပြန်တတ်သွားပုံရပါသည်။ သူဟာ စိုစို ရေနစ်သွားတယ်ဆိုတဲ့ အထင်နှင့် ရေကူးမကျွမ်းပါဘဲနှင့် ဘာကိုမှ မမြင်တော့ဘဲ စိုစို့ကို လာကယ်တာဖြစ်သည်တဲ့။





အဲဒီအကြောင်းကို မိုးဇွေကတစ်ဆင့် ပြန်ကြားခဲ့ရသောအခါ စိုစိုဟာ မှားသွားပြီဆိုတဲ့ အတွေးတစ်ခုတော့ ဝင်လာခဲ့ပါသည်။ ဒါပေမဲ့လည်း ပြီးတာက ပြီးသွားပြီဖြစ်သည်။ သူ့ကို စော်ကားလိုက်မိတဲ့အတွက် သူဟာ စိုစို့ကို စိတ်နာနေလောက်ပါမည်။

"ဘာပဲဖြစ်ဖြစ် နင် သိပ်မှားတယ် စိုစို၊ သူ တော်တော် စိတ်မကောင်း ဖြစ်သွားမှာပဲ၊ နင့်ကို အရမ်းချစ်တဲ့သူပါဟယ်"

မိုးဇွေက မချိတင်ကဲ ရေရွတ်ပြောဆိုလျှင် စိုစိုဟာ ဘယ်တော့မဆို ပြုံးနေတတ်တဲ့ သူ့ရဲ့မျက်နှာကို မြင်ယောင်လာကာ ရင်ထဲမှာ ဆို့နင့်နေပါသည်။

ကိုယ့်အပေါ် အကောင်းဆုံးပေးနိုင်သော အချစ်တွေများစွာရှိနေသော သူ့ရင်ထဲမှာ နာကျင်သွားစေခဲ့အောင် စိုစို ရက်စက်ခဲ့တာ များနေပြီ။ အဲဒီအတွက် သူ့ကို ဖြေသိမ့်စရာ ဘာများပေးနိုင်ပါ့မလဲ။

"ငါ ဘာလုပ်ရမလဲ မိုးဇွေ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့စိတ်ကို နင် အရင်ဆန်းစစ်ကြည့်လိုက်ဦး စိုစို၊ နင် သူ့ကိုချစ်တယ်ဆိုတာ သေချာမှ ပတ်သက်ပါဟာ၊ သူ့ကို မချစ်နိုင်ဘဲနဲ့တော့ နင် မပတ်သက်ပါနဲ့တော့"

ချစ်တယ်ဆိုတာ သေချာမှတဲ့။ သူ့ကိုချစ်လား။ စိုစိုသည် အချစ်စတင်စီးဆင်းခဲ့တဲ့ ရင်ခုန်သံတွေကို အံခုမှမေး ကြည့်မိလျှင် သေချာနေသော အဖြေတစ်ခုကို ထုတ်ပြန်ပေးပါ သည်။

စိုစိုသည် ဘေးကဖုန်းလေးကို ဆွဲမ,ယူလိုက်ကာ သူ့ဟန်းဖုန်းကို လှမ်းခေါ်လိုက်ပါသည်။ ဖုန်းက စက်ပိတ်ထား ပါသည်တဲ့။ စိုစိုသည် သူ့အိမ်ဖုန်းကိုပဲ လှမ်းဆက်လိုက်တော့ သည်။ ဖုန်းလာကိုင်သူမှာ ထင် မဟုတ်ဘူးဆိုတာကိုတော့ စိုစို အတိကျ သိပါသည်။

"ဟယ်လို ... ဟုတ်ကဲ့၊ ထင်နဲ့ ပြောချင်လို့ပါရှင်"

"ထင် ခရီးထွက်သွားပါတယ်၊ အခုပြောနေတာ စိုစို ထင် တယ်"





"ဟုတ်ကဲ့"

"သြော် ... ကိုယ်က ထနောင်းသွင်ပါ စိုစို"

စိုစိုသည် ဦးထနောင်းဆီမှာ ထင့်အကြောင်း တီး ခေါက်ကြည့်မယ်ဆိုတဲ့ အတွေးနှင့်အတူ စကားဆက်ပြောလိုက် ပါသည်။ ပြီးတော့ ထင်က ဘယ်ကိုခရီးသွားတာလဲ။

"ဟုတ်ကဲ့ ... ဦးထနောင်း၊ ထင်က ဘယ်ကိုသွားတာလဲ ဟင်"

"အင်း ... ညီမလေးစိုစိုနဲ့ ပတ်သက်ပြီး တော်တော်ခံစား သွားရရှာတာ၊ အဲဒါနဲ့ စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် ဆိုပြီး နယ်ဘက်သွားပြီး စာလေးဘာလေး ရေးမယ်လို့တော့ ပြောပြီးသွားတာပဲ"

သူ ခံစားသွားရတယ်တဲ့။ စိုစိုသည် စိတ်မကောင်း ကြီးစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ကာ သူ ဘယ်ကိုသွား တာလဲ ဆိုတာကို မေးလိုက်ရသည်။

"သူ ဘယ်ကိုသွားတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ ကိုယ်လည်း တကယ်မသိတာပါ စိုစို၊ ညီက လူတစ်မျိုးကွ၊ သူစိတ်ညစ်တာကို ဘယ်သူ့ကိုမှ မသိစေချင်တဲ့ စိတ်ဓာတ်မျိုး ရှိတယ်၊ အခုလည်း သူ နယ်ထွက်ပြီး စာရေးမယ်လို့ပဲ ပြောတယ်။ ဘယ်သွားမယ် ဆိုတာကို အတိအကျ မပြောဘူး။ ဖုန်းတော့ ဆက်တတ် ပါတယ်"

ဘုရားရေ ... သူ့ရဲ့အစ်ကိုရင်းကတောင် ဘယ်သွား တယ်ဆိုတာ မသိဘူးဆိုတော့ စိုစိုသည် သူ့အတွက် စိတ်တွေပူ လာပါသည်။

"သူ ပြန်တော့ ပြန်လာမှာပါနော်"

"အင်း ... ရှေ့လ ၁၆ ရက်နေ့မှာ ထင့်ရဲ့အုပ်(၃၀)မြောက် လုံးချင်းထွက်ဖို့ရှိတယ်။ အဲဒီမှာ promotion အနေနဲ့ စာရေးသူကိုယ်တိုင် လက်မှတ်ထိုးပြီး ရောင်းရမှာဆိုတော့ သူ သေချာပေါက် အဲဒီရက်ကို ပြန်ရောက်လာမှာပါ"

သူ ပြန်လာမှာတဲ့။ စိုစိုသည် သူ့ကို ဖြစ်နိုင်ရင် အခုကိုပင် တွေ့ချင်လှပြီဖြစ်သည်။ သူဟာ ကိုယ့်အတွက် ဖူးစာ ဖက်ဆိုတာ ယုံကြည်ခဲ့ပါပြီ။





"ဟုတ်ကဲ့ပါ ဦးထနောင်း၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါပါပဲနော်"

"ကောင်းပါပြီ စိုစို၊ ဪ ... ဒါနဲ့ ဒီတစ်ခါပြန်တွေ့ရင် ကိုယ့်ညီကို မရက်စက်ပါနဲ့တော့ကွာ။ ညီက စိုစို့ကို သိပ် ချစ်တာပါ"

နောက်ထပ်တွေ့ရင်လည်း မိုစိုက မရက်စက်တော့ ပါဘူး ဦးထနောင်းရယ်။ သူ့ရဲ့အချစ်ကို ဂုဏ်ပြုသောအားဖြင့် အချစ်စစ်တစ်ခု လက်ဆောင်ပေးဖို့ ရှိတယ်ဆိုကာ သူ့တစ်ယောက် ကိုသာ ပေးသိစေပါမည်။ အခုတော့ ခဏခံစားလိုက်ပါ ထင်။ ရှင့်နေရာကို ကိုယ်ချင်းစာတတ်ခဲ့ပါပြီ။

ဦးထနောင်းနှင့် ဖုန်းပြောပြီးသည့်နောက်မှာတော့ မိုးစွေက စိုစို့ရဲ့ပခုံးကို အသာဖက်ကာ ...

"နင် သူ့ကိုချစ်တဲ့အတွက် ဘယ်တော့မှ မမှားနိုင်ပါဘူး စိုစိုရယ်၊ အားလုံးကလည်း သဘောတူ ကြည်ဖြူ၊ နင်က လည်း love u ဆိုတော့ ပြီးပြီပေါ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေရဲ့စကားကို အပြုံးတစ်ခုဖြင့်သာ တုံ့ပြန်ထားလိုက်တော့သည်။ စိုစိုသည် အချစ်နဲ့ ခပ်သင်းသင်းဖြင့် လန်းဆန်းနေသော သူ့ရဲ့မျက်နှာလေးကို အရမ်းကို တွေ့ချင်စိတ်ဖြင့် လာမယ့်(၁၆)ရက်နေ့ကိုပဲ မျှော်လင့်ရင်ခုန်စွာ စောင့်မျှော်နေမိပြန်တော့သည်။

❦ ○ ❦





ဖူးစာဆိုသည်မှာ
ဘယ်လောက်ပင် ဝေးကွာနေပါစေ
ဖူးစာဆိုတဲ့ သမုဒယအနှယ်လေး
သူနှင့်ကိုယ့်ကြား တည်ရှိနေပါလျှင်
မသွေမှုချပင်။ ။

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

လက်ဂေ့ချ်ကိုဆွဲကာ ရန်ကုန်မြေသို့ ခြေချလိုက်သည်နှင့် သူ့နှလုံးသားတစ်ခုလုံးသည် ဆို့နင့်၍ ဝမ်းနည်းလာရတော့သည်။ တစ်လကျော်လောက် သူ ကျောခိုင်းခဲ့သော ရန်ကုန်မြေသည် သူ့ကို ခပ်အေးအေးပင် ကြိုဆိုနေပါ၏။

ကိုကြီးကိုလည်း သူသည် ပြန်လာမယ့်အကြောင်းကို မပြောခဲ့။ ပြောရမယ်ဆိုရင်တော့ သူ့နှလုံးသားကို ဒဏ်ရာတွေရစေခဲ့တဲ့ ရန်ကုန်ကို သူ ပြန်မလာချင်သေးပါ။ ဒါပေမဲ့လည်း သူ့စာအုပ် ပရိုမိုးရှင်းအတွက် တစ်ရက်ကြိုကာ ပြန်လာခဲ့ရတော့သည်။





လွမ်းလိုက်တာ စိုစို။

“စိုစို”ဆိုတဲ့ နာမည်လေးကို တွေးလိုက်မိတာနှင့် သူ့ရဲ့ဘယ်ဘက်ရင်အုံရှိ နှလုံးသားသည် စူးစူးနင့်နင့်ကို အောင့်တက်လာကာ ခွေခနဲ ယိုင်ကျသွားချင်တော့သည်။

တစ်လကျော်လောက် ပုသိမ်ဘက်မှာ အသည်းကွဲရောဂါကို ကုစားရင်း အလွမ်းဝတ္ထုတွေ ရေးဖြစ်နေတော့သည်။ သူမကို တတ်နိုင်သမျှ မေ့ထားခဲ့ပါသော်လည်း သူမ ဘာတွေလုပ်နေလဲဆိုပြီး အမြဲတွေးနေမိတာကတော့ ချစ်နေသေးလို့ပဲ ဖြစ်ပါသည်။

သူဟာ စိုစို့ကြောင့် နာကျင်ခံစားခဲ့ရတာတွေကို မျက်စိမှိတ်ခံစားရင်းနှင့်ပဲ သူဟာ ပရိသတ်တွေနှင့် တွေ့ဆုံဖြစ်ခဲ့ပါသည်။ အချစ်ကြောင့် ရူးနေတာမျိုး မဟုတ်ပေမယ့် သူမကိုတော့ အရမ်းသတိရနေမိတယ်ဆိုတာ ဝန်ခံပါရစေ။

လူငယ်စာရေးဆရာလေး ရဲနောင်းထင်၏အုပ်(၃၀)မြောက် လုံးချင်းဝတ္ထုအတွက် အမှတ်တရ promotion ပွဲလေးဟာ (......)၌ ကျင်းပပြုလုပ်တာဖြစ်ပြီး ထင့်ကို အားပေးသည့် ပရိသတ်များစွာဟာ ဒီပွဲလေးကို လာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်၏ဘဝမှာ "သစ်ရွက်စိုစို"ဆိုသော သူမကို တစ်ဘဝလုံးစာအတွက် ပုံအောချစ်ခဲ့တာ ဖြစ်ခဲ့သည့်အတွက် သူ့ရဲ့အမှတ်တရ ဒီပွဲလေးမှာလည်း စိုစို့ကို ရှိနေစေချင်လှပါသည်။

"အော်တိုထိုးပေးပါ ဆရာ"

ချိုမြိန်မြိန်နှင့် နားဝင်ချိုလှသော အသံလေးဖြစ်သည့် အပြင် တစ်ခါက သူ စွဲလမ်းစွာ ကြားခဲ့ဖူးသည့် အသံလေးဖြစ်နေသည့်အတွက် ထင်သည် တစ်ချက် မော့ကြည့်လိုက်သည်။

ဘုရားရေ ... စိုစို။ ထင်သည် လက်ထဲက ဘောပင်လေးတောင် စားပွဲပေါ်ကို ဒေါက်ခနဲမြည်အောင် ကျသွားသည်အထိ အံ့အားသင့်မှုက ကြီးစိုးနေခဲ့ပါသည်။ သူ့ဆီကို စိုစို လာတယ်။

စိုစိုသည် ဖြူစင်အေးမြသည့် အပြုံးလှလှလေးတစ်ပွင့်ကို မျက်နှာပေါ်မှာ မချွတ်တမ်း တပ်ဆင်ထား၍ သူ့ကို ငေးစိုက်ကြည့်နေလေသည်။ ထင့်သည် ထိုင်နေရာကနေ ဆတ်ခနဲထလိုက်ကာ သူမကို ငေးကြည့်ကာ ...

"စိုစို ... ကိုယ့်ဆီ လာတယ်"





"ဩော် ... ဆရာ့ရဲ့ပရိသတ်ပါဆိုမှ ဆရာ့ရဲ့ promotion ပွဲကို ဘယ်လက်လွှတ်ခံနိုင်ပါ့မလဲ၊ အော်တိုထိုးပေးလေ"

"ကိုယ့်ကို ခွင့်လွှတ်နိုင်ပြီပေါ့နော်"

"အော်တိုသာ ထိုးပေးပါ စာရေးဆရာရဲ့"

ထင်သည် မပြုံးဖြစ်တာ ကြာပြီဖြစ်သော အပြုံးတစ်ခုကို ပြုံးပြရင်း ဆတ်ခနဲ ခေါင်းညိတ်ကာ ဘောပင်ယူ၍ စိုစို့လက်ထဲမှ ဝတ္ထုစာအုပ်လေးကိုလှန်ကာ ရှေ့ဆုံးစာမျက်နှာမှာ သေသပ်သော လက်ရေးဖြင့် ရေးပေးလိုက်ပါသည်။

"ချစ်ရပါသော စိုစို့အတွက်

ရနှောင်းထင်"

ထင် ရေးပေးသော စာသားကိုကြည့်ကာ စိုစိုသည် သူ့ကို အကြည်လင်ဆုံး မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ...

"စာရေးဆရာနော် ... လူကိုများ ပိုင်စိုးပိုင်နင်းနဲ့ ဘာထင်နေလဲ"

"ကိုယ့်ချစ်သူလေးလို့ ထင်တာပေါ့ စိုစိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်သည် ဘယ်ကနေဘယ်လို ထွက်လာသည့်အားတွေမှန်းမသိတော့။ စိုစိုရဲ့လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ကာ သူတို့ကို ကြည့်နေသော ပရိသတ်ကြီးဘက်သို့လှည့်၍ အစစ်မှန်ဆုံးသော စကားကို ကြေညာလိုက်ပါသည်။

“ပရိသတ်ကြီးခင်ဗျား ... ဒါကတော့ ကျွန်တော့်ဘဝရဲ့လက်တွဲဖော် သစ်ရွက်စိုစိုလို့ ခေါ်ပါတယ်ခင်ဗျာ။ ကျွန်တော် သူ့ကို သိပ်ချစ်ပါတယ်၊ ကျွန်တော့်ဘဝမှာ အချစ်ဝတ္ထုတွေ ရေးနေရတာကို အသက်လောက် မြတ်နိုးသလို ကျွန်တော်ချစ်တဲ့ ကောင်မလေးကိုလည်း ထပ်တူချစ်ပါတယ် ...

ကျွန်တော့်ရဲ့အချစ်ကို ပရိသတ်ကြီး နားလည်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျား”

သူက ခေါင်းညွတ်ကာ စကားကို အဆုံးသတ်လိုက်တာနှင့် သူ့ပရိသတ်ရဲ့ လက်ခုပ်သြဘာသံတို့က စည်းခနဲ ပေါ်ထွက်လာခဲ့တော့သည်။ စိုစိုကတော့ ပန်းနုရောင်သမ်း မျက်နှာလေးနှင့် ရှက်နေရှာပါသည်။





ချစ်သူ့ဆီက အချစ်တစ်ခုကို ပိုင်ဆိုင်ရရှိပြီးနောက်မှာတော့ သူဟာ ဘဝမှာ ကံအကောင်းဆုံး လူသားတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လိုက်ပါသည်။

“ကိုယ် စိုစိုကို ချစ်တယ်၊ စိုစိုကောဟင်”

ခပ်တိုးတိုး သူ့မေးခွန်းလေးအတွက် စိုစိုဟာ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်ပါသည်။ အိုခေ ... အားလုံးလုံလောက်သွားပါပြီ။ သူ့ရဲ့ဒုတိယအသက်ဖြစ်သော နတ်သမီးရဲ့လက်ကလေးကိုလည်း တရားဝင် ကိုင်ခွင့်ရသလို သူချစ်တဲ့ ပရိသတ်တွေကို ပိုင်ဆိုင်ထားရပါပြီ။

အဲဒီနောက်ပိုင်းမှာ ရေးဖြစ်မယ့် သူ့ရဲ့အချစ်ဝတ္ထုတွေဟာ ပိုပြီး နုအိစ်လတ်ဆတ်လာပါလိမ့်မည်။ ဖူးစာမှန်လို့ ပေါင်းဆုံရတဲ့ သူတို့ရဲ့ချစ်ခြင်းတရားကို ဗီးနပ်(စ်)လည်း ကောင်းချီးပေးနေမှာ သိပ်သေချာလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

မယ်မင်းဘုံ

28th October 2009.

1:00 A.M

www.burmeseclassic.com